# ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် ဖေဖော်ဝါရီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**အကုသိုလ်မဖြစ်အောင်စောင့်စည်းခြင်းသည် ကောင်း၏**

မျက်စိဖြင့် (အကုသိုလ်မဖြစ်အောင်) စောင့်စည်းခြင်းသည် ကောင်း၏၊ နားဖြင့် စောင့်စည်းခြင်းသည် ကောင်း၏၊ နှာခေါင်းဖြင့် စောင့်စည်းခြင်းသည် ကောင်း၏၊ လျှာဖြင့် စောင့်စည်းခြင်းသည် ကောင်း၏။

ဘိက္ခုဝဂ်(ဓမ္မပဒ -၃၆၀)


၁၃၈၆ ခုနှစ်၊ ပြာသိုလဆန်း ၃ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 1 January 2025 ၁၁၆၈၉


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် ကျရောက်သော နှစ်သစ်ကူးအခါသမယတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြောကြားသည့် နှစ်သစ်ကူးနှုတ်ခွန်းဆက်စကား

## ၂၀၂၅ ခုနှစ်မှာ ပြည်သူများရဲ့အောင်ပွဲအဖြစ် နိုင်ငံသားအားလုံးလိုလားတဲ့ ဒီမိုကရေစီပန်းတိုင်ဆီ အရောက်လှမ်းပြီး သက်သေပြကြဖို့လည်း တိုက်တွန်းပြောကြားလို

ဒီနေ့ကျရောက်တဲ့ ၂၀၂၅ ခုနှစ်ရဲ့ နှစ်သစ်ကူးအခါသမယမှာ မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြပါသော မိဘပြည်သူ ညီအစ်ကိုမောင်နှမများအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းတို့နှင့်တကွ ကောင်းကျိုးလိုအင်ဆန္ဒများ ပြည့်ဝကြပါစေလို့ ဦးစွာဆုတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်တို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ နိုင်ငံတော်ရဲ့တာဝန်အရပ်ရပ်ကို စတင်ထမ်းဆောင်ကတည်းက နိုင်ငံတော်ရဲ့ ရှေ့ဆက်လျှောက်လှမ်းရမယ့် လမ်းကြောင်းကို မျှော်မှန်းပြီး ရည်မှန်းချက်များ၊ ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များ ချမှတ်ခဲ့ပါတယ်။ ကျွန်တော်တို့ ခိုင်ခိုင်မာမာနဲ့ ကြိုးစားလျှောက်လှမ်းခဲ့ကြလို့ သိသာထင်ရှားတဲ့ ရည်မှန်းချက်ပန်းတိုင်တွေကိုလည်း တွေ့မြင်နေရပြီ ဖြစ်ပါတယ်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ❂




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နှစ်သစ်ကူးနှုတ်ခွန်းဆက်စကားပြောကြားစဉ်။

"ရှေ့ဆက်လျှောက်လှမ်းရမယ့် ခရီးမှာ စိန်ခေါ်မှုတွေ၊ အကျပ်အတည်း၊ အခက်အခဲတွေကို ရင်ဆိုင်တွေ့နိုင်ရပေမယ့် ကျွန်တော်တို့အားလုံးရဲ့ စုစည်းညီညွတ်တဲ့ ပူးပေါင်းစွမ်းအားနဲ့ ကျော်ဖြတ်နိုင်မယ်လို့ ယုံကြည်ပါတယ်"


ယနေ့ ဖတ်စရာ

ရှေ့ပြေးလူဦးရေစာရင်းအဖြစ် ၂၀၂၄ ခုနှစ်တွင် မြန်မာနိုင်ငံ၏ခန့်မှန်းလူဦးရေ ၅၁ ဒသမ ၃ သန်းကျော်ရှိကြောင်း ထုတ်ပြန် — စာမျက်နှာ » ၉

လွတ်လပ်ရေးရပြီး ၇၇ နှစ် ခရီး .... — ဆောင်းပါး စာမျက်နှာ » ၁၀

သက်လုံလှလှ နေ့ရက်များကို စိန်စီကြပါစို့ — ဆောင်းပါး စာမျက်နှာ » ၁၉

၂၀၂၄ ခုနှစ်အတွင်း ကမ္ဘာတစ်လွှား ထူးထူးခြားခြားဖြစ်စဉ်များ — စာမျက်နှာ » ၁၂

ကြေးမုံ

# ပြည်ထောင်စုကြီးသာယာဝပြောရေး ကောင်းကျိုးများ နှစ်သစ်တွင်ဖော်ဆောင်

ယနေ့သည် ၂၀၂၄ ခုနှစ် နှစ်ဟောင်းကုန်ဆုံးပြီး ၂၀၂၅ ခုနှစ် နှစ်သစ်သို့ ကူးပြောင်းရောက်ရှိသည့် မင်္ဂလာရှိသောအခါသမယဖြစ်သည်။ နှစ်ဟောင်းတွင် ကြုံတွေ့ခဲ့ရသည့်စိန်ခေါ်မှုများ၊ အခက်အခဲများကို ကျော်လွှားလွန်မြောက်၍ နှစ်သစ်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဝပြောပြီး ကောင်းကျိုးရလဒ်များကို ဆောင်ကြဉ်းနိုင်အောင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများအားလုံးက စည်းလုံးညီညွတ်စွာဖြင့် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများသည် တစ်ဦးနှင့်တစ်ဦး ဓလေ့ထုံးစံများ မတူကွဲပြားခြားနားကြသော်လည်း တိုင်းရင်းသားမျိုးနွယ်စုများအားလုံး မိသားစုစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ကို မွေးမြူပြီး တစ်ဦးအပေါ်တစ်ဦး တန်ဖိုးထားလေးစား၍ အတူတကွ ရပ်တည်နေထိုင်ခဲ့ကြသည်။ မွေးဖွားရာဇာတိ၊ နေထိုင်ရာဒေသနှင့် ပြောဆိုသုံးနှုန်းသော ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ ကိုးကွယ်ယုံကြည်မှု၊ ဓလေ့ထုံးတမ်းများ မည်သို့ပင် ကွဲပြားခြားနားကြစေကာမူ တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်ပြီး ပြည်ထောင်စုကြီးအတွင်း ညီရင်းအစ်ကိုမောင်နှမများကဲ့သို့ စုပေါင်းနေထိုင်ခဲ့ကြသည်။

မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံးတို့သည် မိမိတို့၏ ကောင်းမြတ်သောအစဉ်အလာများကို အစဉ်အမြဲ ထိန်းသိမ်းစောင့်ရှောက်ပြီး အားလုံးအတူတကွ ဥမကွဲသိုက်မပျက် တွဲလက်များ ညီညာနေပါက ပြည်ထောင်စုကြီးတည်တံ့ခိုင်မြဲမှုနှင့် စည်းလုံးညီညွတ်မှုသည် အစဉ်ထာဝရ တည်တံ့ခိုင်မြဲနေမည်ဖြစ်သည်။ မြန်မာနိုင်ငံသည် လွတ်လပ်ရေးရပြီး နောက်ပိုင်း၌ ကိုလိုနီနယ်ချဲ့တို့၏ သွေးခွဲအုပ်ချုပ်ခဲ့မှုကြောင့် တိုင်းရင်းသားညီနောင်အချင်းချင်း အထင်အမြင်လွဲမှားကာ ယနေ့အချိန်အထိ လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပွားပြီး မတည်ငြိမ်၊ မအေးချမ်းဖြစ်နေသည်ကို သတိမူကြရမည်ဖြစ်သည်။

နိုင်ငံတော်အနေဖြင့် ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးလျက်ရှိပြီး နှစ်ဖက်ဆွေးနွေးမှုများမှရရှိလာသော သဘောထားမှတ်ချက်များကို နောင်လာမည့် လွှတ်တော်အစည်းအဝေးများတွင် ဆွေးနွေးအတည်ပြုနိုင်ရန် မှတ်တမ်းတင်ဆောင်ရွက်နိုင်ခဲ့သည်။ တွေ့ဆုံဆွေးနွေးမှုများအတွက် အစဉ်အမြဲဖိတ်ခေါ်ကြိုဆိုလျက်ရှိပြီး ငြိမ်းချမ်းရေးတံခါးကို အမြဲဖွင့်ထားသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့ကို အမျိုးသားရေးလုပ်ငန်းစဉ်အဖြစ် ချမှတ်ဖော်ဆောင်လျက်ရှိသည်။ တိုင်းပြည်သာယာဝပြောရေးဆိုသည်မှာ ပြည်သူပြည်သားအားလုံး တရားဥပဒေစိုးမိုးမှုအောက်တွင် အေးချမ်းသာယာစွာဖြင့် နေထိုင်နိုင်ခြင်း၊ ပညာသင်ကြားနိုင်ခြင်း၊ အလုပ်အကိုင်များ လုပ်ကိုင်ဆောင်ရွက်နိုင်ခြင်းတို့ဖြစ်သည်။

နိုင်ငံတော်အစိုးရ တာဝန်ယူဆောင်ရွက်ချိန်တွင် သယံဇာတများ ထုတ်လုပ်မှုကို တတ်နိုင်သမျှထိန်းသိမ်းပြီး ပြည်ပသို့တင်ပို့ခြင်းမပြုလုပ်ဘဲ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့် ထွက်ကုန်များကိုသာ တင်ပို့ခဲ့သည်။ စီးပွားရေးကောင်းမွန်မှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုပြုလုပ်နိုင်မည်ဖြစ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ တိုင်းရင်းသားပြည်သူအားလုံးကလည်း စားရေရိက္ခာဖူလုံရေးအတွက် ပြည်တွင်းကုန်ထုတ်လုပ်မှု မြှင့်တင်ဆောင်ရွက်ရေးတွင် အထူးကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ နိုင်ငံ့စီးပွားရေးတိုးတက်မြင့်မားလာမည်ဆိုပါက ပြည်သူတို့၏ လူမှုစီးပွားဘဝများလည်း တိုးတက်လာမည်ဖြစ်သကဲ့သို့ နိုင်ငံတော်၏ စီးပွားရေးမူဝါဒ မျှော်မှန်းချက်များနှင့်အညီ တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား ညီမျှစွာ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

ယနေ့နိုင်ငံတော်တွင် လိုအပ်လျက်ရှိသည့် တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားပြည်သူများအားလုံးတို့က ဝိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်သည်။ မိမိတို့နေထိုင်ရာဒေသများအတွင်း တည်ငြိမ်အေးချမ်းမှသာ တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို တစ်ပြေးညီဆောင်ရွက်နိုင်မည်ဖြစ်သည်။ ကုန်လွန်ခဲ့သောနှစ်များအတွင်းက တိုင်းပြည်အတွက် အကျိုးရလဒ်ဆုတ်ယုတ်မှုများကို သင်ခန်းစာယူ၍ မိမိတို့ အနာဂတ်တိုးတက်အောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ပြည်ထောင်စုကြီး တည်ငြိမ်အေးချမ်းသာယာဝပြောရေးကို တိုင်းရင်းသားပြည်သူများအချင်းချင်း ဝိုင်းဝန်းပူးပေါင်း လက်တွဲဆောင်ရွက်ပြီး တိုင်းရင်းသားပြည်သူများအားလုံး၏ စည်းလုံးညီညွတ်မှုဖြင့် ပြည်ထောင်စုကြီး အေးချမ်းသာယာဝပြောရေးကို ဖော်ဆောင်ကြကာ တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုရလဒ်ကောင်းများကို ယခုနှစ်သစ်မှစတင်၍ ပိုမိုရရှိလာအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် လေးစားစွာ မေတ္တာရပ်ခံ တိုက်တွန်းအပ်ပါကြောင်း။ ။




## ၂၀၂၅ ခုနှစ်၊ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်(၅)ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် လက်နက်ကိုင်ပဋိပက္ခများနှင့် သဘောထားကွဲလွဲမှုများကို ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်ရေး။

၂။ နိုင်ငံသူ၊ နိုင်ငံသားအားလုံးတို့က စည်းလုံးညီညွတ်စွာဖြင့် ပြည်ထောင်စုစိတ်ဓာတ် အရင်းခံကာ နိုင်ငံတော်ကို ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ထိန်းသိမ်းရေး။

၃။ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနစ်ဖြစ်ပေါ်လာစေရေးအတွက် တရားမျှတသော၊ သိက္ခာရှိသော၊ နည်းလမ်းကျနမှန်ကန်မှုရှိသော အထွေထွေရွေးကောက်ပွဲ ပြန်လည်ကျင်းပနိုင်ရေး။

၄။ ပြည်ထောင်စုကြီးတစ်ခုလုံး ဘက်စုံထောင့်စုံ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ပြည်သူလူထုတစ်ရပ်လုံး၏ “စုပေါင်းအား”ဖြင့် ဆောင်ရွက်ရေး။

၅။ “ရှေ့သို့ချီမည် ပန်းတိုင်ဆီ” ဆိုသည့်ဆောင်ပုဒ်အတိုင်း နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေး၊ အမျိုးသားရေး စရိုက်လက္ခဏာနှင့် အမျိုးသားစိတ်ဓာတ်မြှင့်တင် ရေးတို့အတွက် ခိုင်မာသည့် ဇွဲ၊ လုံ့လ၊ ဝီရိယထားပြီး စည်းလုံးညီညွတ်စွာဖြင့် ကြိုးပမ်းဖော်ဆောင်ရေး။

## အသိပေးနှိုးဆော်ချက်

(၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ၂-၁-၂၀၂၅ ရက်နေ့တွင် အစမ်းလေ့ကျင့်ခြင်း၊ ၄-၁-၂၀၂၅ ရက်နေ့ ၀၄:၂၀ အချိန်တွင် အလံတင်အခမ်းအနားနှင့် ၀၇:၀၀ အချိန်တွင် နိုင်ငံတော်အလံအလေးပြုပွဲနှင့် လွတ်လပ်ရေးနေ့သဝဏ်လွှာဖတ်ကြားခြင်းအခမ်းအနားအား ပြည်သူ့ရင်ပြင်၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ရာ အခမ်းအနားကျင်းပစဉ်အချိန်မှ ပြီးစီးသည့်အချိန်အထိ ပြည်လမ်းကို ခေတ္တပိတ်ထားမည်ဖြစ်သဖြင့် ပြည်လမ်းအတိုင်း မြောက်မှတောင်သို့ မောင်းနှင်လာသောယာဉ်များသည် မြေနီကုန်းတံတားအောက်မီးပွိုင့်တွင် ညာဘက်သို့ချိုးကွေ့၍ အောက်ကြည့်မြင်တိုင်လမ်းသို့လည်းကောင်း၊ ပြည်လမ်းအတိုင်း တောင်မှမြောက်သို့ မောင်းနှင်လာသောယာဉ်များသည် ပြည်ထောင်စုရိပ်သာလမ်းသို့ချိုးကွေ့၍ ခရေပင်လမ်း၊ အလုံလမ်းမှ တစ်ဆင့် အောက်ကြည့်မြင်တိုင်လမ်းသို့လည်းကောင်း ဆက်လက်မောင်းနှင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးဝင်းနိုင် | အကြီးတန်း သတင်းထောက်များ | - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ |
| ခေတ္တ စာတည်းမှူး | - ဦးအေဝမ်းစိုး | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| စာတည်းများ | - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ | သုတေသန | - ဒေါ်ဇင်မာဝင့် |
| | | စာပြင် | - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| ဘာသာပြန် စာတည်းများ | - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



ပုဂံရှုခင်း ဓာတ်ပုံ - ကျော်မျိုးသီဟ(ပြန်/ဆက်)

**ဒီမိုကရေစီယဉ်ကျေးမှုဆိုတာ လူတစ်ဦးချင်း (သို့မဟုတ်) အဖွဲ့လိုက်ရဲ့ လိုအင်ဆန္ဒတွေကို ပဋိပက္ခလုပ်မှု၊ အကြမ်းဖက်ဖော်ဆောင်မှုတွေက ရှောင်ရှားပြီး ငြိမ်းချမ်းတဲ့နည်းနဲ့ ဖော်ဆောင်ခြင်းဖြစ်တယ်ဆိုတာကို အမြဲနှလုံးသွင်း ဆောင်ရွက်ကြဖို့လိုပါတယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၁၅-၁၀-၂၀၂၄ ရက်၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ချုပ်ဆိုခြင်း (၉)နှစ်မြောက် နှစ်ပတ်လည်နေ့တွင် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

✪ ရှေ့ဖုံးမှ

ကျွန်တော်တို့ ပြည်သူများက တက်တက်ကြွကြွနဲ့ ဝိုင်းဝန်းကူညီပေးခဲ့တဲ့အတွက်ပဲ ဖြစ်ပါတယ်။ ရှေ့ဆက် လျှောက်လှမ်းရမယ့်ခရီးမှာ စိန်ခေါ်မှုတွေ၊ အကျပ်အတည်း၊ အခက်အခဲတွေကို ရင်ဆိုင်တွေ့နိုင်ရပေမယ့် ကျွန်တော်တို့အားလုံးရဲ့ စုစည်းညီညွတ်တဲ့ ပူးပေါင်းစွမ်းအားနဲ့ ကျော်ဖြတ်နိုင်မယ်လို့ ယုံကြည်ပါတယ်။

ကျွန်တော်တို့ နိုင်ငံသားများရဲ့ ကောင်းကျိုးကို မလိုလားသူတွေအနေနဲ့ ၂၀၂၄ ခုနှစ်အတွင်း မြို့ရွာများလုံခြုံရေးနဲ့ စီးပွားရေးဆိုင်ရာ နယ်ပယ်အသီးသီး ကို အဓိကပစ်မှတ်ထားပြီး နှောင့်ယှက်ဖျက်ဆီးခဲ့ကြပါတယ်။ ကိုယ်နေထိုင်ရာ ကိုယ့်ရဲ့ဒေသနဲ့ လူမျိုးကို ထိခိုက်ပျက်စီးစေတဲ့ အသိဉာဏ်မဲ့တဲ့သူများရဲ့ လုပ်ရပ်များပဲဖြစ်ပါတယ်။ လူမျိုးရေး၊ တန်းတူညီမျှရေး၊ ဒီမိုကရေစီရေးဆိုတဲ့ ကောင်းမွန်မြင့်မြတ်တဲ့ အကြောင်းအရာများကို အကြမ်းဖက်လုပ်ရပ်များအပေါ် ခေါင်းစဉ်တပ်ပြီး ကိုယ့်လူမျိုး၊ ကိုယ့်ဒေသကို အောက်ကျနောက်ကျ လုပ်နေတာပဲ ဖြစ်ပါတယ်။ ဒီလုပ်ရပ်တွေကို ကျွန်တော်တို့ ကာကွယ်တားဆီးကြဖို့၊ ရပ်တန့်အောင် ကြိုးစားကြဖို့ လိုအပ်ပါတယ်။

ကျွန်တော်တို့အနေနဲ့ ၂၀၂၄ ခုနှစ်အတွင်းမှာ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို အောင်မြင်စွာကောက်ယူနိုင်ခဲ့ပါတယ်။ ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော်ကြီးကိုလည်း အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီး နိုင်ငံတော်ရဲ့ အားကစားအဆင့်အတန်း မြင့်မားအောင် အုတ်မြစ်ချနိုင်ခဲ့ပါတယ်။

တိုင်းပြည်ကိုလည်း အတိုင်းအတာ တစ်ခုအထိ တိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့ကြပါတယ်။ ဒီလိုဆောင်ရွက်နိုင်မှုဟာ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးအတွက် နိုင်ငံတော်ကာကွယ်ရေး၊ ပြည်ထောင်စုမပြိုကွဲရေး၊ တရားဥပဒေစိုးမိုးရေး၊ ဒီမိုကရေစီစနစ် ခိုင်မြဲစေရေးအတွက် စွန့်လွှတ်စွန့်စားစွာ ဆောင်ရွက်နေကြသူများ ရှိနေကြလို့ပဲဖြစ်ပါတယ်။ နိုင်ငံတော်အတွက် အသက်၊ ခန္ဓာ စွန့်လွှတ်ခဲ့ကြတဲ့ သူရဲကောင်း တပ်မတော်

> **“နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးအတွက် နိုင်ငံတော်ကာကွယ်ရေး၊ ပြည်ထောင်စုမပြိုကွဲရေး၊ တရားဥပဒေစိုးမိုးရေး၊ ဒီမိုကရေစီစနစ် ခိုင်မြဲစေရေးအတွက် စွန့်လွှတ်စွန့်စားစွာ ဆောင်ရွက်နေကြသူများ ရှိနေကြလို့ပဲဖြစ်ပါတယ်။ နိုင်ငံတော်အတွက် အသက်၊ ခန္ဓာစွန့်လွှတ်ခဲ့ကြတဲ့ သူရဲကောင်းတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းများ၊ နိုင်ငံ့ဝန်ထမ်းများနှင့် နိုင်ငံသူ နိုင်ငံသားများအားလုံးကို ကျွန်တော် အလေးအနက်ဂုဏ်ပြုပါကြောင်း ပြောလိုပါတယ်”**

သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းများ၊ နိုင်ငံ့ဝန်ထမ်းများနှင့် နိုင်ငံသူ နိုင်ငံသားများ အားလုံးကို ကျွန်တော် အလေးအနက်ဂုဏ်ပြုပါကြောင်း ပြောလိုပါတယ်။ ဒါတွေဟာ သမိုင်းမှတ်တမ်းတွေအဖြစ် ကျန်ရစ်ခဲ့မှာဖြစ်သလို ကျွန်တော်တို့အားလုံးရဲ့ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်နေမှုနဲ့ စည်းလုံးညီညွတ်မှုတို့ကို ဖော်ထုတ်ပြသနိုင်ခြင်းလည်းဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ လက်နက်ကိုင်ပဋိပက္ခဟာ စိန်ခေါ်မှုတစ်ရပ်အနေနဲ့ ရှိနေပါသေးတယ်။ ကျွန်တော့်အနေနဲ့ နိုင်ငံတော်အကျိုးအတွက်၊ ပြည်သူတို့ရဲ့အကျိုးအတွက် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းပြီး တည်ငြိမ်အေးချမ်းတဲ့ ပတ်ဝန်းကျင်ကောင်းကို ဖော်ဆောင်လိုတဲ့ ရည်ရွယ်ချက်သာရှိပါတယ်။ ဒါကိုပြည်သူအားလုံး လိုလားတဲ့ နိုင်ငံရေးနည်း၊ တွေ့ဆုံဆွေးနွေးခြင်း နည်းများနဲ့သာ ဖြေရှင်းကြရမှာ၊ ဖော်ဆောင်ကြရမှာ ဖြစ်ပါတယ်။ ဒီလိုနည်းလမ်းများကသာ တည်ငြိမ်အေးချမ်းမှုကို ဖော်ဆောင်နိုင်ပြီး စီးပွားရေးနဲ့လူမှုရေးအခြေအနေများ တိုးတက် ကောင်းမွန်လာနိုင်မှာ ဖြစ်ပါတယ်။ ဒါပေမဲ့ လက်နက်ကိုင်အဖွဲ့ခေါင်းဆောင်များအနေနဲ့ ခေါင်းစဉ်အမျိုးမျိုးပြပြီး ဒီမိုကရေစီစနစ်ကို လိုလားတယ်လို့ ပြောနေပေမယ့် လက်တွေ့မှာတော့ ကိုယ်ကျိုးအတ္တကို အခြေခံတဲ့ လိုအင်ဆန္ဒသက်သက်နဲ့ လက်နက်ကိုင်ပဋိပက္ခကိုသာ ဖန်တီးနေကြတာကို တွေ့မြင်ရမှာဖြစ်ပါတယ်။ ထို့အတူပဲ အချို့သောတိုင်းရင်းသားခေါင်းဆောင်များဟာ ဖက်ဒရယ် အခွင့်အရေး၊ တိုင်းရင်းသား အခွင့်အရေးလို့ ပြောနေကြသော်လည်း ဒီမိုကရေစီရဲ့ သဘောသဘာဝကို မျက်ကွယ်ပြုပြီး ပြည်ထောင်စုပြိုကွဲအောင် ဦးတည်ဆောင်ရွက်နေကြတာကိုလည်း တွေ့နေရပါတယ်။ ဖြစ်ချင်တာ၊ ဖြစ်သင့်တာများ ချင့်ချိန်စဉ်းစားပြီး ဖြစ်နိုင်တာကို ပြည်ထောင်စုအကျိုးကို မျှော်ကိုးပြီး ဒီမိုကရေစီနည်းလမ်းတကျ ဆောင်ရွက်ဖို့ သင့်တယ်လို့ ပြောလိုပါတယ်။ ဒီလိုဘုံရည်မှန်းချက်နဲ့ လျှောက်လှမ်းကြတဲ့ လမ်းကြောင်း မတူညီတဲ့အတွက်လည်း ကျွန်တော်တို့နိုင်ငံမှာ လက်နက်ကိုင်ပဋိပက္ခတွေ မချုပ်ငြိမ်းနိုင်သေးတာလည်းဖြစ်ပါတယ်။ ဒါတွေကိုဖြေရှင်းနိုင်ဖို့ ကျွန်တော်တို့အားလုံး စိတ်ဓာတ်ခိုင်ခိုင်မာမာနဲ့ ဒီမိုကရေစီလမ်းကြောင်းအတိုင်း လျှောက်လှမ်းကြဖို့လိုပါတယ်။ ကျွန်တော်တို့ ပြည်သူများကလည်း လက်နက်ကိုင်အဖွဲ့များကို ဒီမိုကရေစီလမ်းကြောင်းပေါ်ရောက်အောင် တွန်းအားပေးကြဖို့ လိုအပ်ကြောင်းလည်း ပြောကြားလိုပါတယ်။

> **“ကျွန်တော်တို့နိုင်ငံမှာ လက်နက်ကိုင်ပဋိပက္ခတွေ မချုပ်ငြိမ်းနိုင်သေးတာလည်း ဖြစ်ပါတယ်။ ဒါတွေကို ဖြေရှင်းနိုင်ဖို့ ကျွန်တော်တို့အားလုံး စိတ်ဓာတ်ခိုင်ခိုင်မာမာနဲ့ ဒီမိုကရေစီလမ်းကြောင်းအတိုင်း လျှောက်လှမ်းကြဖို့လိုပါတယ်။ ကျွန်တော်တို့ ပြည်သူများကလည်း လက်နက်ကိုင်အဖွဲ့များကို ဒီမိုကရေစီလမ်းကြောင်းပေါ်ရောက်အောင် တွန်းအားပေးကြဖို့ လိုအပ်ကြောင်းလည်း ပြောကြားလိုပါတယ်”**

ဒီကမ္ဘာလောကကြီးမှာ တိုင်းပြည်နိုင်ငံတစ်ခုဖြစ်စေ၊ လူမျိုးတစ်မျိုးဖြစ်စေ ကောင်းစွာ ရှင်သန်ရပ်တည်နေနိုင်ဖို့ မိမိကိုယ်ကို ခုခံကာကွယ်နိုင်စွမ်းနဲ့ မိမိတို့ရဲ့ လုပ်ကိုင်နိုင်စွမ်းတွေကို မြှင့်တင်နေကြရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ဘဝရပ်တည်ရေးကို ကိုယ်စွမ်းကိုယ်စနဲ့ မထိန်းသိမ်းနိုင်ရင် နိုင်ငံရဲ့အချုပ်အခြာအာဏာအားနည်းပြီး သူတစ်ပါးလက်အောက်ခံဘဝကို ကျရောက်စေနိုင်တာကိုလည်း သတိချပ်စေလိုပါတယ်။ လွတ်လပ်တဲ့နိုင်ငံအဖြစ် တည်တံ့ခိုင်မြဲစေဖို့၊ သူတစ်ပါးလက်အောက်ခံမဖြစ်စေဖို့ ကျွန်တော်တို့ နိုင်ငံသူ နိုင်ငံသားအားလုံးက သွေးစည်းညီညွတ်ကြရပါမယ်။ နိုင်ငံတော်ကို ဘေးအန္တရာယ်ကျရောက်လာရင်လည်း နိုင်ငံတော်ကာကွယ်ရေးအတွက် အဓိကတာဝန်ရှိတဲ့တပ်မတော်နဲ့ ပြည်သူတို့ ခိုင်ခိုင်မြဲမြဲလက်တွဲပြီး တိုင်းချစ်ပြည်ချစ် စိတ်ဓာတ်၊ သူရသတ္တိအပြည့်အဝနဲ့ နိုင်ငံတော်အစွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် စည်းလုံးညီညွတ်စွာနဲ့ ကာကွယ်ပြီး နိုင်ငံတော်ကြီးကို ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ကိုင်ကြမယ်ဆိုတဲ့ စိတ်ဓာတ်တွေ မွေးကြရပါမယ်။

ကျွန်တော့်အနေနဲ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရဲ့ အဓိကရည်မှန်းချက်ဖြစ်တဲ့ လွတ်လပ်၍ တရားမျှတမှုအပြည့်ရှိတဲ့ ရွေးကောက်ပွဲကြီးကို အောင်မြင်စွာကျင်းပပေးနိုင်ဖို့ စီမံဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံတော်ကို ဒီမိုကရေစီ လမ်းကြောင်းမှန်ပေါ် ပြန်လည်ရောက်ရှိအောင် ဆောင်ရွက်ပေးမှာလည်း ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ပြည်သူများက ၂၀၂၄ ခုနှစ်မှာ ပြသနိုင်ခဲ့ကြတဲ့ တိုင်းချစ်ပြည်ချစ်စိတ်များ၊ မျိုးချစ်စိတ်များကို အခြေခံပြီး စည်းလုံးညီညွတ်စွာနဲ့ ရွေးကောက်ပွဲကြီး အောင်မြင်အောင် ဝိုင်းဝန်းဆောင်ရွက်ပေးကြဖို့ ပန်ကြားလိုပါတယ်။ ၂၀၂၅ ခုနှစ်မှာ ပြည်သူများရဲ့အောင်ပွဲအဖြစ် နိုင်ငံသားအားလုံး လိုလားတဲ့ ဒီမိုကရေစီပန်းတိုင်ဆီ အရောက်လှမ်းပြီး သက်သေပြကြဖို့လည်း တိုက်တွန်းပြောကြားလိုပါတယ်။

မြန်မာနိုင်ငံသား မိဘပြည်သူ ညီအစ်ကို မောင်နှမများအားလုံး တစ်ဦးပေါ်တစ်ဦး အပြန်အလှန်မေတ္တာထားပြီး နိုင်ငံနဲ့လူမျိုး ကောင်းကျိုးကို ဖော်ဆောင်နိုင်ကြသူများ ဖြစ်ပါစေကြောင်း နှစ်သစ်ကူး ဆုမွန်ကောင်းတောင်းအပ်ပါတယ်ခင်ဗျာ။

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မြို့မင်းကျောင်း ပထမပြန်စာသင်တိုက် ပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ ၏ ၂၀၂၅ ခုနှစ် နှစ်သစ်မင်္ဂလာ ဆုတောင်းလွှာ



ယနေ့သည် ၂၀၂၄ ခုနှစ်ဟုဆိုအပ်သော နှစ်ဟောင်းကုန်ပျောက်၍ ၂၀၂၅ ခုနှစ်ဟုဆိုအပ်သော ကမ္ဘာ့နှစ်သစ်သို့ စတင်ရောက်ရှိသည့် မင်္ဂလာရှိသော နေ့ထူးနေ့မြတ်ဖြစ်ပါသည်။ ယခုလိုမင်္ဂလာအပေါင်းနှင့်ခညောင်းပြည့်စုံသော ကမ္ဘာ့နှစ်သစ်မင်္ဂလာအချိန်အခါမှစ၍ မြန်မာနိုင်ငံသူ နိုင်ငံသားများနှင့် ကမ္ဘာသူ ကမ္ဘာသားအားလုံးကျရောက်ဆဲ,ကျရောက်လတ္တံ့ဖြစ်သော ဘေးဥပဒ်အန္တရာယ်ရန်စွယ်အပေါင်းမကောင်းဟူသမျှ ပြစ်ဒေါသတို့မှကင်းစင်ပကြလျက် မိမိတို့အလိုရှိအပ် တောင့်တအပ်သော အတတ်ပညာ၊ စည်းစိမ်ချမ်းသာ၊ ကျော်စောသတင်း၊ မိတ်ကောင်းဆွေကောင်းများရရှိနိုင်စေရန် –

**"ပညာရှိထံ၊ ရှိကျိုးနွံ၍၊ နည်းခံသင်မှ၊ ပညာရ၏၊ ထကြွဝီရိယ၊ ဥဋ္ဌာနဖြင့်၊ လုံ့လရှိမှ၊ ဥစ္စာရ၏၊ မခွဲနှုတ်လျှာ၊ မှန်ကန်စွာလျှင်၊ သစ္စာတည်မှ၊ ကျော်စောရ၏၊ ကိုယ်ကဥစ္စာ၊ စွန့်လွှတ်ကာလျှင်၊ မေတ္တာရှေး၍၊ ပေးကမ်းတတ်မှ၊ မိတ်ဆွေရ၏"** – ဟူသော

မဃဒေဝလင်္ကာသစ်၌ ဘုရားဟောပါဠိတော်နှင့်အညီ မိန့်ဆိုထားသည့်အတိုင်း ပညာရှိထံနည်းနာခံပြီး အတတ်ပညာကိုသင်ယူရန်၊ စည်းစိမ်ချမ်းသာဥစ္စာများ ရရှိစေနိုင်ရန် ထကြွလုံ့လဝီရိယနှင့်ကြိုးစားလုပ်ဆောင်ရန်၊ ကောင်းသတင်းနှင့်ပြည့်စုံရေးအတွက် စကားကိုမှန်ကန်စွာပြောဆို၍ သစ္စာတည်ရန်၊ မိတ်ကောင်းဆွေကောင်းများ ရရှိစေနိုင်ရန် သူတစ်ပါးအပေါ်မေတ္တာထား၍ ပေးကမ်းစွန့်ကြဲရန်လိုအပ်ကြောင်းသိရှိပြီး မိမိတို့ဘဝ၌ ပြည့်ပြည့်စုံစုံ ချမ်းချမ်းသာသာနေနိုင်ရေးအတွက် ဤကမ္ဘာ့နှစ်သစ်မင်္ဂလာ အချိန်အခါမှစ၍ ဆောင်ရွက်ကြရန်တိုက်တွန်းနှိုးဆော်လျက် မြန်မာနိုင်ငံနှင့် ကမ္ဘာသူ ကမ္ဘာသားအားလုံး ဘေးရန်ကင်းကွာ ကျန်းမာချမ်းသာစွာဖြင့် လိုရာဆန္ဒပြည့်ဝကြပါစေကြောင်း ဆုတောင်းပတ္ထနာပြုအပ်ပါသတည်း။ ။

# နန္ဒာအောင်မြေကျောင်း ဦးစီးပဓာန နာယက ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ ဒေါက်တာဘဒ္ဒန္တနိမလ (Ph.D Buddhism)၏ ၂၀၂၅ ခုနှစ် နှစ်သစ်မင်္ဂလာ ဆုတောင်းလွှာ



ယနေ့ဟာ တစ်ကမ္ဘာလုံး အများသုံးဖြစ်သည့် ခရစ်နှစ် ၂၀၂၅ ခုနှစ်၏ နှစ်သစ်မင်္ဂလာ အခါသမယနေ့ဖြစ်သည်။ ယခု ၂၀၂၅ ခုနှစ် နှစ်သစ်မင်္ဂလာ အခါသမယနေ့မှစ၍ မြန်မာနိုင်ငံရှိ ရဟန်းရှင်လူပြည်သူများ အပါအဝင် ကမ္ဘာသူ ကမ္ဘာသားအားလုံး ကျန်းမာချမ်းသာဘေးရန်ကွာ၍ ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံသည့် နှစ်သစ်ဖြစ်ပါစေ။

**ဗုဒ္ဓေါလောကေသမုပ္ပန္နော ဟိတာယ သဗ္ဗပါဏိနံ၊ ဧတေန သစ္စဝဇ္ဇေန သောတ္ထိ တေဟောတု သဗ္ဗဒါ –**

လောကတွင် အမြတ်ဆုံးဖြစ်သော ဘုရားမြတ်ရတနာသည် အားလုံးသော သတ္တဝါတို့၏ အကျိုးအစီးပွားအလို့ငှာ လောကတွင် ပွင့်ထွန်းပေါ်ပေါက်တော်မူလာပါပေ၏။ ဤစကားသည် မှန်ကန်ပါ၏၊ ဤမှန်ကန်သောသစ္စာစကားကြောင့် ကမ္ဘာသူ ကမ္ဘာသား၊ မြန်မာနိုင်ငံသူ မြန်မာနိုင်ငံသားများအားလုံး မေတ္တာပွား၍ သတ္တန္တရကပ်ဘေးမှ အခက်အခဲမရှိ အမြန်ဆုံးလွတ်မြောက်ကြပါစေကုန်သတည်း။

**ဓမ္မောလောကေသမုပ္ပန္နော သုခါယ သဗ္ဗပါဏိနံ၊ ဧတေန သစ္စဝဇ္ဇေန သောတ္ထိတေ ဟောတု သဗ္ဗဒါ –**

လောကတွင်အမြတ်ဆုံးဖြစ်သော တရားတော်မြတ်ရတနာသည် အားလုံးသော သတ္တဝါတို့၏ သုခချမ်းသာအလို့ငှာ လောကတွင် ပွင့်ထွန်းပေါ်ပေါက်တော်မူလာပါပေ၏။ ဤစကားသည် မှန်ကန်ပါ၏၊ ဤမှန်ကန်သောသစ္စာစကားကြောင့် ကမ္ဘာသူ ကမ္ဘာသား၊ မြန်မာနိုင်ငံသူ မြန်မာနိုင်ငံသားများအားလုံး အလောဘတည်းဟူသော တရားကိုပွား၍ ဒုဗ္ဘိက္ခန္တရကပ်ဘေးမှအခက်အခဲမရှိ အမြန်ဆုံးလွတ်မြောက်ကြပါစေကုန်သတည်း။

**သံဃောလောကေသမုပ္ပန္နော အနုတ္တရံပုညက္ခေတ္တံ၊ ဧတေန သစ္စဝဇ္ဇေန သောတ္ထိတေ ဟောတု သဗ္ဗဒါ–**

လောကတွင် အမြတ်ဆုံးဖြစ်သော သံဃာတော်မြတ်ရတနာသည် အားလုံးသော သတ္တဝါတို့၏ကောင်းမှုပြုရန် အမြတ်ဆုံးလယ်မြေအဖြစ် လောကတွင် ပွင့်ထွန်းပေါ်ပေါက်တော်မူလာပါပေ၏။ ဤစကားသည် မှန်ကန်ပါ၏၊ ဤမှန်ကန်သောသစ္စာစကားကြောင့် ကမ္ဘာသူ ကမ္ဘာသား၊ မြန်မာနိုင်ငံသူ မြန်မာနိုင်ငံသားများအားလုံး အမောဟတည်းဟူသော တရားကိုပွား၍ ရောဂန္တရကပ်ဘေးမှ အခက်အခဲမရှိ အမြန်ဆုံးလွတ်မြောက်ကြပါစေကုန်သတည်း။

ဧတေန သစ္စဝဇ္ဇေန – ဤသို့မှန်စွာဆိုရသော သစ္စာစကားကြောင့် ကမ္ဘာသူ ကမ္ဘာသား၊ မြန်မာနိုင်ငံသူ မြန်မာနိုင်ငံသားအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်း တစ်နေ့တခြား ဒီရေအလားကဲ့သို့ တိုးတက်ကြီးပွားငြိမ်းချမ်းသာယာကြပါစေကုန်သတည်းဟူ၍ နှစ်သစ်မင်္ဂလာဆုတောင်းပတ္ထနာပြုလိုက်ပါသည်။

# ဒေါက်တာ ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ (အောင်ဆန်းဆရာတော်)၏ ၂၀၂၅ ခုနှစ် နှစ်သစ်မင်္ဂလာ ဆုတောင်းလွှာ



ကမ္ဘာသုံးခရစ်နှစ် ၂၀၂၄ ခုနှစ်ကနေ ၂၀၂၅ ခုနှစ် နှစ်သစ်သို့ ကူးပြောင်းသွားတဲ့ နှစ်သစ်မင်္ဂလာအချိန်အခါပဲ ဖြစ်ပါတယ်။ နှစ်သစ်မင်္ဂလာအချိန်အခါမှာ မြန်မာနိုင်ငံသူ မြန်မာနိုင်ငံသားတွေ ကမ္ဘာသူ ကမ္ဘာသားအားလုံးသော ခုနှစ်ရက်သားသမီး သူတော်ကောင်းအပေါင်းတို့ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေ၊ စီးပွားဥစ္စာရတနာတွေလည်း တစ်နေ့တခြား ဒီရေအလားကဲ့သို့ တိုးတက်ကြီးပွားနိုင်ကြပါစေ။ သာသနာအကျိုး၊ ဘာသာအကျိုး၊ သတ္တဝါအကျိုး၊ တိုင်းကျိုးပြည်ကျိုး၊ ဆတက်ထမ်းပိုးဆောင်ရွက်နိုင်ကြတဲ့ ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်တွေ ဖြစ်ကြပြီး မကောင်းတဲ့စိတ်ကို ပယ်ဖျောက်ပြီး ကောင်းတဲ့စိတ်တွေ ရောက်၍ မကောင်းတာတွေဖျောက်ပြီး ကောင်းတာတွေ ရောက်ကြပါစေလို့ နှစ်သစ်မင်္ဂလာမှာ ရှေးဦးစွာ ဆုတောင်းမေတ္တာပို့ နှုတ်ခွန်းဆက်သလိုက်ပါတယ်။

မြတ်စွာဘုရားဟောကြားတော်မူတဲ့ လူသားတိုင်း လူသားတိုင်းမှာ သူတော်ကောင်းတရားခုနစ်ပါးနဲ့ ပြည့်စုံနိုင်ကြပါစေ။ သူတော်ကောင်းတရားခုနစ်ပါးကို လူမျိုးဘာသာမရွေးအားလုံး စောင့်ထိန်းရမှာ ဖြစ်ပါတယ်။ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ၊ ဟီရိ၊ ဩတ္တပ္ပဆိုတဲ့ သူတော်ကောင်းတရားခုနစ်ပါးကို မြန်မာနိုင်ငံသူ မြန်မာနိုင်ငံသားတွေ၊ ကမ္ဘာသူ ကမ္ဘာသားတွေ၊ ခုနစ်ရက်သားသမီးတွေအားလုံး၊ လူသားတိုင်း စိတ်မှာကိန်းပြီး ချမ်းသာခြင်းကို ရကြပါစေ။ နှစ်ဟောင်းက မကောင်းတာတွေ ပယ်ဖျောက်ပြီး နှစ်သစ်မှာ ကောင်းကျိုးချမ်းသာတွေ ရအောင် သူတော်ကောင်းတရားတွေကို ထိန်းသိမ်းစောင့်ရှောက်နိုင်ပါစေလို့ ဆန္ဒပြုဆုတောင်းမေတ္တာပို့ပါတယ်။

သဒ္ဓါဆိုတာက ယုံကြည်မှုပါပဲ။ လူသားတွေ ကိုယ်ယုံကြည်ရာကို ကိုယ်လုပ်ကြတယ်။ ဒီတော့ သတ္တဝါတိုင်းနဲ့ ဆိုင်တဲ့ကံဆိုတာရှိတယ်။ ကောင်းတာလုပ်ရင် ကောင်းတာဖြစ်မယ်၊ မကောင်းတာလုပ်ရင် မကောင်းတာဖြစ်မယ် ကာယကံပေါ့။ နှုတ်ကလည်း ကောင်းတာတွေပြောရင် ကောင်းတာတွေဖြစ်ကြမယ်၊ မကောင်းတာတွေပြောရင် မကောင်းတာတွေဖြစ်ကြမယ် ဝစီကံပေါ့။ စိတ်ကလည်း ကောင်းတာတွေကြံစည်ရင် ကောင်းတာတွေဖြစ်သလို မကောင်းတာတွေ ကြံစည်ရင် မကောင်းတဲ့ အကျိုးတွေဖြစ်ကြမယ်။ အဲဒါကြောင့် ကံနဲ့ကမ္မနိယာမသဘောတရားတွေအရ ဘုန်းကြီးတို့ အားလုံးကို ဆုတောင်းမေတ္တာပို့ပါတယ်။ မြန်မာနိုင်ငံသူ မြန်မာနိုင်ငံသား၊ ကမ္ဘာသူ ကမ္ဘာသားအားလုံး ခုနစ်ရက်သားသမီး သတ္တဝါတွေ ကောင်းတဲ့ကာယကံတွေနဲ့ ဆောင်ရွက်နိုင်ကြပါစေ၊ ကောင်းတဲ့ ဝစီကံနဲ့ ပြောဆိုနိုင်ကြပါစေ၊ ကောင်းတဲ့ မနောကံနဲ့ ကောင်းတဲ့အကြံအစည်တွေကို အမြဲတမ်းကြံစည်တွေးတောနိုင်ကြပါစေ၊ ကောင်းတဲ့မနောကံနဲ့ ကြံကြမယ် ကောင်းတဲ့ ဝစီကံနဲ့ပြောကြမယ်၊ ကောင်းတဲ့ကာယကံနဲ့ လုပ်ကြမယ်ဆိုရင် လောကကြီးတစ်ခုလုံးက ဘယ်တော့မှ ဆိုးကျိုးတွေမဖြစ်နိုင်ပါဘူး။ ကောင်းကျိုးတွေသာလျှင် ရရှိမှာဖြစ်ပါတယ်။

ထို့အတူပဲ ကံနဲ့အကျိုးပေးဆိုတာ သတ္တဝါတွေကို ဘယ်သူမှ ကယ်လို့မရဘူး။ မိုးလင်းကနေ မိုးချုပ်အထိ ကိုယ့်မနောကံကို ပြန်စစ်ကြည့်စမ်းပါ၊ ကာယကံ၊ ဝစီကံ၊ မနောကံနဲ့ ပတ်သက်တဲ့ကံတွေမှာ မိမိရဲ့စိတ်ကဘယ်လောက်အထိ ကောင်းတာတွေကြံတယ်၊ တွေးတယ်၊ နှလုံးသွင်းတယ်ဆိုတာ မိမိကိုယ်အသိဆုံး မကောင်းတာတွေကို ကြံမယ်၊ တွေးမယ် နှလုံးသွင်းနေရင် မကောင်းတာတွေပဲရမယ်။ မကောင်းတဲ့အကျိုးဆိုတာ ဘယ်တော့မှ ချမ်းသာမှုမရဘူး။ နှစ်ဟောင်းတွေကုန်ပြီး နှစ်သစ်ကို ကူးပြောင်းတဲ့အခါမှာ မြန်မာနိုင်ငံသူ မြန်မာနိုင်ငံသားနဲ့တကွ ကမ္ဘာသူ ကမ္ဘာသားအပေါင်းတို့ မကောင်းတဲ့အရာမှန်သမျှ မကြံဖြစ်ကြပါစေနဲ့၊ မပြောဖြစ်ကြပါစေနဲ့၊ မလုပ်ဖြစ်ကြပါစေနဲ့လို့ ဆုတောင်းမေတ္တာပို့ပါတယ်။

သတ္တဝါတိုင်း သတ္တဝါတိုင်း လူ့ဘဝရဲ့တန်ကြေးက သည်းခံခြင်းနဲ့ ခွင့်လွှတ်ခြင်း ဖြစ်ပါတယ်။ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ပညာ၊ ဟီရိ၊ဩတ္တပ္ပသူတော်ကောင်းတရားခုနစ်ပါးနဲ့ ပြည့်စုံပြီး အစစအရာရာ သည်းခံခြင်း၊ ခွင့်လွှတ်ခြင်းနှင့် အမြဲတမ်းနှလုံးသွင်းဆောင်ရွက်ကြမယ်ဆိုရင် ကိုယ့်ဘဝလည်း လူဖြစ်ရကျိုးနပ်ပြီး သံသရာမှာ အပါယ်တံခါးပိတ် သုဂတိနိဗ္ဗာန်ထိအောင် ကောင်းကျိုးချမ်းသာရနိုင်တယ်ဆိုတာ ဗုဒ္ဓရဲ့လမ်းစဉ်အတိုင်း အားလုံးဆောင်ရွက်မယ်ဆိုရင် လူချမ်းသာ၊ နတ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာတိုင်အောင် ကောင်းကျိုးချမ်းသာရနိုင်ပါတယ်ဆိုတာ အားလုံးယုံကြည်ကျင့်သုံးကြဖို့ တိုက်တွန်းရင် နှစ်ဟောင်းကုန်ပျောက် နှစ်သစ်ရောက်တဲ့အခါမှာ လောကီ၊ လောကုတ္တရာနှစ်ဖြာသော ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေ၊ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်အပါယ်လေးဘုံက ကင်းလွတ်ပြီး လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာထက်ကင်းလွတ်သောနိဗ္ဗာန်ဆိုတဲ့ သန္တိသုခ၊ သဒ္ဓါ၊ ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏ၊ ဒုက္ခကင်းကင်းနဲ့ နိဗ္ဗာန်တိုင်အောင် ကောင်းကျိုးချမ်းသာကို ရရှိခံစားနိုင်ပါစေလို့ နှစ်ဟောင်းကုန်ပျောက် နှစ်သစ်ကူးတဲ့အခါမှာ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

# နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု သီတဂူဆရာတော် အရှင်ဉာဏိဿရ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များနှင့် သီတဂူဆေးရုံတော်များ၏အဓိပတိ သီတဂူဆရာတော်ကြီး၏ နှစ်သစ်ကူးဩဝါဒကထာ

မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးက ကမ္ဘာလောကကြီးကို တစ်နေ့သုံးကြိမ် ကြည့်တော်မူတယ်။ ဘာကြောင့်ကြည့်သလဲဆိုရင် မြတ်စွာဘုရား၏ကျင့်စဉ်ကြီးသုံးရပ်ထဲမှာ ဗုဒ္ဓတ္ထစရိယ – ဘုရားဖြစ်အောင်ကျင့်ခြင်း၊ ဉာတတ္ထစရိယ – မိမိရဲ့ မိဘက်ဖဘက်၊ နှစ်ဖက်ကဆွေမျိုးတွေ ချမ်းသာအောင်ကျင့်ခြင်း၊ ဆွေမတော်မျိုးမတော်သော ပုဂ္ဂိုလ်တွေ ဘဝသံသရာတစ်လျှောက်လုံးမှာတော့ တော်ခဲ့ဖူးကြမှာပါ။ လောကတ္ထစရိယ – တစ်လောကလုံးရဲ့ အကျိုးစီးပွားအတွက် ကျင့်တော်မူခြင်းဆိုတဲ့ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ရဲ့ ရည်ရွယ်ချက်ကြီးသုံးပါးပေါ့။ ယနေ့ဆိုရင် "စရိယသုံးပါး"၊ "ကျင့်စဉ်ကြီးသုံးရပ်"ဆိုတာ ရှိပါတယ်။

အဲဒီကျင့်စဉ်ကြီးသုံးရပ်ထဲမှာ လောကတ္ထစရိယ– တစ်လောကလုံးရဲ့အကျိုးစီးပွားကို ကျင့်တော်မူသော မြတ်စွာဘုရားက မိမိကျင့်ဆောင်ပေးမယ့် အကျိုးဖြစ်အောင် ကျင့်ဆောင်ပေးမယ့်ကောင်းကျိုးဖြစ်အောင်ကျင့်ဆောင်ပေးမယ့် သတ္တလောကကြီးဟာ ဒီကနေ့ဘာဖြစ်နေလဲဆိုတာကို နေ့သုံးကြိမ်၊ ညသုံးကြိမ် မြတ်စွာဘုရားက ကြည့်တော်မူတယ်။

"သတ္တာ အတ္တနော သာဝကေ ရတ္တိံယာ တယော ဝါရေ၊ ဒိဝသဿ တယော ဝါရေတိ ရတ္တိန္ဒိဝံ ဆ ဝါရေ ဩလောကေန္တော ....”လို့အဋ္ဌကထာများကဆိုတယ်။ မြတ်စွာဘုရားက နေ့သုံးကြိမ်၊ ညဥ့်သုံးကြိမ် နေ့တိုင်းနေ့တိုင်း ခြောက်ကြိမ်သတ္တလောကကြီးကို ကြည့်တော်မူတယ်။ ဘယ်လိုကြည့်သလဲလို့ဆိုတော့ ကရုဏာသမာပတ်ဝင်စားပြီးတော့ ကြည့်တယ်။ ဈာန်သမာပတ်မဟုတ်ဘူး၊ ရူပါဝစရ အရူပါဝစရ သမာပတ်မဟုတ်ဘူး။ ကရုဏာသမာပတ်၊'ကရုဏာ' ဆိုတာက ဒုက္ခဖြစ်နေတဲ့သတ္တဝါတွေရဲ့ ဒုက္ခကို ပယ်ဖျောက်ပေးလိုသော စိတ်ထား။ ဒီကနေ့ ကမ္ဘာလောကကြီးမှာဖြစ်နေတာ၊ နိုင်ငံတော်မှာဖြစ်နေတာက တစ်ယောက်ဒုက္ခကို တစ်ယောက်ပယ်ဖျောက်ပေးလိုသောစိတ်ထားတွေကင်းပြီးတော့တစ်ယောက်နဲ့ တစ်ယောက် ပိုဒုက္ခရောက်စေချင်တဲ့စိတ်တွေကများနေတယ်။

'ကရုဏာ'ဆိုတာက သူတစ်ပါးဒုက္ခကိုပယ်ဖျောက်ပေးတယ်၊ ဘယ်လိုသူတစ်ပါးကိုပဲဖြစ်ဖြစ် ဆွေမျိုးတော်တော် မတော်တော် မြတ်စွာဘုရားကိုယ်တော်မြတ်ရဲ့ 'စရိယသုံးပါး'အရ လောကတ္ထစရိယ တစ်လောကလုံးအကျိုးဖြစ်အောင် ဒုက္ခဖြစ်နေတဲ့ သတ္တဝါတွေ အဲဒီဒုက္ခမှ လွတ်မြောက်အောင် ငါဘယ်လိုလုပ်ပေးရမလဲ၊ ကရုဏာသမာပတ်ဝင်စားပြီးတော့ကြည့်တယ်။ မြတ်စွာဘုရား မဟုတ်ရင်တော့၊ ရဟန္တာမဟုတ်ရင်တော့ သတ္တလောက ကမ္ဘာကြီးတစ်ခုလုံး ဒုက္ခဖြစ်နေပြီလို့မြင်ရင် စိတ်ဓာတ်တွေထိခိုက်တယ်၊ ကရုဏာဖွင့်ပြတဲ့ ကရုဏာအကြောင်းကို အကျယ်တဝင့်ဖွင့်ပြတဲ့ အဋ္ဌကထာကြီးတွေမှာ ပြောတယ်။ သူတစ်ပါးတွေ ဒုက္ခဖြစ်ကြပြီဆိုရင် ယုတ်မာတဲ့စိတ်ရှိတဲ့သူတွေကတော့ ဝမ်းမြောက်တယ်။ သူတော်ကောင်းစိတ်ရှိတဲ့ပုဂ္ဂိုလ်ကတော့ စိတ်ဓာတ်တွေတုန်လှုပ်ချောက်ချားပြီးတော့ သူတို့ဒုက္ခကို ငါဘယ်လို ဖယ်ရှားပေးရမလဲဆိုတဲ့ စိတ်ဓာတ်တွေ ဝင်လာတယ်။ အဲဒါ'ကရုဏာ'၊ မြန်မာတွေပြောနေတဲ့ 'သနားတယ်' ဆိုတဲ့အဓိပ္ပာယ်ဟာ အဲဒါပဲ။ သူတော်ကောင်းတွေရဲ့စိတ်ဓာတ်တွေ တုန်လှုပ်လာပြီးတော့ သူတို့ရဲ့ဒုက္ခကို ဘယ်လိုပယ်ဖျောက်ပေးရမလဲဆိုတဲ့ စိတ်ဓာတ်တွေဝင်လာပြီ၊ ဒီကနေ့ အဲလိုစိတ်ဓာတ်မျိုးတွေဝင်လာဖို့ အရေးကြီးနေတာ။

ဒီကနေ့ မြန်မာနိုင်ငံတော် ကမ္ဘာတစ်ဝန်းလုံးမှာလည်း ဒီအတိုင်းပဲ၊ သူတို့ဟာနဲ့သူတို့ အသီးသီးရှိကြတယ်။ မြတ်စွာဘုရားကိုယ်တော်မြတ်က တစ်နေ့သုံးကြိမ် ကရုဏာသမာပတ်ဝင်စားပြီးတော့ လောကကြီး ကြည့်လိုက်တဲ့အခါမှာ အဋ္ဌကထာဋီကာတို့ မိန့်ဆိုချက်အရ တိုတိုချုံ့လိုက်ရင် သုံးမျိုးမြင်တတ်တယ်။ တစ်မျိုးက ကာမဂုဏ်စိတ်တွေ၊ 'ကာမ'ဆိုတာက ယောကျ်ား၊ မိန်းမနှစ်ဦးသားတို့ရဲ့ အပြန်အလှန်ဖြစ်ကြတဲ့ စိတ်ဓာတ်တစ်ခုထဲကိုပဲ 'ကာမ'လို ခေါ်လို့မရဘူး၊ အဲဒါကတော့ အဆိုးဆုံး 'ကာမ' ပေါ့၊ မျက်စိထဲမြင်တာတွေ အကုန်ကြိုက်၊ နားနဲ့ကြားတာတွေ အကုန်ကြိုက်၊ မကောင်းတဲ့ ရှူစရာတွေ အကုန်ကြိုက်၊ စားစရာ အကုန်ကြိုက်၊ ဝတ်စရာ အကုန်ကြိုက်၊ ဒီငါးမျိုးကို 'ကာမ' ခေါ်တယ်။ အဲဒီကာမဝတ္ထုတွေကိုရရှိဖို့ ဖောက်ဖောက်ပြန်ပြန် စိတ်ဓာတ်တွေဝင်စားတယ်။ တဏှာလောဘတွေ ဝင်စားပြီးတော့ ဖောက်ပြန်တဲ့စိတ်တွေနဲ့ ကာမဂုဏ်တွေကို လွန်ကျူးကုန်ကြတယ်။ ဥပမာ သူများပစ္စည်းခိုးသွားတယ်၊ ရွှေတွေ ဓားပြတိုက်သွားတယ်၊ စီးပွားရေးကျူးကျော်မှုတွေ ဖြစ်လာတယ်၊ ဈေးနှုန်းတွေမြင့်လာတယ်၊ ဒါတွေဟာ ကာမဂုဏ်မှာ ဖောက်ပြန်တဲ့စိတ်တွေပဲ။ ဈေးနှုန်းတွေမြင့်တယ်ဆိုတာ လောဘကြီးလာတာပဲ။ 'ဘယ်သူပဲကုန်ကုန် ငါမြတ်ရင်ပြီးတာပဲ'ဆိုတဲ့ တစ်ကိုယ်ကောင်းဆန်တဲ့ စိတ်ဓာတ်၊ ကာမဂုဏ်ငါးပါးအပေါ်မှာ ဖောက်ပြန်လွန်ကျူးကုန်ကြပြီလို့ မြတ်စွာဘုရားက မြင်လာရင် ဒကာ ဒကာမတွေကိုပဲဖြစ်ဖြစ်၊ သံဃာတော်တွေကိုပဲဖြစ်ဖြစ် ဆုံးမချက်တစ်ခုပေးတယ်။ ကာမဂုဏ်ဖောက်ပြန်လွန်ကျူးတဲ့စိတ်ဓာတ်တွေ လွန်ကဲလို့ ကမ္ဘာကြီးဒုက္ခဖြစ်နေတဲ့အချိန်မှာ 'ဒိဗ္ဗဝိဟာရ'နဲ့ နေကြတဲ့။ နေနည်းပေးသွားတယ်။ မနေတတ်ရင် ဟိုထဲပါ ဒီအထဲပါနဲ့ အကုန်လုံးဒုက္ခဖြစ်ရတယ်။ 'ဒိဗ္ဗဝိဟာရ' ဆိုတာ တည့်တည့်ပြောရင် သမာဓိထူထောင်ပြီးတော့ စိတ်ဓာတ်ခိုင်ခိုင်ခံ့ခံ့နဲ့နေကြ။

ဥပမာဆိုပါစို့၊ အာဏာပါဝါတွေ ဒီအတိုးအဆုတ်ကိစ္စတွေမှာလည်းပဲ စိတ်ဓာတ်ခိုင်ခိုင်ထားပြီးတော့ နေနိုင်မှ၊ မဟုတ်ရင် ရာထူးအာဏာပါဝါကြောင့်လည်းဒုက္ခဖြစ်တတ်တယ်။ စီးပွားရေးနဲ့ပတ်သက်လာရင် လောဘကိုထိန်းနိုင်မှ၊ မထိန်းနိုင်ရင်လည်း ဒုက္ခဖြစ်တတ်တယ်။ အဲ့ဒါကြောင့် ကာမဂုဏ်တွေ ဖောက်ပြန် တဏှာလောဘတွေလွန်ကဲလို့ နိုင်ငံရေးဖောက်ပြန်မှု၊ အာဏာပါဝါ ဖောက်ပြန်မှု၊ စီးပွားရေးဖောက်ပြန်မှုတွေ ဖြစ်လာတဲ့အခါမှာ သမာဓိခိုင်ခိုင်ထား စိတ်ဓာတ်ကြံ့ကြံ့ခိုင်ခိုင်နဲ့နေကြ၊ သမာဓိထူထောင်ပြီးတော့နေကြလို့ ကောင်းလွန်းလို့လည်း မတက်ကြွနဲ့၊ မြင့်လွန်းလို့လည်း ဝမ်းမမြောက်နဲ့၊ ဆိုးလွန်းလို့လည်း စိတ်မပျက်နဲ့၊ အကောင်းဆုံးအခြေအနေနဲ့ အဆိုးဆုံးအခြေအနေ နှစ်ခုကြားမှာ Balance ဖြစ်အောင်စိတ်ဓာတ်ကို ထိန်းပြီးတော့ နေရမယ်။ သမာဓိမရှိရင်မနေနိုင်ဘူး။ အဲဒီတော့ သမာဓိထူထောင်ပြီးတော့နေကြတဲ့။ ကာမတဏှာလွန်ကဲတဲ့အချိန်မှာ သမာဓိထူတောင်ပြီးတော့ နေကြလို့ ဘုရင်ကြီးတစ်ပါးကို ဟောပေးတယ်။

စကြဝတေးမင်းကြီးများဆိုရင်တော့ တစ်ကမ္ဘာလုံးအုပ်စိုးနိုင်တယ်ဆိုတာ ပါဠိတော်တွေမှာလာတယ်။ စကြဝတေးကလာလို့ ဒေဝရာဇာဆိုတာလည်းနတ်မင်းတွေ၊ ဥပမာအားဖြင့် အသုရာနတ်မင်းကြီးနဲ့ 'မာဃ'ခေါ်တဲ့ သိကြားမင်းကြီးနဲ့ သခွတ်ပွင့်တိုင်း၊ လက်ပံပွင့်တိုင်း ထထစစ်တိုက်ကြတယ်။ အဲဒါ 'ဣဿရိယ'တွေပဲ၊ 'မေရု'ဆိုတဲ့ မြင်းမိုရ်တောင်ထိပ်မှာ မင်းလုပ်ချင်ကြတယ်။ ဗြဟ္မာတွေကတော့ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ၊ ဒီတရားလေးပါး



တစ်ပါးပါးပွားပြီးတော့နေကြတာမို့လို့ ဗြဟ္မာတွေမှာစစ်ဖြစ်တာမရှိဘူး။ နတ်တွေကျတော့ ကာမနဲ့ ကာမဂုဏ်ရဲ့ အထွတ်အထိပ်ကို ရောက်ချင်တဲ့အတွက် ကာမဂုဏ်ခံစားပြီးတော့နေကြတဲ့ သတ္တဝါမျိုးဖြစ်လို့ ကာမဂုဏ်ကိစ္စမှာ သူတို့ကတော့ ခဏခဏစစ်ဖြစ်တယ်။ နတ်တွေအမြင့်ဆုံးနေရာမှာ မင်းလုပ်ဖို့ အာဏာလုတဲ့စစ်ပွဲကြီး၊ အသုရာတွေနဲ့ တာဝတိံသာနတ်တွေ စစ်ဖြစ်ကြသလိုပဲ လူ့ပြည်မှာလည်းပဲ ဒီအာဏာတန်ခိုးနဲ့ အဆိုးဘက်ကဖြေရှင်းလာတယ်။ အာဏာပါဝါအတွက် လုကြတဲ့စစ်ပွဲတွေ ကမ္ဘာကြီးမှာဖြစ်နေပြီဆိုရင် အဲဒါကို မြင်တော်မူသော မြတ်စွာဘုရားက သံဃာတော်တွေကို ချက်ချင်းအစည်းအဝေးခေါ်ပြီးတော့ "လူ့လောကကြီးမှာတော့ အာဏာရဖို့အတွက် စစ်ပွဲတွေဖြစ်ကုန်ပြီ၊ မင်းတို့တစ်တွေ ကရုဏာဝိဟာရနဲ့နေကြ၊ ဗြဟ္မဝိဟာရနဲ့နေကြ။"လို့ ဒီလိုမိန့်တယ်။ ကာမဂုဏ်လွန်ကဲတဲ့ခေတ်မှာ သမာဓိနဲ့နေ၊ အာဏာတွေဖောက်ပြန်နေတဲ့၊ စစ်ပွဲဖြစ်နေတဲ့ ကာလမှာ မြတ်စွာဘုရားက ဗြဟ္မဝိဟာရနဲ့နေတတ်ဖို့၊ အဲဒီဗြဟ္မဝိဟာရလေးပါးထဲက အဓိကကျတဲ့ မေတ္တာနဲ့နေကြ၊ မေတ္တာဟာ ဘာလုပ်တာလဲဆိုရင် မုန်းတီးခြင်းနဲ့ စိတ်ဆိုးခြင်း၊ စိတ်တိုခြင်းကို ထိန်းတဲ့အကျင့်ပေါ့။ ဒါသူတော်ကောင်း သူတော်မြတ်တို့ရဲ့ နေခြင်း၊ မုန်းတီးခြင်း၊ စိတ်တိုခြင်းနဲ့ စိတ်ဆိုးခြင်းတို့ကို ထိန်းတဲ့အကျင့်ဟာ သူတော်ကောင်း သူတော်သူမြတ်တို့ရဲ့နေခြင်းကို 'ဗြဟ္မဝိဟာရ' လို့ ခေါ်တယ်။

သံဃာတော်အရှင်မြတ်တွေကို ဗြဟ္မဝိဟာရနဲ့နေကြ၊ လောကမှာရှိတဲ့လူတွေကိုလည်း သာဝတ္ထိမှာနေနေ၊ ဇေတဝန်မှာနေနေ၊ ရောက်တဲ့နေရာတိုင်းမှာ မြတ်စွာဘုရားက ဒါကိုပဲမိန့်တယ်။ ကောသလမင်းကြီးကိုလည်း ဒီလိုပဲမိန့်တယ်၊ မဂဓမင်းတွေကိုလည်း ဒီလိုပဲ မိန့်တယ်၊ ဝေသာလီက လိစ္ဆဝီတွေကိုလည်း ဒီလိုပဲမိန့်တယ်၊ ဆွေမျိုးတွေဖြစ်တဲ့ သာကီဝင်တွေ၊ ကောလိယဝင်တွေကိုလည်းပဲ မင်းတို့ဆွေမျိုးအချင်းချင်း ရန်မဖြစ်ကြနဲ့၊ ဗြဟ္မဝိဟာရတရားပွားပြီးတော့နေကြတဲ့။ 'ဗြဟ္မဝိဟာရ'ဆိုတာ သူတစ်ပါးကောင်းကျိုးလိုလားတဲ့ စိတ်ဓာတ်၊ သူတစ်ပါးကောင်းကျိုးလိုလားတဲ့ စိတ်ဓာတ်ဟာ မေတ္တာပဲ။

သာကီဝင်နဲ့ ကောလိယဝင်တွေ 'ရောဟိနီ'က ရေလုတဲ့စစ်ပွဲမှာ မြတ်စွာဘုရားမိန့်သွားတဲ့ စကားရပ်တွေ အများကြီးထဲက သုတ္တန်ခြောက်ခု၊ အဲဒီသုတ္တန်ထဲက ဂါထာတော်တွေ စုစုပေါင်းခြောက်ခု အဲဒီမှာဟောတယ်။ အဲဒီထဲက စကားလုံးလေးတစ်လုံး ဘယ်လောက်ကောင်းသလဲဆိုရင် "ရန်ပြုလာတဲ့ပုဂ္ဂိုလ်တွေကို ရန်တုံ့မပြန်ဘဲနေနိုင်ရင် ချမ်းသာစွာနေရမယ်။ တစ်ကမ္ဘာလုံးရန်ဖြစ်နေရင် ရန်ဖြစ်တဲ့အထဲမပါပဲနေနိုင်ရင် ချမ်းသာစွာနေရမယ်။" ဒါ 'ရောဟိနီ' ရေလုတဲ့စစ်ပွဲမှာ မြတ်စွာဘုရားမိန့်တော်မူတဲ့စကား။

ရောဟိနီမြစ်အရှေ့ဘက်ခြမ်းကို ကောလိယတိုင်းခေါ်တယ်။ အနောက်ဘက်ခြမ်းကို သာကိယတိုင်း၊ ကျွန်းတောရှင်းပြီးတော့ ရွှေနန်းတော်ဆောက်ပြီး နိုင်ငံတည်ထားတယ်၊ သူတို့အားလုံးဟာ ညီအစ်ကိုမောင်နှမအချင်းချင်းတွေပဲ။ ဒါပေမဲ့ အမြင်ကကျဉ်းမြောင်းလာတယ်၊ ရောဟိနီမြစ်ထဲက ရေကို ငါသာလျှင် ရချင်တယ်ဆိုတဲ့စိတ်ဓာတ်က ဒီနှစ်နိုင်ငံသားတွေကြားမှာ ဝင်လာတယ်၊ သူတို့မရစေချင်ဘူး မြန်မာလိုပြောရင်တော့ 'ဣဿာ'တရားက လူသားတွေရဲ့အဆိပ်၊ အဆိပ်သင့်ပြီဆိုရင်တော့ သေဖို့သာပြင်ထား။

ဒီကနေ့ကမ္ဘာကြီးကိုကြည့်လိုက်ရင် အဆိပ်သင့်တယ်၊ 'ဣဿာ'ဆိုတာ သူတစ်ပါးတို့ရဲ့ တိုးတက်အောင်မြင်ခြင်းတွေကို လက်မခံနိုင်ဘူး။ 'မစ္ဆရိယ' ဆိုတာ ငါသာလျှင်အမြတ်ရချင်တယ်၊ ဣဿာ၊ မစ္ဆရိယဆိုတာ လောကကြီးရဲ့အဆိပ်၊ အဲဒီအဆိပ်ကို ဖြေဖို့ စိတ်ဖြေဆေးကတော့ 'ဗြဟ္မဝိဟာရ'ပဲ ဖြစ်ပါတယ်။ ကမ္ဘာကြီး ဣဿာ၊ မစ္ဆရိယတွေဝင်ပြီးတော့ သတ်ကြ ဖြတ်ကြတယ်၊ အဆိပ်သင့်တာကိုမြင်တော်မူသောမြတ်စွာဘုရားက သံဃအစည်းအဝေးချက်ချင်းခေါ်ပြီးတော့ ဗြဟ္မာဝိဟာရတရားလက်ကိုင်ထား မေတ္တာပွားကြတဲ့၊ ကရုဏာပွားကြ၊ 'မေတ္တာ'ဆိုတာက ဒေါသကိုထိန်းချုပ်တယ်၊ ကရုဏာဆိုတာက ဒုက္ခရောက်တဲ့ပုဂ္ဂိုလ်တွေကို စောင့်ရှောက်အကူအညီပေးတယ်၊ ပိုပြီးတော့ ဒုက္ခဖြစ်အောင်မလုပ်ဘူး။ ဒေါသကိုထိန်းနိုင်ရင် ဘယ်သူမှဒုက္ခမဖြစ်ဘူး။ အဲဒါကြောင့် ကမ္ဘာလောကကြီး ဣဿ၊ မစ္ဆရိယအဆိပ်သင့်လို့ ဒေါသအာဃာတတွေလွန်ကဲနေပြီ၊ သတ်ဖြတ်နှိပ်စက်နေတာကို မြင်တော်မူသော မြတ်စွာဘုရားက ဗြဟ္မဝိဟာရနဲ့နေကြ၊ မွန်မွန်မြတ်မြတ် သူတော်သူမြတ်တွေ နေသလို မေတ္တာ၊ ကရုဏာပွားပြီးတော့နေကြလို့ ဒုတိယနေနည်း မိန့်တော်မူတယ်။ "နေနည်းနှစ်ပါး" ရပါတယ်။

ပထမပြောသွားတာက ကာမဂုဏ်တွေ လွန်ကဲတဲ့ခေတ်၊ တည့်တည့်ပြောရရင် စီးပွားရေးတွေ အလွန်သောင်းကျန်းတဲ့ခေတ်၊ အာဏာပါဝါတွေရဲ့ ကိစ္စတွေ အလွန်သောင်းကျန်းပြီး လောဘတွေ သောင်းကျန်းနေတဲ့ခေတ်ကြီးမှာ သမာဓိခိုင်ခိုင်ထားပြီးနေကြ၊ ဒါကို 'ဗြဟ္မဝိဟာရ'လို့ ခေါ်တယ်။

နောက်တစ်ခုကတော့ ဣဿာ၊ မစ္ဆရိယလို့ခေါ်တဲ့အဆိပ်တွေသင့်ပြီးတော့ သတ်ကြ ဖြတ်ကြတယ်၊ လုကြ ယက်ကြတယ်၊ ဒေါသတွေ လွန်ကဲပြီးတော့ ကမ္ဘာလောကကြီး သတ္တဝါတွေ အသေအပျောက်များပြီးဆိုရင် မေတ္တာ၊ ကရုဏာနဲ့နေကြ၊ ဗြဟ္မဝိဟာရနဲ့နေကြ။ သံဃာတော်တွေကလည်း မြတ်စွာဘုရားရဲ့ထံမှာ ထောင်သောင်းချီပြီးတော့ ရှိကြတော့ အစုလိုက်အပြုံလိုက် ရဟန္တာကြီးတွေ မေတ္တာပွားကြတော့ ဒီလိုစစ်ပွဲတွေဟာ ငြိမ်သွားကြတယ်။

နောက်တတိယအချက်ကတော့ 'ဣဿရိယ'၊ အာဏာရဖို့ရန်အတွက် ဖောက်ပြန်စွာ ကျင့်ရတယ်ဆိုရင် ဘာသာရေးငြင်းခုံမှုကို ပြောတယ်။ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ရဲ့ လက်ထက်တော်ကာလမှာ ဆဗ္ဗဂ္ဂီဆိုတဲ့ သံဃာတော်တွေရှိကြတယ်။

စာမျက်နှာ ၆ သို့ ☆

# အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တဆေကိန္ဒ၏ နှစ်သစ်ကူး ဩဝါဒကထာ

နိုင်ငံတကာ နှစ်သစ်ကူးအခါသမယမှာ ဗုဒ္ဓဘာသာဝင်၊ ဘုရားသားတော်တစ်ပါးအနေနဲ့ ပြောရရင် “သဗ္ဗေသတ္တာ ကမ္မသကာ” စကားကို ပြောချင်ပါတယ်။

သတ္တဝါတိုင်း သတ္တဝါတိုင်းကိုယ်ပြုတဲ့ကံအပေါ် မူတည်ပြီး ဖြစ်နေကြတယ်။ ကောင်းတဲ့သူဖြစ်လာတာလည်းပဲ ကံကောင်းခဲ့ကြလို့၊ မကောင်းတဲ့သူဖြစ်နေရတာကလည်း ကံမကောင်းခဲ့ကြလို့။

ကံဆိုတာ ဘေးကနေ တစ်ဦးတစ်ယောက်က ဖန်ဆင်းလုပ်ဆောင်ပေးနေတာမျိုးကို ကံလို့ မခေါ်ပါဘူး။ ကိုယ်လုပ်တဲ့အလုပ်ကသာ ကိုယ့်ကံ၊ ကိုယ်ပြောတဲ့အပြောကသာ ကိုယ့်ကံ၊ ကိုယ်စိတ်ကူးတဲ့ စိတ်ကူးကသာ ကိုယ့်ကံပါ။

ကိုယ့်အလုပ်၊ ကိုယ့်အပြော၊ ကိုယ့်စိတ်ကူးတွေက ကောင်းနေသမျှ ကာလပါတ်လုံး အဲဒီလူ ကံကောင်းနေပါတယ်။ တစ်ကယ်လို့များ အခန့်မသင့်လို့ ကိုယ့်အလုပ်တွေက ဆိုးသွားမယ်၊ ကိုယ့်အပြောတွေက ဆိုးသွားမယ်၊ ကိုယ့်စိတ်ကူးတွေက ဆိုးသွားမယ်ဆိုရင် အဲဒီလူ ကံဆိုးတော့တာပဲ။

ကံကောင်းရင် ရလာတဲ့ အကျိုးပေး၊ ကြုံရတဲ့ အခြေအနေတွေက ကောင်းသလို ကံဆိုးရင်တော့လည်း ရလာတဲ့ အခြေအနေကြုံရတဲ့ရလဒ်တွေက ဆိုးတော့တာပါပဲ။

နှစ်သစ်ကူးတဲ့ အခုလို အခါသမယမှာ နှစ်သစ်ကူးအခါကစပြီး တို့အလုပ်တွေကို ကောင်းသည်ထက်ကောင်းအောင် ကြိုးစားရမှာပါလား။ မကောင်းသေးရင် ကောင်းအောင်၊ကောင်းရင်လည်း ကောင်းသည်ထက်ကောင်းအောင်၊ ကိုယ့်အတွက် ကောင်းတဲ့အပြင် အများအတွက်ကိုပါ ကောင်းအောင် ကြိုးစားရမှာပါလား။ အဲဒီလိုပဲ ကိုယ့်အပြောတွေ မကောင်းသေးရင် ကောင်းအောင်၊ ကောင်းနေရင်လည်း ကောင်းသည်ထက်ကောင်းအောင်၊ ကိုယ့်အတွက် ကောင်းသည်ထက်ကောင်းအောင် လုပ်ရုံတင်မကဘဲ ပြောရုံတင်မကဘဲနဲ့ အများအတွက်ပါ ကောင်းသည်ထက်ကောင်းအောင် ပြောရမှာပါလား။ အဲဒီလိုပဲ ကိုယ့်အတွေးအကြံတွေက မကောင်းသေးရင် ကောင်းအောင်၊ ကောင်းနေရင်လည်း ကောင်းသည်ထက်ကောင်းအောင် ကိုယ့်အတွက်တော့ ကောင်းသည်ထက်ကောင်းတယ်ဆိုရုံနဲ့ မပြီးသေးဘဲနဲ့ ကိုယ့်အတွက်ရော အများအတွက်ပါ ကောင်းသည်ထက်ကောင်းအောင် စိတ်ကူးကြံစည်ပေးရမှာပဲ။



များသောအားဖြင့်ကတော့ စိတ်ကူးကြံစည်တဲ့အပေါ်မှာ မူတည်ပြီး လိုက်ပြောကြတယ်။ စိတ်ကူးကြံစည်တဲ့ အတွေးအပေါ်မှာမူတည်ပြီး လိုက်လုပ်ကြတယ်၊ တစ်ဆင့်ပြန်ပြောရင် အဲသလိုပြောရင်း ပြောရင်းနဲ့ ကောင်းတာလုပ်ရင် ကောင်းတာပြောရင်းနဲ့ အကျင့်တွေပါပြီး အတွေးတွေကပါ သိသိသာသာ လိုက်ကောင်းတော့တာပါပဲ။ မကောင်းတာတွေကို များ လုပ်မိလို့ အကျင့်ပါရင်၊ မကောင်းတာတွေကိုများ ပြောမိလို့ အကျင့်ပါရင် မကောင်းတဲ့အတွေးတွေကလည်းပဲ ဆက်ကာဆက်ကာ အကျိုးရလဒ်အနေနဲ့ ပေါ်လာပြီးတော့ မကောင်းတာတွေ ဆက်တိုက်လည်ကုန်တော့တာပဲ။

ဒါ့ကြောင့် နှစ်သစ်ကူးအခါသမယမှာ –

“သဗ္ဗေသတ္တာ ကမ္မသကာ” ကိုယ့်အပေါ် ကိုယ်မူတည်ပါတယ်။ သတ္တဝါတွေကို မေတ္တာပို့ပါတယ်။ တစ်နိုင်ငံလုံးကို မေတ္တာပို့ပါတယ်။ တိုင်းပြည်ကြီးတစ်ခုလုံးကို မေတ္တာပို့ပါတယ်။ တစ်ကမ္ဘာလုံးကို မေတ္တာပို့ပါတယ်။ စကြဝဠာစွမ်းနိုင်တဲ့အထိ ရောက်သလောက် သတ္တဝါတွေအားလုံး အပေါ် မေတ္တာထားတယ်၊ မေတ္တာပို့တယ်။

အဲဒီမေတ္တာထားတဲ့စိတ်ဓာတ်က ကရုဏာသနားတတ်ရာကနေဖြစ်လာ၊ မေတ္တာထားတဲ့ စိတ်ဓာတ်က ဝမ်းသာတတ်တဲ့ မုဒိတာကဖြစ်လာ၊ မေတ္တာထားတဲ့စိတ်ဓာတ်ဟာ ကိုယ့်အလုပ်ကိုယ့်တာဝန်ကို ကိုယ်လုပ်ပြီးတော့ သတ္တဝါတွေက ကိုယ့်ကံနဲ့ကိုယ်ဆိုသော်လည်းပဲ ကိုယ့်ဘက်က မေတ္တာထားရမှာ၊ မေတ္တာပေးရမှာဆိုပြီး ဒီလိုနှလုံးသွင်းပြီး မေတ္တာပို့၊ ဥပေက္ခာဆိုတဲ့ အခြေခံကနေ ဖြစ်လာပါတယ်။

မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာလို့ ဒီတရားလေးမျိုးရှိရင် အဲဒီပုဂ္ဂိုလ်အတွက် ကောင်းတာတွေတွေး၊ ကောင်းတာတွေပြော၊ ကောင်းတာတွေလုပ်သလို သူ့ပတ်ဝန်းကျင်ကိုလည်းပဲ ကောင်းတာတွေတွေး၊ ကောင်းတာတွေပြော၊ ကောင်းတာတွေလုပ်ဖို့ရာအတွက် အထောက်အပံ့တွေ ဖြစ်တော့တာပါပဲ။ အထောက်အကူတွေ ဖြစ်တော့တာပါပဲ။

မေတ္တာပေးရင် လက်ခံတဲ့သူတွေက ရတော့တာပေါ့။ ကရုဏာပေးရင် လက်ခံတဲ့လူတွေက ရတော့တာပေါ့၊ မုဒိတာပေးရင် လက်ခံတဲ့သူတွေက ရတော့တာပေါ့၊ ဒီမေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဆိုတဲ့ ဒီတရားတွေက လေးနက်မြင့်မြတ်တဲ့အကျင့်ကျင့်တဲ့သူတွေအတွက် လက်ကိုင်ထားရတဲ့တရား၊ လောကကြီးကို စောင့်ရှောက်တဲ့တရား၊ လောကကြီးကို ငြိမ်းအေးအောင် လုပ်ပေးနိုင်တဲ့တရား။

ဒါကြောင့်မို့ “သဗ္ဗေသတ္တာကမ္မသကာ”ကိုယ်ကံတွေကို ကိုယ်ကကောင်းအောင်လုပ်ကြ၊ ပြောကြ၊ ကြံစည်ကြဖို့ မေတ္တာတွေ၊ ကရုဏာတွေ၊ မုဒိတာတွေ၊ ဥပေက္ခာ ဒီတရားတွေကို လက်ကိုင်ထားပြီး နှစ်သစ်ကူးအခါသမယမှာ စွမ်းအားရှိသမျှနေထိုင်ကြပြီး တစ်ဦးတစ်ယောက်တည်းမကဘဲ တစ်နိုင်ငံလုံး၊ တစ်ကမ္ဘာလုံးအေးချမ်းအောင် အထောက်အကူပြုတဲ့လုပ်ငန်းတွေ ဆောင်ရွက်ရင်းနဲ့ သတ္တဝါတွေအားလုံးကလည်း ကောင်းတဲ့ကံတွေပြု၊ ပြော၊ ကြံစည်ရင်းဖြင့် အားလုံးကိုယ်ကျန်းမာ၊ စိတ်ချမ်းသာတွေဖြစ်ပြီး အနှောင့်အယှက်ခပ်သိမ်းကင်းငြိမ်းတဲ့ ဘဝကြီးကိုတည်ဆောက်နိုင်ကြတဲ့ သူတော်ကောင်းတွေ ဖြစ်ကြပါစေကုန်သတည်း။

---

✯ စာမျက်နှာ ၅ မှ

‘ဆဗ္ဗဂ္ဂီ’ဆိုတဲ့စကားလုံးကြားလိုက်ရင် ဘုန်းကြီးတို့ ပရိသတ်နားထဲမှာမရိုင်းပါဘူး။ ‘ပဉ္စဝဂ္ဂီ’နဲ့ ခပ်ဆင်ဆင်ပဲ၊ အကျင့်ကတော့ ဆီနဲ့ ရေလိုပဲ၊ ‘ပဉ္စဝဂ္ဂီ’က သူတော်ကောင်းတွေ၊ ဆဗ္ဗဂ္ဂီကလည်း သမိုင်းဝင်ပဲ။ အကောင်းဘက်က သမိုင်းဝင်တာ ‘ပဉ္စဝဂ္ဂီ’၊ ပဉ္စဝဂ္ဂီတို့ကို မြတ်စွာဘုရားက စပြောတာက “အစွန်းနှစ်ဖက်လွတ်အောင်ရှောင်ကြ၊ အစွန်းရောက်ရင် အဆိပ်သင့်လိမ့်မယ်၊ ဒီကနေ့ကြည့်ရင် တဏှာလောဘအစွန်းရောက်တော့ စီးပွားရေးအဆိပ်သင့်တယ်။ ဒေါသအစွန်းရောက်တော့ နိုင်ငံရေးအဆိပ်သင့်တယ်။ အဲဒါကြောင့်မို့ လုံးဝအစွန်းမရောက်စေနဲ့။‘မဇ္ဈိမပဋိပဒါ’ အလယ်အလတ်လမ်းကသွား၊ ကာယကံထိန်း၊ မလွန်ကျူးမိစေနဲ့။ ‘ဝစီကံ’ ပါးစပ်ပေါက်ထိန်း၊ မလွန်ကျူးမိစေနဲ့။ ‘မနောကံ’ စိတ်ထိန်း၊ မလွန်ကျူးမိစေနဲ့။ ကိုယ်၊ နှုတ်၊ နှလုံး သုံးပါးထိန်းနိုင်ခြင်းဟာ ‘မဇ္ဈိမပဋိပဒါ’ပဲ။ မဂ္ဂင်ရှစ်ပါး ဆိုတာဒါပဲ။

‘ဆဗ္ဗဂ္ဂီ’ဆိုတဲ့ပုဂ္ဂိုလ်တွေက ခြောက်ပါးအုပ်စု၊ သာသနာမှာ မကောင်းတာမှန်သမျှ သူတို့လုပ်ဖို့ရန် လွယ်လွယ်လေးပဲ။ နှစ်ရာ့နှစ်ဆယ်ခုနစ်သွယ် သိက္ခာပုဒ်တွေထဲမှာ သိက္ခာပုဒ်တစ်ဝက်လောက်က သူတို့ လွန်ကျူးသွားတာ။ အဲဒါကြောင့် သိက္ခာပုဒ်တွေ များများလာတာဟာ လွန်ကျူးတဲ့ပုဂ္ဂိုလ်တွေ များများလာလို့။ ကြည့်လိုက်ရင် ခြောက်ပါးအုပ်စုရဲ့ လွန်ကျူးမှုတွေကြောင့် မြတ်စွာဘုရား ပညတ်ရတယ်။ လောကကြီးမှာလည်း အုပ်စုတွေ ဒီလိုပဲ ဖွဲ့နေကြတယ်။ နိုင်ငံရေးပါတီတွေကြည့်လိုက်ရင် မရေမတွက်နိုင်ဘူး။ နိုင်ငံတိုင်း နိုင်ငံတိုင်းမှာ နိုင်ငံရေးပါတီတွေဟာ အစုလိုက် အစုလိုက် ‘ဝဂ္ဂီ’ တွေပဲ။ အဲဒီလိုအုပ်စုတွေဖွဲ့ပြီးတော့ ကမ္ဘာလောကကြီးမှာ လွန်ကျူးကုန်ကြတာ၊ အာဏာပါဝါအတွက် လွန်ကျူးကြတာ။ အဲဒီလို ကာမဂုဏ်လွန်ကဲတဲ့ ခေတ်မှာ သမာဓိနဲ့နေ၊ စိတ်ဓာတ်ခိုင်မာမှ ကာမဂုဏ်ရဲ့ ရိုက်ခတ်ခြင်းကိုခံနိုင်မယ်။ အာဏာပါဝါအတွက် ‘ဣဿာ၊ မစ္ဆရိယ’ဆိုတဲ့ အဆိပ်တွေ သင့်ပြီဆိုလို့ရှိရင် မေတ္တာနဲ့နေ၊ ကရုဏာနဲ့နေ။ အခု တတိယပြောတာက ဘာသာရေး ရဟန်းတွေထဲမှာ ဓမ္မ၊ အဓမ္မ ငြင်းခုံကြပြီ၊ ဒေဝဒတ်ကလည်း ဘုရားသတ်ဖို့အထိ ကြံတာကို အကုန်လုံးသိပြီးသား။ သူ့မှာလည်း နောက်လိုက်တပည့်ငါးရာရှိတယ်။ သတ်ဖို့အထိ ကြံတာမဟုတ်ဘူး။ မဟုတ်တာလုပ်ဖို့ရာ အဖွဲ့က လည်း ခြောက်ပါးရှိတယ်။ အဲဒါကြောင့် ပထမ သင်္ဂါယနာတင်တော့ ရာဇဂြိုဟ်မှာ လက်ရွေးစင် သံဃာငါးရာပဲ ဝါကပ်ရမယ်၊ အခြားသံဃာတွေ မကပ်ရဘူးဆိုပြီး မင်းအာဏာနဲ့သုံး၊ ကမ္မဝါဖတ်ပြီး အကုန်ဖယ်ထုတ်ယူရတယ်။ အဲဒါကြောင့် ပထမ သင်္ဂါယနာတင်ပွဲမှာ အနှောင့်အယှက်ကင်းကင်းနဲ့ ထေရဝါဒသံဃာငါးရာ စနစ်တကျအောင်မြင်တဲ့ ပထမသင်္ဂါယနာပွဲကြီးကို တင်နိုင်ခဲ့တယ်။

မြတ်စွာဘုရားရဲ့စကားအစစ်တွေကို အကုန်လုံး စုစည်းရွေးချယ်ပြီးတော့ သဘောတူညီချက်ယူခဲ့တာ။ သဘောတူအတည်ပြုရင် ရွတ်ပြဆိုပြီးတော့ သံဃာငါးရာဝိုင်းရွတ်တာ၊ ဒါကို ‘သင်္ဂါယနာ’ခေါ်တယ်။ ‘သင်္ဂါယနာ’ဆိုတာ စုပေါင်းရွတ်တာ၊ ဘုရားစကားတွေ အကုန်အတည်ဖြစ်တာ အဲ့ဒါ “ထေရဝါဒ”ပဲ။

ဒါပေမယ့် အဲဒီ ‘ထေရဝါဒ’ ပိဋကတ်တွေဟာ နှစ်တစ်ရာပဲခံတယ်။ ဘုရားပရိနိဗ္ဗာန်စံပြီးတဲ့နောက် နှစ်နှစ်ရာမြောက်တော့ ဝေသာလီမှာပေါ်လာပြီ၊ ထေရဝါဒပိဋကတ်ဆိုတာ တကယ်အကုန်လုံး မှန်တာမဟုတ်ဘူး။ ဟိုဟာပြင်မယ်၊ ဒီဟာပြောင်းမယ်၊ ဖြုတ်မယ်၊ ထုတ်မယ်၊ ဒီလိုတွေဖြစ်လာပြီ။ သိက္ခာပုဒ်အငယ်စားတွေကို ထုတ်ပစ်မယ်၊ အဘိဓမ္မာသမားတွေကလည်း ပြင်မှကောင်းမယ်ဆိုပြီး ထေရဝါဒဂိုဏ်းထဲမှာဖြစ်လာတာ။ ဒါပေမယ့် အဲ့ဒီပုဂ္ဂိုလ်တွေဟာဆိုရင် အစဉ်အဆက်ပြန့်ပွားလာတဲ့ ဒေဝဒတ်ရဲ့တပည့်ဟောင်းတွေပဲဖြစ်တယ်။ ဝေသာလီမှာ မူလဗုဒ္ဓဝါဒကို ဆက်လက်ပြီး မူရင်းအတိုင်းထိန်းသွားမယ့်ဂိုဏ်းက ‘ထေရဝါဒ’ဂိုဏ်း၊ ပြန်လည် ပြင်ဆင်ရေးဝါဒကို ကြိုက်တဲ့ဂိုဏ်းက ‘မဟာသံဃိက’ဂိုဏ်း။ နှစ်တစ်ရာမှာ နှစ်ဂိုဏ်းကွဲတယ်။ နောက်ဆက်ပြောမယ်ဆိုလို့ရှိရင် နှစ်သုံးရာလောက်ရောက်တော့ သီရိဓမ္မာအသောကမင်းလက်ထက်မှာ တစ်ဆယ့်ရှစ်ဂိုဏ်းကွဲတယ်။ ဒီဂိုဏ်းကွဲတွေအကြောင်း အသေးစိတ်ပြထားတယ်။

အဲဒီတော့ ဆိုချင်တာက ဘာလဲဆိုရင် ဘာသာရေးဂိုဏ်းကွဲတွေ၊ ဒါက ဗုဒ္ဓဘာသာအကြောင်းပြောတာ။ ခရစ်ယာန်ကြည့်လိုက်ရင်လည်း ဂိုဏ်းကွဲတွေချည်းပဲ။ အစ္စလာမ်ဆိုရင်လည်း ဒီလို ဂိုဏ်းကွဲတွေချည်းပဲ။ ဟိန္ဒူဂိုဏ်းကွဲတွေ ပိုတောင်များသေး။ဘယ်ဘာသာရေးမဆို အကုန်လုံး အကွဲအပြဲရှိတယ်။ အဲဒါကြောင့် ဂိုဏ်းကွဲရင် ဝါဒတွေလည်းကွဲတာပဲ။ မြတ်စွာဘုရားက တိုက်ရိုက်ဟောထားတာကတော့ တခြားဘာသာတွေအကြောင်းမပြောဘူး။ “ရဟန်းတို့၊ လောကမှာ ဓမ္မနဲ့အဓမ္မ ငြင်းကြ ခုံကြပြီဆိုရင် အငြင်းအခုံထဲ မပါအောင် အရိယဝိဟာရနဲ့နေကြ” လို့ မိန့်တော်မူတယ်။

အရိယာတို့ရဲ့ နေကြထိုင်ကြတာဟာ အငြင်းအခုံကိုမရှိဘူး။ အရိယာက ပညာတတ်ထားတာက ဆုံးနေပြီ။ နိဗ္ဗာန်ကိုမြင်ပြီးကုန်ပြီ။ နိဗ္ဗာန်ကိုမြင်ပြီးတဲ့အရိယာဟာ အငြင်းအခုံမရှိဘူး။ ပညာနဲ့နေတာ။

“နေနည်းသုံးပါး” ဘာသာရေးအငြင်းအခုံထဲမှာလည်းမပါနဲ့၊ နိုင်ငံရေးအငြင်းအခုံထဲမှာလည်းမပါနဲ့၊ စီးပွားရေးငြင်းခုံမှုတွေထဲမှာလည်းမပါနဲ့၊ လောကကြီးမှာ ပထမ စီးပွားရေးငြင်းခုံမှုထဲမှာ မပါရအောင် စိတ်ဓာတ်ခိုင်ခိုင်ခံ့ခံ့နဲ့နေကြ၊ ဒုတိယ နိုင်ငံရေးငြင်းခုံမှုအာဏာပါဝါတွေထဲမှာ ဣဿာ၊ မစ္ဆရိယ အဆိပ်သင့်တဲ့အထဲမပါရအောင် မေတ္တာ ကရုဏာနဲ့နေကြ၊ တတိယ ဘာသာရေးငြင်းခုံမှုတွေထဲမှာ မပါရအောင်ကတော့ အရိယာတွေနေသလို ပညာနဲ့နေကြ၊ “နေနည်းသုံးပါး” မြတ်စွာဘုရားက ဟောပါတယ်။

နိဂုံးချုပ်လိုက်ရင် ဒိဗ္ဗဝိဟာရ၊ ဗြဟ္မဝိဟာရ၊ အရိယာဝိဟာရသုံးပါး။ လောဘတဏှာ လွန်ကဲတဲ့ခေတ်မှာ သမာဓိခိုင်ခိုင်နဲ့နေ၊ အာဏာပါဝါလွန်ကဲတဲ့ခေတ် မေတ္တာကရုဏာနဲ့နေ၊ ဘာသာရေးငြင်းခုံမှုတွေဖြစ်လာရင် ပညာနဲ့နေ၊ မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးက ကမ္ဘာလောကကြီးကို တစ်နေ့ခြောက်ကြိမ်ကြည့်ပြီးတော့ “နေနည်းသုံးပါး” ဒီတရားကို ဟောသွားပါတယ်။

# ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(ဗဟို)နှင့် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)တို့မှ ၂၀၂၅ ခုနှစ်အတွက် နှစ်သစ်မင်္ဂလာဆုတောင်းစကားများ



ဦးရဲထွန်း



ဦးဝဏ္ဏ



ဦးဇော်ဇော်နိုင်



ဦးသောမတ်(စ်)



ဦးအောင်ဇော်ဝင်း

**ဦးရဲထွန်း**

**ဥက္ကဋ္ဌ၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (ဗဟို) (YMBA)**

၂၀၂၄ ခုနှစ်ကုန်ဆုံးပြီး ၂၀၂၅ ခုနှစ်သို့ ကူးပြောင်းတဲ့ အခါသမယမှာ မြန်မာနိုင်ငံသူ နိုင်ငံသားအားလုံး၊ ရဟန်းရှင်လူ ပြည်သူပြည်သားများအားလုံး၊ ကမ္ဘာသူ ကမ္ဘာသားအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေ။

နိုင်ငံတော် တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်ဖို့အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားတဲ့ ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၉)ရပ်နဲ့အညီ မြန်မာနိုင်ငံသူ နိုင်ငံသားအားလုံး ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားဖို့အတွက် အလေးအနက် တိုက်တွန်းလိုပါတယ်။ အသင်းကြီးရဲ့ ဆောင်ပုဒ်ဖြစ်တဲ့ အမျိုးဘာသာ သာသနာ ပညာနဲ့ နိုင်ငံအရေးများတွင် YMBA အသင်းကြီးက ပူးပေါင်း ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၂၅ ခုနှစ် နှစ်သစ်အခါသမယမှ စတင်ပြီး မြန်မာပြည်သူ ပြည်သားများအားလုံး စည်းလုံးညီညွတ်ခြင်းဖြင့် နိုင်ငံတော်နှင့်အတူ လက်တွဲကာ အေးချမ်းသာယာဖွံ့ဖြိုးတိုးတက်အောင် ပူးပေါင်းဆောင်ရွက်သွားကြဖို့ တိုက်တွန်းရင်း နိုင်ငံတစ်ဝန်း အေးချမ်းသာယာစေဖို့အတွက် ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

**ဦးဝဏ္ဏ**

**ဥက္ကဋ္ဌ၊ ဘာသာပေါင်းစုံချစ်ကြည် ညီညွတ်ရေးအဖွဲ့(ဗဟို)**

ယနေ့ဟာ ခရစ်သက္ကရာဇ် ၂၀၂၄ ခုနှစ်ကုန်ဆုံးပြီး ၂၀၂၅ ခုနှစ်ကာလသို့ ရောက်ရှိလာသော အခါသမယဖြစ်ပါတယ်။

ယနေ့ ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ကြီးက မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြကုန်သော တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၊ နိုင်ငံသူ နိုင်ငံသားများနှင့်တကွ ကမ္ဘာသူ ကမ္ဘာသားများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့် ပြည့်စုံကြလျက် အေးချမ်းသာယာသော လူ့ဘောင်ဘဝကြီးကို ပိုင်ဆိုင်နိုင်ကြပါစေကြောင်း ဦးစွာ ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်ခင်ဗျာ။

ကျွန်တော်တို့ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ကြီးရဲ့ ရှေ့လုပ်ငန်းစဉ် တစ်ခုဖြစ်တဲ့ ဘာသာကြီး(၄)ရပ်၏ စုပေါင်းအားဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ချစ်ကြည်ညီညွတ်စွာ အတူတကွ ပူးပေါင်းဆောင်ရွက်သွားမည်ဆိုသည့်အတိုင်း –

- သဘာဝဘေးအန္တရာယ် ကျရောက်သည့်ဒေသများသို့ သွားရောက်၍ ဝိုင်းဝန်းကူညီထောက်ပံ့ခြင်း၊
- မျက်စိအခမဲ့ခွဲစိတ်ကုသပေးခြင်း၊
- သွေးလှူဒါန်းမှုများပြုလုပ်ခြင်း၊
- အခမဲ့အသက်မွေးဝမ်းကျောင်း ပညာသင်တန်းများ ဖွင့်လှစ်ပေးခြင်းတို့အား လစဉ်ဆောင်ရွက်လျက်ရှိသည့်အပြင် ဘာသာကြီး(၄)ရပ်၏ ရိုးရာပွဲတော်များကိုလည်း စုပေါင်းကျင်းပ၍ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးမှသည် ငြိမ်းချမ်းရေးဆီသို့ဆိုသည့် ဆောင်ပုဒ်အား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

စည်းလုံးခြင်းသည် အင်အားဖြစ်သည့်အတွက် ဘာသာကြီး(၄)ရပ်အပေါ် သက်ဝင်ယုံကြည်ကြတဲ့ တိုင်းရင်းသားများ၊ နိုင်ငံသားများနဲ့ လူမျိုးစုများအားလုံးတို့သည် မိမိတို့မှီတင်းနေထိုင်ရာ၊ အခြေပြုရာ မြန်မာနိုင်ငံကြီးအပေါ် သစ္စာရှိစွာဖြင့် နိုင်ငံအကျိုး ဝိုင်းဝန်းသယ်ပိုးကြပါ၊ ကာကွယ်စောင့်ရှောက်ကြပါ၊ ညီညွတ်ကြပါလို့ တိုက်တွန်းရင်း မြန်မာနိုင်ငံကြီး အေးချမ်းသာယာပါစေကြောင်း၊ ငြိမ်းချမ်းပါစေကြောင်း ထပ်လောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်ခင်ဗျာ။

**ဦးဇော်ဇော်နိုင်(ဟိန္ဒူဘာသာ)**

**ဒုတိယဥက္ကဋ္ဌ၊ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)**

ဂေါတမမြတ်စွာဘုရားရဲ့ မေတ္တာကြောင့် မြန်မာနိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ပြီး အေးချမ်းသာယာပါစေ။

မဟာပိန္နဲဘုရားရဲ့ မေတ္တာကြောင့် ပြည်တွင်း၊ ပြည်ပရန်များ ကင်းရှင်းပြီး ဖွံ့ဖြိုးတိုးတက်သော မြန်မာနိုင်ငံတော်ကြီး ဖြစ်ပါစေ။

၂၀၂၄ ခုနှစ်ကုန်ဆုံးပြီး ၂၀၂၅ ခုနှစ် နှစ်သစ်မှာ မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြတဲ့ မြန်မာနိုင်ငံသူ နိုင်ငံသားအားလုံး ကျန်းမာချမ်းသာ သုခပြည့်စုံကြပါစေ၊ အခက်အခဲများကိုလည်း ကျော်နိုင်ပါစေ၊ မိမိတို့နိုင်ငံမှာ လိုအပ်ချက်နှစ်ခုပဲရှိပါတယ်။ တစ်ခုကတော့ မေတ္တာများများထားပေးဖို့လိုပါတယ်။ နောက်တစ်ခုကတော့ အလုပ်များများ လုပ်ပေးဖို့လိုပါတယ်။ ဘာကြောင့်လဲဆိုရင် မိမိတို့နိုင်ငံမှာ အနာဂတ်ရတနာ လူငယ်များအတွက် အလုပ်များများလုပ်ပေးဖို့ ကျွန်တော်တို့မှာ တာဝန်ရှိပါတယ်။ အလုပ်များများ လုပ်ပေးတဲ့အခါ အခက်အခဲတွေကို ကျော်လွှားနိုင်မှာဖြစ်ပြီး ဒါမှလည်း မြန်မာနိုင်ငံက ချမ်းသာတဲ့နိုင်ငံဖြစ်မှာပါ။

၂၀၂၄ ခုနှစ်ကုန်ဆုံးပြီး ၂၀၂၅ ခုနှစ် နှစ်သစ်မှာ မေတ္တာပို့သအပ်ပါတယ်။ မေတ္တာတရားထားဖို့ဆိုရင် ကမ္ဘာပေါ်မှာ မြန်မာနိုင်ငံက မေတ္တာတရား အချမ်းသာဆုံးနိုင်ငံဖြစ်တာကြောင့် မေတ္တာတရားများများထားဖို့လိုပါတယ်။ အခုလာမယ့် နှစ်သစ်မှာ အတွေးသစ် အမြင်သစ်နဲ့ မကောင်းတာတွေ၊ သဘောထားကွဲလွဲမှုတွေကို ဖယ်ရှားကြပါ။ အတူတကွ အလုပ်လုပ်ပြီး မိမိတို့နိုင်ငံ ချမ်းသာတဲ့နိုင်ငံဖြစ်အောင် ကြိုးစားကြပါစို့။

**ဦးသောမတ်(စ်) (ခရစ်ယာန်ဘာသာ)**

**ဒုတိယဥက္ကဋ္ဌ၊ ဘာသာပေါင်းစုံချစ်ကြည် ညီညွတ်ရေးအဖွဲ့(ဗဟို)**

**Shalom (ငြိမ်းချမ်းပါစေ)**

၂၀၂၄ ခုနှစ်ကုန်လွန်ပြီး ၂၀၂၅ ခုနှစ် နှစ်သစ်မင်္ဂလာအခါသမယမှာ မြန်မာနိုင်ငံ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို) ဒုတိယဥက္ကဋ္ဌ ခရစ်ယာန်ဘာသာဝင်အနေနဲ့ အခုလိုနှုတ်ခွန်းဆက်စကား ပြောကြားခွင့်ရလို့ ဝမ်းသာဂုဏ်ယူမိပါတယ် ခင်ဗျာ။

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးမှာ တိုင်းရင်းသား လူမျိုးပေါင်းစုံဟာ လူမျိုးဘာသာ အဆင့်အတန်းမခွဲခြားဘဲ အတူတကွ မှီတင်းနေထိုင်လျက်ရှိကြပါတယ်။

ကျွန်တော်တို့မြန်မာနိုင်ငံ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ကြီးအနေနဲ့လည်း နိုင်ငံတစ်ဝန်း လူမှုဘဝ တည်ငြိမ်အေးချမ်းရေးအတွက် တတ်အားသရွေ့ ပါဝင်လက်တွဲလုပ်ဆောင်လျက်ရှိပါတယ်ခင်ဗျာ။

၂၀၂၅ ခုနှစ် နှစ်သစ်မင်္ဂလာမှာ မြန်မာပြည်သူပြည်သားများအားလုံး ပိုမိုတိုးတက်ငြိမ်းချမ်းသာယာ၊ ကျန်းမာပျော်ရွှင်ပါစေကြောင်း နှုတ်ခွန်းဆက် ဆုတောင်းလိုက်ပါတယ် ခင်ဗျာ။

အားလုံးကို ထာဝရဘုရားသခင် ကောင်းချီးပေးပါစေ။

**ဦးအောင်ဇော်ဝင်း(အစ္စလာမ်ဘာသာ)**

**ဒုတိယဥက္ကဋ္ဌ၊ ဘာသာပေါင်းစုံချစ်ကြည် ညီညွတ်ရေးအဖွဲ့(ဗဟို)**

**အားလုံးမင်္ဂလာပါခင်ဗျာ –**

၂၀၂၄ ခုနှစ် ကုန်ဆုံးပြီး ၂၀၂၅ ခုနှစ် နှစ်သစ်ကူးအခါသမယမှာ မြန်မာနိုင်ငံသူ နိုင်ငံသား၊ ကမ္ဘာသူ ကမ္ဘာသားအားလုံး ဘေးဘယာဝေးကွာ၍ ကျန်းမာချမ်းသာပြီး အေးချမ်းသာယာပါစေကြောင်း အစ္စလာမ် ဘာသာဝင်များကိုယ်စား ဆုတောင်း မေတ္တာ ပို့သအပ်ပါတယ်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီးမှာ တစ်မြေတည်းနေ တစ်ရေတည်းသောက် တိုင်းရင်းသားပေါင်းစုံ စုပေါင်းနေထိုင်ကြပြီး ဘာသာမတူ၊ လူမျိုးမတူ၊ ကိုးကွယ်ရာမတူပေမယ့်လည်း ညီအစ်ကို မောင်နှမစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်၊ ပင်လုံစိတ်ဓာတ်ကို အခြေခံလျက် တစ်ဦး၏ဘာသာအယူဝါဒကို တစ်ဦးက အပြန်အလှန် လေးစားကြ၍ တစ်ဦးနှင့်တစ်ဦး မေတ္တာတရားရှေ့ထားပြီး ချစ်ချစ်ခင်ခင် အေးချမ်းစွာနေထိုင်လာတဲ့ မြန်မာနိုင်ငံကြီးဖြစ်ပါတယ်။

ကျွန်တော်တို့ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ကြီး အနေနဲ့လည်း နိုင်ငံတော်အတွက် လိုအပ်သော တည်ငြိမ်အေးချမ်းသာယာရေး အကောင်အထည်ဖော် ဆောင်ရွက်ရာမှာ ကျွန်တော်တို့ အစ္စလာမ်ဘာသာဝင်များကလည်း ကျရာအခန်းကဏ္ဍမှ စွမ်းစွမ်းတမံ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပါတယ်။

အခုလို နှစ်ဟောင်းကုန်လို့ နှစ်သစ်ကူးအခါသမယမှာ မကောင်းမှုအညစ်အကြေးများအားလုံး ဆေးကြောသန့်စင်ပြီး အေးချမ်းသာယာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ထောင်ရေးအတွက် မြန်မာနိုင်ငံသူ မြန်မာနိုင်ငံသားများအားလုံး ဝိုင်းဝန်းကူညီ သယ်ပိုးထမ်းဆောင်နိုင်ကြပါစေရန် ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ အားလုံး နှစ်သစ်မှာ လိုအင်ဆန္ဒပြည့်ဝကြပါစေ။ ။

❖

## နဝဒေးတံတား(ပြည်) ရေလမ်းပြောင်းလဲသတ်မှတ်ကြောင်း သတင်းထုတ်ပြန်

နေပြည်တော် ဒီဇင်ဘာ ၃၁

နဝဒေးတံတား(ပြည်) ရေလမ်းတွင် ရေယာဉ်များ ဖြတ်သန်းသွားလာရန် အစုန်ရေလမ်းကို ရေလယ်တိုင်အမှတ်(၇)နှင့် (၈)အကြားမှလည်းကောင်း၊ အဆန်ရေလမ်းကို ရေလယ်တိုင်အမှတ် (၆)နှင့် (၇)အကြားမှလည်းကောင်း သတ်မှတ်ပေးထားသည်။ ယခုအခါ ရေကြောင်းရေလမ်း အခြေအနေအရ တံတားရေလမ်းကို ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃ ရက်မှစ၍ အစုန်၊ အဆန် ရေလမ်းကြောင်းအဖြစ် ရေလယ်တိုင်အမှတ် (၇)နှင့် (၈)အကြားမှ ပြောင်းလဲဖွင့်လှစ်မည်ဖြစ်သည်။

ပြောင်းလဲမည့် ရေလမ်းကြောင်း၏ ကင်းလွတ်အကျယ်မှာ ပေ ၃၅၀ ရှိပြီး ကင်းလွတ်အမြင့်မှာ အမြင့်ဆုံး ရေမျက်နှာပြင်အထက် ၅၇ ပေရှိသည်။ ရေယာဉ်များ ဖြတ်သန်းရမည့် ဝင်ပေါက်တွင် နေ့အခါ အစိမ်းရောင်တြိဂံအမှတ်အသားပြသ၍ ညအခါ မီးစိမ်းထွန်း ပြသထားမည်ဖြစ်ပြီး မဝင်ရမည့်ရေလမ်းတွင် နေ့အခါ အနီရောင်ကြက်ခြေခတ် အမှတ်အသား ပြသ၍ ညအခါ မီးနီထွန်း ပြသထားမည်ဖြစ်ပါသည်။

တံတားတိုင်များ၏ အောက်ခြေပိုင်တိုင်အုတ်ခုံမှာ ရေလယ်တိုင်များ၏ တစ်ဖက်တစ်ချက်တွင် ၁၅ ပေခန့် ထိုးထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင် နှစ်ခုအကြားမှ ယှဉ်ပြိုင်ခုတ်မောင်းခြင်း မပြုရန်နှင့် တွဲတွန်းရေယာဉ်များ တစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရန်အပြင် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ ချဉ်းကပ်ရာတွင် လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ရေလမ်းသတိပေး နှိုးဆော်ချက် ထုတ်ပြန်ထားကြောင်း သိရသည်။

**သတင်းစဉ်**

# စာပေ၊ ရုပ်ရှင်၊ သဘင်နှင့် စီးပွားရေးလုပ်ငန်းရှင်အသင်းတို့မှ တာဝန်ရှိသူတို့၏ ၂၀၂၅ ခုနှစ် နှစ်သစ်ကူး ဆုတောင်းစကားသံများ


ဒေါက်တာတင်ထွန်းဦး


ဒါရိုက်တာဦးကြည်စိုးထွန်း


ဦးလွင်မြင့်


ဦးအောင်တင်ဝင်း


ဦးဆန်းလင်း


ဦးမောင်မောင်ဆန်း


ဦးနန္ဒကျော်

**ဒေါက်တာတင်ထွန်းဦး (မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ)**

မင်္ဂလာရှိတဲ့ ၂၀၂၅ ခုနှစ် နှစ်ဆန်းချိန်ခါမှစပြီး ကမ္ဘာသူ ကမ္ဘာသားအပေါင်းနဲ့ နိုင်ငံသူ နိုင်ငံသားအပေါင်း ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းတို့နဲ့ ပြည့်စုံနိုင်ကြပါစေ၊ ဘေးအန္တရာယ် အသွယ်သွယ်မှ ကင်းဝေးကြပါစေ၊ စိတ်သွားတိုင်း ကိုယ်ပါပြီး လိုအင်ဆန္ဒများနဲ့ ပြည့်ဝကြပါစေကြောင်း ဆုမွန်ကောင်း ပို့သလိုက်ပါတယ်။

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီအနေနဲ့ သတင်းမီဒီယာကဏ္ဍကို နိုင်ငံတော်ရဲ့စတုတ္ထမဏ္ဍိုင်အဖြစ် ပီပီပြင်ပြင်ဖြစ်ထွန်းရပ်တည်ပြီး သတင်းမီဒီယာလောကကြီး ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ကြိုးစားလုပ်ဆောင်သွားကြမှာဖြစ်ပါတယ်။ နိုင်ငံနဲ့ ပြည်သူ့အကျိုးအတွက် သတင်းမီဒီယာကဏ္ဍကနေ အတတ်နိုင်ဆုံး ကြိုးပမ်းဆောင်ရွက်သွားကြမှာ ဖြစ်ပါတယ်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် တစ်ခုလုံး နိုင်ငံအနှံ့ တည်ငြိမ်အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်ကြီးဖြစ်ပါစေ၊ ပြည်ထောင်စုကြီး ထာဝရအဓွန့်ရှည် တည်တံ့ခိုင်မြဲပါစေလို့ ဆန္ဒပြုလိုက်ပါတယ်။

**ဒါရိုက်တာ ဦးကြည်စိုးထွန်း (မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ)**

၂၀၂၅ ခုနှစ်ဟာ မင်္ဂလာရှိသော နှစ်သစ်မင်္ဂလာဖြစ်ပါစေလို့ ဦးစွာ ဆုတောင်းပေး လိုပါတယ်။ ကျွန်တော်တို့ဟာ ကိုဗစ်ကာလနဲ့ အကြောင်းကြောင်းသော အခက်အခဲတွေကို ရှန်းကန်ကျော်လွှားခဲ့ကြရပါတယ်။ ယခုအခါမှာ သင့်တင့်သော ခရီးကိုလည်း ရောက်နေပါပြီ။ ဒီခရီးလမ်းမှာ ရုပ်ရှင်လောကသားတွေနဲ့ ပြည်သူတွေ စိတ်ဝမ်းမကွဲဘဲ တညီတညွတ်တည်း တိုင်းပြည်အကျိုး၊ နိုင်ငံအကျိုးကို ဆောင်ရွက်နိုင်ပြီး အားလုံး ကျန်းမာချမ်းသာစွာနဲ့ ညီညီညွတ်ညွတ်ဖြင့် ဆက်ပြီး လျှောက်လှမ်းနိုင်အောင် ကြိုးစားနိုင်ကြပါစေ။

ကျွန်တော်တို့ ရုပ်ရှင်ဆိုတာ ပရိသတ်မရှိရင် ရုပ်ရှင်ဖြစ်မလာပါဘူး။ ပရိသတ်ရှိမှသာ ရုပ်ရှင်ဆိုတာ ရှိနေပါတယ်။ ပရိသတ်တွေလာဖို့၊ ကြည့်နိုင်ဖို့ ရုပ်ရှင်ရုံဆိုတာ တည်ဆောက်ပြီး တင်ဆက်ပြသရပါတယ်။ အရေးကြီးတာက ကြည့်ရှုတဲ့ ပရိသတ်ဖြစ်ပါတယ်။ ကြည့်ရှုအားပေးကြတဲ့ ပရိသတ်များဟာ စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာနဲ့ ပျော်ပျော်ရွှင်ရွှင် ညီညွတ်စွာနဲ့ ရုပ်ရှင်ကိုအားပေးနိုင်ကြပါစေ၊ နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေလို့ နှစ်သစ်ဆုတောင်းစကား ပါးလိုက်ပါတယ်။

**ဦးလွင်မြင့် (မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို) ဥက္ကဋ္ဌ)**

ကမ္ဘာ့ လူမျိုးအသီးသီးနဲ့ ဘာသာအသီးသီးဟာ နှစ်သစ်ကာလရောက်တိုင်း နှစ်သစ်ကူးပွဲတော်ကို အထူးလေးလေးနက်နက်ထားပြီး ကျင်းပကြတာကို တွေ့ရပါတယ်။ နှစ်သစ်ကူးအခါသမယတွေမှာ နှစ်ဟောင်းက အဟောင်းအညစ်တွေကို ဖျောက်ပြီး နှစ်သစ်မှာ အကောင်းအသစ်ဖြစ်ဖို့ ကောင်းသောမင်္ဂလာနှစ်သစ်ကိုကြိုကြတဲ့ အစဉ်အလာလည်းရှိပါတယ်။ တစ်ဦးနဲ့တစ်ဦး မေတ္တာများထားပြီး ချစ်ခြင်းတရားနဲ့ ကြည့်ရှုကာ ကမ္ဘာကြီးအေးချမ်းမှုကို ဝိုင်းဝန်းလက်တွဲ ဖော်ဆောင်နိုင်ကြပါစေ။ ၂၀၂၅ ခုနှစ်ရဲ့ နှစ်သစ်ကူးအချိန်အခါမှာလည်း ကမ္ဘာသူ ကမ္ဘာသားများနဲ့ ပြည်သူပြည်သားအပေါင်း ကောင်းသောလိုအင်ဆန္ဒများပြည့်ဝပြီး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သပါတယ်။

**အလင်္ကာကျော်စွာ ဦးအောင်တင်ဝင်း (မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို) နာယက)**

ပြည်ထောင်စု နိုင်ငံသူနိုင်ငံသားအပေါင်းနဲ့ အနုပညာရှင်များအားလုံး ကိုယ်လည်းကျန်းမာ စိတ်ချမ်းသာပြီး ဘယာကင်းပလိုတိုင်းရ၍ သုခချမ်းသာအဖြာဖြာနှင့် ပြည့်စုံကြပါစေလို့ နှစ်သစ်မင်္ဂလာမှာ ဆုတောင်းမေတ္တာ ပို့သပါတယ်။

**ဦးဆန်းလင်း (မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ)**

ကျွန်တော်တို့ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းအနေနဲ့ ပြည်သူများ စားသုံးဆီ ဖူလုံစွာအသုံးပြုနိုင်အောင် နိုင်ငံတော်နဲ့အတူလက်တွဲဆောင်ရွက်နေပါတယ်။ ၂၀၂၄ ခုနှစ်ဟာ ကုန်ဆုံးပြီး ၂၀၂၅ ခုနှစ်ရဲ့ နှစ်သစ်မင်္ဂလာကို ကူးပြောင်းခဲ့ပါပြီ။ နှစ်သစ်မင်္ဂလာ အခါသမယမှာ ပြည်သူ ပြည်သားအပေါင်း နှလုံးစိတ်ဝမ်းအေးချမ်းပြီး ကျန်းမာချမ်းသာကြပါစေ၊ အသင်းသူအသင်းသားများ အားလုံးနဲ့ ညီနောင် အသင်းများလည်း တိုင်းပြည်အကျိုး၊ ပြည်သူအကျိုးနဲ့ အဖွဲ့အစည်းရဲ့အကျိုးကို ရှေးရှုပြီး ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ကြပါစေ။ ကမ္ဘာသူ ကမ္ဘာသားများနဲ့ နိုင်ငံသူ နိုင်ငံသားများအားလုံး ကိုယ်စိတ်နှစ်ပါး ချမ်းသာစွာနဲ့ ကောင်းကျိုးလိုအင်ဆန္ဒများ ပြည့်ဝကြပါစေလို့ နှစ်သစ်ဆုတောင်းစကား ပါးလိုက်ပါတယ်။

**ဦးမောင်မောင်ဆန်း (မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း ဘဏ္ဍာရေးမှူး)**

ကမ္ဘာသုံးခရစ်သက္ကရာဇ် ၂၀၂၄ ခုနှစ်ကနေ ၂၀၂၅ ခုနှစ် နှစ်သစ်ကို ကူးပြောင်းသွားတဲ့ နှစ်သစ်မင်္ဂလာအချိန်အခါပဲ ဖြစ်ပါတယ်။ နှစ်ဟောင်းကုန်လို့ နှစ်သစ်ကူးအခါသမယမှာ မြန်မာနိုင်ငံသူနိုင်ငံသားတွေ၊ ကမ္ဘာသူ ကမ္ဘာသား၊ အားလုံးသော ခုနစ်ရက်သားသမီးသူတော်ကောင်း အပေါင်းတို့ စိတ်သစ်၊ လူသစ်ဖြင့် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေ၊ စီးပွားဥစ္စာရတနာတွေလည်း တစ်နေ့တခြား ဒီရေအလားကဲ့သို့ တိုးတက် ကြီးပွားနိုင်ကြပါစေ၊ လိုအင်ဆန္ဒများနဲ့လည်း ပြည့်ဝကြပါစေ၊ ရောဂါဘယများလည်း ကင်းဝေးကြပါစေ၊ မြန်မာနိုင်ငံကြီး အေးချမ်းသာယာပါစေကြောင်း၊ ငြိမ်းချမ်းပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။

**ဦးနန္ဒကျော် (မြန်မာနိုင်ငံအိမ်ခြံမြေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအသင်း ယာယီဥက္ကဋ္ဌ)**

၂၀၂၅ ခုနှစ် နှစ်သစ်အခါသမယမှာ မြန်မာပြည်သူ ပြည်သားအပေါင်း ဘေးဘယာဝေးကွာပြီး ကျန်းမာရွှင်လန်း၍ စီးပွားလာဘ်လာဘများ တိုးတက်ကြပါစေကြောင်း နှစ်သစ်ဆုမွန်ကောင်း ပို့သအပ်ပါတယ်။ နှစ်သစ်အခါသမယမှာ အားလုံးကိုယ်စိတ်နှစ်ဖြာ၊ ကျန်းမာချမ်းသာပြီး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ။ စိတ်ချမ်းသာ ကိုယ်ကျန်းမာစွာဖြင့် ဥစ္စာနေဖြိုးကြွယ်ဝပြီး နေ့ရက်တိုင်းမှာ ပြုံးပျော်ရွှင်လန်းနိုင်ကြပါစေကြောင်း ဆုမွန်ကောင်း တောင်းပေးလိုက်ပါတယ်။

## နှစ်သစ်လာခြင်း ကောင်းပါစေ

❀ ကိုယ့်သွေး ကိုယ့်သား
တိုင်းရင်းသားချင်း၊ အချင်းချင်းကို
စစ်ခင်းဖက်ပြိုင်၊ ရန်ချင်းဆိုင်ကြ
နိုင်သူလည်းရှုံး၊ ရှုံးသူရှုံးလျက်
အမုန်းနွံနစ်၊ ပြာပုံဖြစ်ရင်း
နှစ်ဟောင်းကုန်လွန်ခဲ့ပြန်ပြီ..။
❀ ဝါဒအရေး၊ လူမျိုးရေးကို
ဆွေးနွေးနှိုင်းညှိ၊ အဖြေရှိလည်း
မသိကျိုးကျွန်၊ ရွာလွန်ရှက်တိုက်
သေနတ်ပိုက်ကာ၊ အဖြေရှာကြ
လယ်ယာဖုန်းဆိုး၊ ရွာမီးခိုးနှင့်
ကျိုးပျက်တံတား၊ စားရေရှားကာ
စီးပွားလူမှု၊ အစုစုဝယ်
ပြည်သူ့ဘဝ၊ အနုတ်ပြလျက်
ဒုက္ခဆူဝေ၊ ပြည်လုံးကျေထိ
မိုက်နေမှာလား ပြန်စဉ်းစား..။
❀ အပြစ်မဲ့သူ
ပြည်သူအများ၊ ပြေးလွှားရှောင်ပုန်း
ပုံးသံအမြောက်သံ၊ ကျည်ဆန်တွေကြား
ကြောက်အားပိုစွာ၊ ကိုယ့်ရပ်ရွာမှ
စွန့်ခွာရင်းလေ၊ သေကျေပျက်စီး
လောင်မီးသနစ်၊ ဒီအဖြစ်မျိုး
နှစ်သစ်ဆီပါ
ယူသွားမှာလား ပြန်စဉ်းစား..။
❀ ပြည်သူကြားထဲ၊ အရောင်ခွဲလျက်
သွေးကွဲမှုလျှင်၊ အောင်ပွဲထင်သည့်
အမြင်ကျဉ်းမြောင်း၊ အမြင်စောင်းတွေ
နှစ်ဟောင်းထဲမှာ
ထားခဲ့မှာလား ပြန်စဉ်းစား..။
❀ နှစ်အဟောင်းမှာ
မကောင်းမှုများ၊ ထားရစ်ခဲ့လေ
ဆိုးမွေမှုတ်တမ်း၊ တစ်ခန်းရပ်စေ
ကောင်းမွေကောင်းကျိုး၊ ဆပွားတိုးကာ
အမျိုးဘာသာ၊ သာသနာနှင့်
ပြည်ရွာစည်ပင်၊ ပြည်သူ့ရွှင်လျက်
ရင်ဝယ်မြေချမ်း၊ အားသစ်လန်းစေ
ကမ်းလက်တူယှဉ်၊ အမှားပြင်သည့်
မင်္ဂလာနှစ်သစ် ဖြစ်ပါစေ။
ကောင်းမှုရည်ဆောင် အောင်ပါစေ။
နှစ်သစ်လာခြင်း ကောင်းပါစေ။ ။

ဇော်မင်းမင်းဦး

# ရွှေ့ပြောင်းလူဦးရေစာရင်းအဖြစ် ၂၀၂၄ ခုနှစ်တွင် မြန်မာနိုင်ငံ၏ခန့်မှန်းလူဦးရေ ၅၁ ဒသမ ၃ သန်းကျော်ရှိကြောင်းထုတ်ပြန်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါ်ဒွဲဘူ၊ မန်းငြိမ်းမောင်၊ ဒေါက်တာဘရှေ ခွန်စံလွင်၊ ဦးရွှေကြိမ်း၊ ဦးရန်ကျော်၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးကိုကို၊ ပြည်ထောင်စုဝန်ကြီးများနှင့်တာဝန်ရှိသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

**နေပြည်တော် ဒီဇင်ဘာ ၃၁**

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းမှရရှိသည့် အချက်အလက်များနှင့် ပတ်သက်၍ ရွှေ့ပြောင်းလူဦးရေစာရင်း ထုတ်ပြန်ခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲက နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) (MICC-2) ၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါ်ဒွဲဘူ၊ မန်းငြိမ်းမောင်၊ ဒေါက်တာဘရှေ ခွန်စံလွင်၊ ဦးရွှေကြိမ်း၊ ဦးရန်ကျော်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးကိုကို၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဗဟိုသန်းခေါင်စာရင်း ကော်မရှင်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံအခြေစိုက် နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ ကောင်စစ်ဝန်ချုပ်များ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ ဝန်ကြီးဌာနအသီးသီးမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင် ညွှန်ကြားရေးမှူးများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ ပြည်တွင်း/ ပြည်ပသတင်းမီဒီယာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဆိုင်ရာ Video Clip ကို ပြသသည်။

ထို့နောက် ဗဟိုသန်းခေါင်စာရင်း ကော်မရှင်ဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းသည် အခြားသော လူဦးရေစာရင်းကောက်ယူ မှတ်တမ်းတင်ခြင်းလုပ်ငန်းများနှင့်မတူညီဘဲ အချိန်ကာလကြာမြင့်စွာ၊ ဘဏ္ဍာငွေများစွာဖြင့် စနစ်တကျ စီမံဆောင်ရွက်ရသည့် နိုင်ငံတော်စီမံကိန်းလုပ်ငန်းတစ်ခု ဖြစ်ပါကြောင်း၊ သန်းခေါင်စာရင်းကောက်ယူရန် ၂၀၂၄ ခုနှစ် စက်တင်ဘာ ၃၀ ရက် ညသန်းခေါင်ယံအချိန်ကို သန်းခေါင်စာရင်းရည်ညွှန်းချိန် အဖြစ်သတ်မှတ်၍ အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ ကောက်ယူခဲ့ခြင်းဖြစ်ပြီး လုံခြုံရေးနှင့် လမ်းပန်းဆက်သွယ်ရေး အခြေအနေများကြောင့် ဒေသအချို့တွင် ရက်တိုးမြှင့် ကောက်ယူခဲ့သည်များလည်း ရှိပါကြောင်း။

ပင်မအစီရင်ခံစာကို အသေးစိတ်ပြုစုကာ ၂၀၂၅ ခုနှစ်မကုန်မီ ထုတ်ပြန်ပေးသွားမည် ဖြစ်ပြီး နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် အစီရင်ခံစာများ၊ ဘာသာရပ်အလိုက် သုတေသနစာတမ်းများကိုလည်း ဆက်လက်ပြုစု၍ အဆင့်ဆင့်ထုတ်ပြန်သွားမည်ဖြစ်ပါကြောင်း၊ ယခုသန်းခေါင်စာရင်းကောက်ယူရာတွင် လုံခြုံရေးနှင့် လမ်းပန်းဆက်သွယ်ရေး အခြေအနေများကြောင့် တစ်စိတ်တစ်ဒေသသာ ကောက်ယူနိုင်သည့် မြို့နယ်များရှိသကဲ့သို့ လုံးဝမကောက်ယူနိုင်သည့် မြို့နယ်များလည်းရှိပါကြောင်း၊ မကောက်ယူနိုင်သည့် ဒေသများတွင်ရှိသည့် လူဦးရေကို လူဦးရေပညာ၊ Remote Sensing နည်းပညာ၊ နိုင်ငံတကာအကြံပေး၏ ခန့်မှန်းတွက်ချက်မှုဌာနဆိုင်ရာ စာရင်းအင်းများစသည်တို့ကို အသုံးပြု၍ ခန့်မှန်းလူဦးရေစာရင်းကို တွက်ချက်ထားခြင်းဖြစ်ပါကြောင်း။

ထို့ကြောင့် ၂၀၂၄ ခုနှစ်လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းက ရရှိသည့် မြန်မာနိုင်ငံအတွင်းရှိလူဦးရေမှာ ၅၁၃၁၆၇၅၆ ဦးဖြစ်ကြောင်းကိုအသိပေးကြေညာအပ်ပါကြောင်း၊ ယင်းစာရင်းမှာ သန်းခေါင်စာရင်း ကောက်ယူရရှိသည့် လူဦးရေ ၃၂၁၉၁၄၀၇ ဦးဖြစ်ပြီး စာရင်းမကောက်ယူနိုင်သည့်ဒေသများ၏ ခန့်မှန်းလူဦးရေ ၁၉၁၂၅၃၄၉ ဦးတို့ဖြစ်ပါကြောင်း၊ ယင်းတို့အနက် အမျိုးသား ၁၅၁၀၅၂၁၅ ဦး၊ အမျိုးသမီး ၁၇၀၈၆၁၉၂ ဦးဖြစ်ပြီး အမျိုးသား ၄၆ ဒသမ ၉ ရာခိုင်နှုန်း၊ အမျိုးသမီး ၅၃ ဒသမ ၁ ရာခိုင်နှုန်း ဖြစ်ပါကြောင်း၊ လူဦးရေအချိုးကို လေ့လာကြည့်ပါက ရန်ကုန်တိုင်းဒေသကြီးတွင် ၁၄ ဒသမ ၄ ရာခိုင်နှုန်းဖြင့် အများဆုံးဖြစ်ပြီး ကယားပြည်နယ်တွင် သုည ဒသမ ၆ ရာခိုင်နှုန်းဖြင့် လူဦးရေအနည်းဆုံး ဖြစ်သည်ကို တွေ့ရှိရပါကြောင်း၊ မြန်မာနိုင်ငံ၏ လူဦးရေပြောင်းလဲမှုကို ကြည့်မည်ဆိုပါက ၁၈၉၁ ခုနှစ် သန်းခေါင်စာရင်းအရ ၇ ဒသမ ၇ သန်းသာရှိပြီး ၁၉၀၁ ခုနှစ်တွင် ၁၀ ဒသမ ၅ သန်း၊ ၁၉၅၃ ခုနှစ်တွင် ၁၃ ဒသမ ၂ သန်း၊ ၁၉၇၃ ခုနှစ်တွင် ၂၈ ဒသမ ၉ သန်း၊ ၁၉၈၃ ခုနှစ်တွင် ၃၅ ဒသမ ၃ သန်းအထိ တိုးမြင့်လာပြီး ၂၀၁၄ ခုနှစ်တွင် ၅၁ ဒသမ ၅ သန်းရှိခဲ့ရာမှ ယခု ၂၀၂၄ ခုနှစ်တွင် စာရင်းမကောက်ယူနိုင်သည့်ဒေသများအတွက် ခန့်မှန်းတွက်ချက်မှုအပါအဝင် မြန်မာနိုင်ငံ၏ လူဦးရေမှာ ၅၁ ဒသမ ၃ သန်းကျော် ဖြစ်ခြင်းကြောင့် လွန်ခဲ့သည့် ၁၀ နှစ်က လူဦးရေထက် အနည်းငယ်လျော့နည်းနေသည်ကို တွေ့ရပါကြောင်း၊ လူဦးရေ ပြောင်းလဲခြင်းသည် မွေးဖွားခြင်း၊ သေဆုံးခြင်းနှင့် ရွှေ့ပြောင်းခြင်းဆိုသည့် အကြောင်းရင်း သုံးရပ်ကြောင့် ဖြစ်သည့်အတွက် ပင်မအစီရင်ခံစာ ထုတ်ပြန်ချိန်တွင် အကြောင်းရင်းကို လေ့လာဖော်ထုတ်သွားနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် သန်းခေါင်စာရင်းကောက်ယူခြင်းဆိုင်ရာ လှုံ့ဆော်ရေးတေးသီချင်းဖြစ်သည့် တေးရေးသိန်းရွှေဝင်း၏ “နိုင်ငံ့အကျိုးမျှော်ကိုးရည် သန်းခေါင်စာရင်း ကောက်ကြမည်” သီချင်းဖြင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ထမ်းများက ဖျော်ဖြေတင်ဆက်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အခမ်းအနား အပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့မှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများနှင့်စပ်လျဉ်း၍ ပြည်တွင်း/ပြည်ပသတင်းမီဒီယာများ၏ မေးမြန်းချက်များအပေါ် ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်းနှင့် ယနေ့ထုတ်ပြန်သည့် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း၏ ရွှေ့ပြောင်းလူဦးရေစာရင်းနှင့်ပတ်သက်သည့် အချက်အလက်များကို ပြည်သူ့အင်အားဦးစီးဌာန၏ ဝက်ဘ်ဆိုက် www.dop.gov.mm တွင် ရယူကြည့်ရှုနိုင်ကြောင်း သိရ သည်။

**သတင်းစဉ်**





ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ရှင်းလင်းပြောကြားစဉ်။

# သာကေတမြို့နယ်၌ စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်း စာဖတ်ဝိုင်းကျင်းပ

**သာကေတ ဒီဇင်ဘာ ၃၁**

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်း (Book Club)အဖွဲ့မှ ယနေ့မွန်းလွဲ ၁ နာရီတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမတွင် ရေးသူ၊ ဖတ်သူ ဆွေးနွေးခြင်းစာဖတ်ဝိုင်းကို ကျင်းပသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်စာအုပ်စာစောင် ချစ်နိုးမြတ်သူများအသင်းတို့ပူးပေါင်း၍ သုတ၊ ရသစာအုပ်စာပေများ လစဉ်မပြတ်ဆွေးနွေးခဲ့ရာ ယနေ့ဆွေးနွေးသည့်စာဖတ်ဝိုင်းတွင် ရန့်သင်းထုံ စာပန်းစုံ သုတ၊ ရသ စုစည်းစာစဉ် (ကလောင်စုံ) စာအုပ်ဖြင့် စာဖတ်ဝိုင်းဆွေးနွေးခဲ့ကြပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဆောင်းနှင်းဖြူ၊ မြို့နယ်စာအုပ်စာစောင် ချစ်မြတ်နိုးသူများအသင်းဥက္ကဋ္ဌ စာရေးဆရာမ နန်းဟင်းပြင်းတို့က မုဒိတာစကားများနှင့် အတူရန့်သင်းထုံစာပန်းစုံ စာအုပ်တွင်ပါဝင်သည့် အရှိုက်ခေါင်းစဉ် ဝတ္ထုတိုဇာတ်လမ်း ဖြစ်ပေါ်လာပုံနှင့် အနှစ်သာရကို စာရေးဆရာမ နန်းဟင်းပြင်း(ကိုယ်တိုင်ရေး)က ဦးဆောင်ဆွေးနွေးခဲ့သည်။

ထို့နောက် မြို့နယ်စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်း အဖွဲ့ဝင်များ၊ စာပေဝါသနာရှင်စာရေးဆရာမများက ရန့်သင်းထုံ စာပန်းစုံစာအုပ်၌ ပါဝင်သည့်အကြောင်းအရာများအား ကဏ္ဍအလိုက် ဆွေးနွေးခဲ့ပြီး ရေးသူ၊ ဖတ်သူစာဖတ်ဝိုင်းအား ရုပ်သိမ်းခဲ့ကြောင်း သိရသည်။




**ဆောင်းနှင်းဖြူ(ပြန်/ဆက်)**

၂၀၂၅ ခုနှစ် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ပြုဆောင်းပါး

# လွတ်လပ်ရေးရပြီး ၇၇ နှစ် ခရီး ....

**---- ဒေါက်တာမောင်ကျော်၊ ပါမောက္ခချုပ် (ငြိမ်း) ----**

### လွတ်လပ်ရေးရပြီ...

မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် လုံးဝလွတ်လပ်သည့်နိုင်ငံဖြစ်လာသည်။ ၁၉၄၈ ခုနှစ် ဧပြီလ ၁၉ ရက်နေ့တွင် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ ဖြစ်လာခဲ့သည်။ ၁၉၄၈ ခုနှစ်မှစ၍ ယနေ့တိုင် ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းဖြင့် မြန်မာတို့ကိုယ်တိုင် စီမံခန့်ခွဲနိုင်ပြီ၊ ကိုယ်စီကိုယ်င ဖွံ့ဖြိုးတိုးတက်ရေးအဖုံဖုံကို ဆောင်ရွက်နိုင်ပြီဖြစ်သည်။ လွတ်လပ်ရေးပြန်လည်ရရှိအောင်၊ ခွန်နှင့်အားနှင့် ကြိုးပမ်းဆောင်ကြဉ်းပေးခဲ့သော အဘိုးအဘွားများ၊ အသက်သွေးချွေးပေးခဲ့ကြသူများကို အောက်မေ့ကြ၊ ကျေးဇူးတရားကိုသိကြ။ သူတို့က သာယာဝပြောမှုကိုရှေ့တန်းမတင်၊ အနစ်နာခံ၊ အားထုတ်ခဲ့သူများဖြစ်သည်။ သူတို့ထားခဲ့သည့် အမွေအနှစ် အသီးအပွင့်ဖြစ်သော လွတ်လပ်ရေးကို ကျွန်တော်တို့ခံစားရတာ ၇၇ နှစ်မြောက် လွတ်လပ်ရေးနေ့သို့ ရောက်ရှိလာပြီဖြစ်သည်။

**"တရားမျှတ လွတ်လပ်ခြင်းနှင့်မသွေ ဒို့ပြည်ဒို့မြေ များလူခပ်သိမ်း ငြိမ်းချမ်းစေဖို့ ခွင့်တူညီမျှဝါဒဖြူစင်တဲ့ပြည် ဒို့ပြည်ဒို့မြေ ပြည်ထောင်စုအမွေ အမြဲတည်တံ့စေ အဓိဋ္ဌာန်ပြုပေ ထိန်းသိမ်းစို့လေ"**

လွတ်လပ်ရေးသည် အလွန်တရာနူးညံ့သော သဘောဖြစ်သည်။ လွတ်လပ်ရေးကို အရယူရန် ကြိုးစားကြစဉ်က စည်ပင်သာယာအေးချမ်းစွာနှင့် သာတူညီမျှစနစ်အရ နေထိုင်နိုင်ရန်ကြိုးစားခဲ့ခြင်းဖြစ်သည်။ နိုင်ငံရေးဝါဒစွဲ၊ ဂိုဏ်းဂဏစွဲ၊ လူမျိုးရေးစွဲ၊ ဘာသာရေးစွဲများဟု ဆိုရမလိုပါဘဲ၊ လွတ်လပ်ရေးရပြီး နှစ်လ၊ သုံးလအတွင်းမှာ လက်နက်ကိုင်ပဋိပက္ခများ စတင်ခဲ့သည်။ မြန်မာတို့ ကံကြမ္မာဆိုးခဲ့သည်။ နိုင်ငံရေးတည်ငြိမ်မှုကင်းမဲ့လာခဲ့သည်။ ပြည်သူများ မြေစာပင်ကဲ့သို့ဖြစ်ခဲ့ရသည်။

### ၇၇ နှစ်တာခရီး

မြန်မာနိုင်ငံ မတိုးတက်သည်ကို ရှည်ရှည်ဝေးဝေး ပြောနေစရာလိုမည်မထင်၊ လွတ်လပ်ရေးရပြီးကတည်းက နိုင်ငံကိုတည်ဆောက်သူက တည်ဆောက်၊ ဖျက်ဆီးသူက ဖျက်ဆီးခဲ့ကြရာ နှစ်ဆယ်ရာစုနှောင်းပိုင်း ၇၇ နှစ်ခရီးတောက်လျှောက်ပါပဲ။ သမိုင်းအထောက်အထားများအရ ပြည်ပလွှမ်းမိုးမှု နိုင်ငံရေးအစွန်းရောက် လက်ဝဲလက်ယာဝါဒီများ၊ တရားသေလူမျိုးရေး အစွန်းရောက်ဝါဒီများနှင့် တောမီးလောင် တောကြောင် လက်ခမောင်းခတ် မသမာသူများ၏ ကိုယ်ကျိုးရှာမှုများကြောင့်ဟု သုံးသပ်ကြပါသည်။ ယုံကြည်ချက်၊ ခံယူချက်၊ အယူဝါဒများ ကွဲပြား၊ လက်နက်စွဲကိုင်၊ ထင်ရာလုပ်နိုင်ခြင်းဆိုသော မှားယွင်းသည့်အယူဖြင့် တိုင်းပြည်ကိုဖျက်ဆီးရန် သူတို့ဝန်မလေးခဲ့ကြ။ လက်နက်ကယ်စုံအလင်နှင့် ခက်ဖွယ်ရယ် ကြုံခဲ့သည့်နိုင်ငံဖြစ်ခဲ့ပါသည်။

### လူထုအုံကြွမှု

မြန်မာနိုင်ငံတွင် ၁၉၈၈ ခုနှစ် လူထုအုံကြွမှုနှင့် ၂၀၂၁ ခုနှစ် ဖြစ်စဉ်ကြီးနှစ်ခုသည် ခေတ်ကာလအခြေအနေအရ သဘောသဘာဝ မတူပြားသော်လည်း နောက်ကွယ်မှရည်ရွယ်ချက်က အတူတူဖြစ်သည်ကို သတိမူရမည်။ လွတ်လပ်သောနိုင်ငံအား အစိတ်စိတ်အမွှာမွှာ ပြိုကွဲပျက်စီးနေသော ဒုက္ခသည်နိုင်ငံအဖြစ် မလိုလား၊ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး လူတန်းစားအလွှာအသီးသီး၏



(၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနား ကျင်းပစဉ်။

> **"မြန်မာနိုင်ငံတွင် ၁၉၈၈ ခုနှစ် လူထုအုံကြွမှုနှင့် ၂၀၂၁ ခုနှစ် ဖြစ်စဉ်ကြီးနှစ်ခုသည် ခေတ်ကာလအခြေအနေအရ သဘောသဘာဝမတူပြားသော်လည်း နောက်ကွယ်မှ ရည်ရွယ်ချက်က အတူတူဖြစ်သည်ကို သတိမူရမည်။ လွတ်လပ်သောနိုင်ငံအား အစိတ်စိတ်အမွှာမွှာ ပြိုကွဲပျက်စီးနေသော ဒုက္ခသည်နိုင်ငံအဖြစ် မလိုလား၊ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး လူတန်းစားအလွှာအသီးသီး၏ ကောင်းကျိုးအဖုံဖုံကို ရှေးရှုကာ ကိုယ်စိတ်နှစ်ပါးအေးချမ်းသောဘဝကို လိုလားကြသည်သာ ဖြစ်သည်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး လိုလားကြသည်သာ"**

ကောင်းကျိုးအဖုံဖုံကို ရှေးရှုကာ ကိုယ်စိတ်နှစ်ပါး အေးချမ်းသောဘဝကို လိုလားကြသည်သာ ဖြစ်သည်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး လိုလားကြသည်သာဖြစ်သည်။

မြန်မာနိုင်ငံတွင် စည်းလုံးရေးပျက်ပြားမှု၊ နိုင်ငံရေးမတည်ငြိမ်မှုကြောင့် လက်နက်ကိုင် အကြမ်းဖက်မှုများက လွတ်လပ်ရေးရပြီးကတည်းကနေ ယခုတိုင်ဖြစ်ပေါ်လျက်ရှိရာ အလွန်ပင် ထူးဆန်း၍ စဉ်းစားစရာကြီးဖြစ်နေသည်။ အိမ်နီးနားချင်း ထိုင်းနိုင်ငံ၌ နိုင်ငံရေးမတည်ငြိမ်မှုများ ရှိခဲ့သော်လည်း စီးပွားမပျက်၊ ပညာရေးမပျက်၊ အလုပ်မပျက်။ တည်ငြိမ်အေးချမ်းသွားသည်သာများသည်ကို နိုင်ငံတကာသတင်းမီဒီယာများမှ သိမြင်ရပါသည်။

သမိုင်းကို ပြန်ဆန်းကြည့်လျှင် ပုဂံခေတ်တွင် မြန်မာ၊ ကုန်းဘောင်ခေတ်တွင် ဗမာ၊ ဗြိတိသျှခေတ်တွင် ဘားမား၊ ဂျပန်ခေတ်တွင် ဘီရုမာ မည်သို့ပင်ခေါ်ခေါ် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းတို့သည် မျိုးနွယ်စုကြီးများအဖြစ် ရှေးနှစ် ပရိစ္ဆေဒများစွာကတည်းက အေးအတူ ပူအမျှ အတူတကွ ဒီမိုးဒီရေဒီမြေတွင် နေလာခဲ့သည့် သမိုင်းကြောင်း သံယောဇဉ်က ကြီးမားခဲ့ပါသည်။ **အရှေ့၊ အနောက်** နိုင်ငံရေးအယူဝါဒများကို အလွန်အမင်း မတွယ်တာလေနှင့်၊ ကိုယ်ပိုင်ယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာများက ဟောင်းနွမ်းနေပြီ ခေတ်မမီတော့ဟူ၍လည်း ယုံမှားသံသယမရှိလေနှင့်၊ ကိုယ့်စာပေ ကိုယ့်တေးဂီတများ သုခုမအနုပညာများက 'မတိုး' တော့ပြီဟူ၍လည်း မထင်လေနှင့်၊ အတိတ်က ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းနှင့် ကတ္တီပါဖိနပ်စီး ရွှေထီးဆောင်းခဲ့သည့် ဘဝကိုလည်း လွမ်းနေရုံနှင့် မပြီးသည်ကို သိကြရပေမည်။ အဋ္ဌာရသတစ်ဆယ့်ရှစ်ရပ်ဖြင့် လုံလောက်ပြီဟုလည်း မတွက်လေနှင့်၊ ဒီမိုကရေစီဆိုတိုင်း ရောဂါမှန်သမျှ ကုသနိုင်သည့် ဆေးကျမ်းဟု မဆိုနိုင်ပေ။

### အနာဂတ်မြန်မာနိုင်ငံ

မြန်မာတို့၏ဘဝနှင့် မြန်မာတို့၏ မဝေးလှသောသမိုင်း၊ လူ့ဘောင်သမိုင်း၏ ပြောင်းလဲမှုဘဝကံကြမ္မာကို ဖန်တီးရာ၌ ပဓာနအားဖြင့် ဆောင်ကြဉ်းသူတို့မှာ အသိဉာဏ်ရှိသောလူသားကသာ အဆုံးအဖြတ်ပေးသည်ကို တွေ့ရှိရသည်။ ပညာဆိုသည် ရှေ့တွင်ရှိမည့် ကောင်းကျိုး ဆိုးကျိုးကိုမြင်နိုင်သည်။ ထွင်းဖောက်မြင်နိုင်သည်။ ဘုရားရှင်လက်ထက်က ရှင်ဒေဝဒတ်၊ တိတ္ထိဆရာကြီး ခြောက်ယောက်တို့သည် ပညာကို တစ်ဖက်ကမ်းခပ် တတ်ကြသော်လည်း အယူဝါဒ လွဲမှားပြီး ဘုရားကြီး၊ ဘုရားငယ်ပြုလုပ်ကာ တပည့်များအား ဗာလလူမိုက် လမ်းမှားသို့ပို့သည်ကို ကြည့်နိုင်သည်။ ၂၁ ရာစု လူငယ်တို့ နမူနာယူကြရလိမ့်မည်။ အနာဂတ်မျိုးဆက်သစ်များကို အဝိဇ္ဇာ အမှောင်ထု လောင်းရိပ်အောက်တွင် မမွန်းကျပ်စေလို။ ရွှေဥမင်ဆရာတော်ဘုရားကြီးက **"မှားတာကို မကြောက်၊ မှားမှန်းမသိတာကို ကြောက်၏"**ဟု မြွက်ကြားပါသည်။ အလွန်လိုက်နာမှတ်သားစရာကောင်းလှပါသည်။ ကောင်းမွေ၊ ဆိုးမွေများထဲမှ မည်သည့်ကောင်းမွေများကို ခွဲခြားယူကြမလဲဆိုသည်ကို သူတို့ ဆုံးဖြတ်ကြရလိမ့်မည်။

**"ဗုဒ္ဓ၏ အခြေခံကျလှသော တရားအရ မုန်းတီးမှုနှင့် အကြမ်းဖက်မှုကို ရှောင်ရှားဖို့ စိတ်ကူးနိုင်မှု၊ စဉ်းစားနိုင်မှု ပြဿနာ၏အဖြေဆီသို့ နီးကပ်စွာ ရောက်သွားနိုင်ပါလိမ့်မည်။**

**- အမုန်းတရားကို မေတ္တာနှင့်၊**

**- ကြမ်းတမ်းခက်ထန်မှုကို ငြိမ်းချမ်းရေးနှင့်၊**

**- ထိပ်တိုက်ရင်ဆိုင်မှုကို ပူးပေါင်းညှိနှိုင်း ဆောင်ရွက်မှုများနှင့် အစားထိုးကြရပါလိမ့်မည်"**

ဟု အိန္ဒိယနိုင်ငံဝန်ကြီးချုပ်ဟောင်း ဂျဝါဟာလ်နေရူး (Jawaharlal Nehru) က ဗုဒ္ဓတရားတော်ကို အခြေပြုပြီး အကြံပြုချက်သည် လွန်စွာမှကောင်းလှပါသည်။ အများသောလူထုသည် ထင်ရာလုပ်နိုင်ခြင်း၊ စည်းမဲ့ကမ်းမဲ့ ပြုလုပ်နိုင်ခြင်းကို လွတ်လပ်ခြင်းဟူ၍ ထင်မှားနေလေသည်။

### သံသရာတစ်ကွေ့ တွေ့ကြသူများ

မည်သည့်အစိုးရမဆို ခြောက်ပြစ်ကင်းသဲလဲစင်မဟုတ်ဘူးဆိုသည်ကို ကမ္ဘာ့သမိုင်းအား ကြည့်လျှင် တွေ့မြင်ရပါလိမ့်မည်။ နှစ်ဆယ်ရာစု မြန်မာ့သမိုင်းတွင် ကြုံတွေ့ဖြတ်သန်းခဲ့ရသည့် ခါးသီးမုန်းတီးစရာ၊ စည်းလုံးမှုပျက်ပြားစရာ ဖြစ်သော သမိုင်းအထုပ်ကိုမဖြေကြဘဲ ဥမကွဲ သိုက်မပျက်မည့် ဖက်ဒရယ်ပြည်ထောင်စုကို တိုင်းရင်းသားအားလုံးက သံယောဇဉ်ကြိုးများဖြင့် ရှေးရှုတည်ထောင်နိုင်ရန် နိုင်ငံ့ခေါင်းဆောင်များ၊ တိုင်းရင်းသားခေါင်းဆောင်များက ဦးဆောင်နေသည်ကို တွေ့မြင်နေရသဖြင့် ဝမ်းသာပီတိဖြစ်ရပါသည်။

**စာမျက်နှာ ၁၁ သို့ ❐**

# သန်လျင်မြို့ရှိ အမှတ်(၁)ရေနံချက်စက်ရုံ(သန်လျင်) လည်ပတ်ထုတ်လုပ်နိုင်ရေး လုပ်ငန်းဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး



ရန်ကုန် ဒီဇင်ဘာ ၃၁

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်စင်သည် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်ရှိ အမှတ်(၁) ရေနံချက်စက်ရုံ (သန်လျင်) လည်ပတ် ထုတ်လုပ်နိုင်ရေး လုပ်ငန်း ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှု စစ်ဆေးသည်။

ဦးစွာ ဒုတိယဝန်ကြီးနှင့်အဖွဲ့အား အမှတ်(၁) ရေနံချက်စက်ရုံ (သန်လျင်) ဧည့်ရိပ်သာ၌ စက်ရုံမှူးနှင့်တာဝန်ရှိသူများ၊ အကျိုးတူပူးပေါင်းဆောင်ရွက်ခွင့် ရရှိသည့် ကုမ္ပဏီမှတာဝန်ရှိသူများက လက်ရှိ ရေနံချက်စက်ရုံ(ခ)မှ အသုံးပြုနိုင်သည့် စက်ပစ္စည်းများအား ပြန်လည်ဆယ်တင် ပြုပြင်မွမ်းမံ ဆောင်ရွက်နေမှု အခြေအနေများ၊ ပထမအဆင့်အနေဖြင့် ဆယ်တင်စက်ပစ္စည်းများ ထည့်သွင်းအသုံးပြု၍ တစ်နေ့စ်လျှင် ရေနံစိမ်း တန်ချိန် ငါးသိန်း ချက်လုပ်နိုင်မည့် Modular Type စက်ရုံသစ် တည်ဆောက်နိုင်ရေး လုပ်ငန်း ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြကြပြီး မြန်မာ့ရေနံ ဓာတုဗေဒလုပ်ငန်း ဒုတိယ ဦးဆောင် ညွှန်ကြားရေးမှူးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

**ဆွေးနွေးမှာကြား**

တင်ပြမှုများအပေါ် ဒုတိယဝန်ကြီးက လက်ရှိစက်ရုံမှ ပြန်လည်ဆယ်တင် အသုံးပြုနိုင်မည့်စက်ပစ္စည်းများ၊ ရှိရင်းစွဲ အခြေခံ အဆောက်အအုံများနှင့် အရင်းအမြစ် (Utilities) များကို အတတ်နိုင်ဆုံး ပြုပြင်မွမ်းမံ၍ ပြန်လည်အသုံးချပြီး စက်ရုံသစ်အား သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ စက်ရုံသစ် တည်ဆောက်မည့် မြေနေရာ ရှင်းလင်းခြင်း၊ စက်ရုံ၏ဒီဇိုင်းနှင့် ပုံစံတို့အား အတည်ပြု၍ စက်ပစ္စည်းများထုတ်လုပ်ခြင်း၊ စက်ပစ္စည်းများ လုပ်ငန်းခွင်ဧရိယာသို့ ပို့ဆောင်ခြင်း၊ စက်ပစ္စည်းများ တပ်ဆင်ခြင်း၊ စမ်းသပ်လည်ပတ်ခြင်း၊ သိုလှောင်ကန်များနှင့် ပိုက်လိုင်းကွန်ရက်များ ပြုပြင်တည်ဆောက်ခြင်း၊ ကုန်ကြမ်း ရေနံစိမ်းသယ်ယူမည့် ပိုက်လိုင်း တည်ဆောက်ခြင်း၊ စက်ရုံလည်ပတ်ရေးအတွက် လိုအပ်သော စက်ရုံသုံးရေ၊ သဘာဝဓာတ်ငွေ့ ရယူခြင်းနှင့် လျှပ်စစ်ဓာတ်အား လိုင်းတည်ဆောက်ခြင်း စသည့် လုပ်ငန်းများကို သတ်မှတ်အချိန်ဇယားအတိုင်း ပြီးစီးအောင် ဆောင်ရွက်ရမည် ဖြစ်သဖြင့် ဆောင်ရွက်နိုင်သည့် လုပ်ငန်းများကို တစ်ပြိုင်တည်း လုပ်ဆောင်သွားရမည်ဖြစ်ကြောင်း၊ ထို့ပြင် စက်ရုံလည်ပတ်ရေးအတွက် စက်ရုံကိုင်တွယ်ထိန်းသိမ်းခြင်း သင်တန်းများ ကြိုတင်ဖွင့်လှစ်သွားရမည် ဖြစ်ကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် အမှတ်(၁) ရေနံချက်စက်ရုံ (သန်လျင်)မှ အသုံးပြုနိုင်သည့် စက်ပစ္စည်းများ ပြန်လည်ဆယ်တင်ပြုပြင်မွမ်းမံ ဆောင်ရွက်နေမှု အခြေအနေများ၊ စက်ရုံအသစ်တည်ဆောက်မည့် မြေနေရာရှင်းလင်းမှု အခြေအနေများ၊ စက်ဆီ ချောဆီ ရောစပ် စည်သွတ်စက်ရုံ၊ ရေနံဓာတ်ငွေ့ရည်သိုလှောင်ဖြန့်ဖြူးရေးဌာနနှင့် ဝန်ထမ်းအိမ်ရာများအား လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❒ စာမျက်နှာ ၁၀ မှ

သဟဇာတ၊ သမာသမတ် ဖေးမကူညီရိုင်းပင်းသည့် ဖက်ဒရယ်ကို တည်ဆောက်ရာတွင် ထိပ်တိုက်ရင်ဆိုင်ယှဉ်ပြိုင်မှုများ ရှောင်ရလိမ့်မည်။ နှလုံးသားနှင့် ဉာဏ်အမြော်အမြင်ကို အခြေခံသည့် ပူးပေါင်းဆောင်ရွက်မှုကို ကျင့်သုံးရလိမ့်မည်။ နိုင်ငံက စည်းလုံးညီညွတ်မှု (unity) ရှိရပါမည်။ စည်းလုံးညီညွတ်မှု မရှိဘဲ နိုင်ငံဖွံ့ဖြိုးတိုးတက်ရန် ခက်ခဲပါသည်။

သံသရာတစ်ကွေ့တွင် ကျွန်တော်တို့တစ်တွေ ယခုလိုဆုံတွေ့ရသည့်ဘဝ အေးအတူပူအမျှ ငြိမ်းငြိမ်းချမ်းချမ်းနေလိုသည့်ဆန္ဒ၊ အမျိုးသားအကျိုးစီးပွား ရှေးရှုသည့်ဝိသေသ၊ နိုင်ငံတကာ အလယ်တွင် ထည်ထည်ဝါဝါနှင့်နေနိုင်သည့် အခြေအနေကို ချစ်မြတ်နိုးကြရပါမည်။

– ကမ္ဘာ့လူသားတစ်ယောက်အဖြစ် ကျွန်တော်တို့က ဤကမ္ဘာမြေတွင် အသက်ရှင်ခွင့်ရှိသလောက် နေခဲ့ကြပြီ။ ရေစက်ဆုံကာ တစ်ခုတည်းသော မိုးကောင်းကင်ကိုကြည့်၊ တူညီသောလေကိုရှူခဲ့ပြီ။ ရေကြည်ကိုသောက်ခဲ့ကြပြီ။ မြေမှပေါက်သည့် သီးနှံတို့ကိုလည်းစား၊ ဝေငှလှူဒါန်းမှုများလည်း ပြုခဲ့ကြပြီ။

– တည်ငြိမ်ခံ့ညားမြင့်မားသည့် တောင်တန်းကြီးများနှင့် ဤတောင်တန်းများကြားမှ တသွင်သွင်စီးဆင်းနေသည့် ဧရာဝတီ၊ သံလွင်၊ စစ်တောင်းမြစ်တို့ကို အကြောင်းပြုပြီး တိုင်းရင်းသားအပေါင်း စုပေါင်းနေထိုင်ခဲ့ကြပြီ။

– မြန်မာတိုင်းရင်းသားတို့၏ ကောင်းကျိုးအတွက် မြော်မြင်တွေးခေါ် ကြံစည်စိတ်ကူးကြမှ အသိဉာဏ်နှင့်ယှဉ်ပြီး အနာဂတ်ခရီးကို သတိရှိရှိဖြင့် လျှောက်လှမ်းကြမှ၊ ကုသိုလ်စိတ်နှင့် တန်ဖိုးထားနေထိုင်ခဲ့ကြမှ နေခဲ့သမျှ၊ နေရနိုင်မည့်ကာလအတွက် ကျေးဇူးတရားသိရာ၊ ဆပ်ရာကျလိမ့်မည်။

> **ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းတို့သည် မျိုးနွယ်စုကြီးများအဖြစ် ရှေးနှစ်ပရိစ္ဆေဒ များစွာကတည်းက အေးအတူ ပူအမျှ အတူတကွ ဒီမိုးဒီရေဒီမြေတွင် နေလာခဲ့သည့် သမိုင်းကြောင်းသံယောဇဉ်က ကြီးမားခဲ့ပါသည်။ အရှေ့၊ အနောက် နိုင်ငံရေးအယူဝါဒများကို အလွန်အမင်း မတွယ်တာလေနှင့်၊ ကိုယ်ပိုင်ယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာများက ဟောင်းနွမ်းနေပြီ ခေတ်မမီတော့ဟူ၍လည်း ယုံမှားသံသယမရှိလေနှင့်၊ ကိုယ့်စာပေ ကိုယ့်တေးဂီတများ သုခုမအနုပညာများက 'မတိုး' တော့ပြီဟူ၍လည်း မထင်လေနှင့်၊ အတိတ်က ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းနှင့် ကတ္တီပါဖိနပ်စီး ရွှေထီးဆောင်းခဲ့သည့်ဘဝကိုလည်း လွမ်းနေရုံနှင့် မပြီးသည်ကို သိကြရပေမည်။ အဌာရသတစ်ဆယ့်ရှစ်ရပ်ဖြင့် လုံလောက်ပြီဟုလည်း မတွက်လေနှင့်၊ ဒီမိုကရေစီဆိုတိုင်း ရောဂါမှန်သမျှ ကုသနိုင်သည့် ဆေးကျမ်းဟုမဆိုနိုင်**

**ဉာဏ်နှင့်ယှဉ် သတိကြီးစွာရှုမြင်**

ယနေ့ကမ္ဘာတစ်လွှားတွင် အကြမ်းဖက်မှု၊ လူထုအုံကြွမှု၊ ဒေါသအမျက်ခြောင်းခြောင်းထွက်နေမှုများသည် ထိန်းရခက်၊ ကျယ်ပြန့်၊ ပြင်းလဲပြင်းထန်ပါသည်။ တိုင်းပြည်စည်းလုံးမှု လျော့နည်းသည့်အခါ၊ တိုင်းပြည်တွင် အားနည်းချက်များ၊ မတည်ငြိမ်မှုများ ပေါ်လာသည့်အခါတိုင်းတွင် အဖျက်လုပ်ရပ်များ ပေါ်ပေါက်လာစမြဲပါ။ ယနေ့တိုင်ပြည်သူများသည် အကြမ်းဖက်ခြင်း၊ တည်ငြိမ်အေးချမ်းမှုကို နှောင့်ယှက်ခံရခြင်း၊ အပြစ်မဲ့ပြည်သူများ သေကျေပျက်စီးခြင်းနှင့် လူငယ်များ အတွေးအခေါ် အယူအဆအမှားများဖြင့် လမ်းမှားသို့ ရောက်မှန်းမသိရောက်ရှိခြင်း စသည့် အနာဂတ်ထိခိုက်စရာများအထိ ဖြစ်ပေါ်လျက်ရှိသည်။ တင်းမာမှုနှင့် ထိပ်တိုက်ရင်ဆိုင် တိုက်ပွဲဝင်မှုများက ပို၍ဆိုးဖွယ်ရာပင် ဖြစ်လိမ့်မည်။

**ဒီမိုကရေစီနှင့် ဖက်ဒရယ်**

နိုင်ငံတော်၏ နိုင်ငံရေးဦးတည်ချက်တစ်ခုဖြစ်သည့် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ် ပညာတတ်များ ပေါကြွယ်ဝရေးဖြစ်ပါသည်။

သမိုင်းတစ်လျှောက် သာဓကအထောက်အထားကောင်းများ ရှိခဲ့ပါသည်။ ဒုတိယကမ္ဘာစစ်ကြီးအပြီးတွင် ဂျာမနီသည် Federal Republic of Germany (FRG), German Democratic Republic (GDR) ဆိုပြီး နိုင်ငံရေးအတွေးအခေါ်နှင့် စူပါပါဝါနိုင်ငံကြီးများ၏ လွှမ်းမိုးမှုကြောင့် နှစ်ခြမ်းကွဲသွားခဲ့ပါသည်။ နှစ်ပေါင်း ၄၅ နှစ်ကျော်ကြာမှ နှစ်ခြမ်းကွဲဂျာမနီက ပြန်လည်ပူးပေါင်းနိုင်ခဲ့ကြခြင်းသည် နမူနာကောင်းဖြစ်ပါသည်။ ဤသို့ ပြန်လည်ဆုံတွေ့ပူးပေါင်းရာတွင် ခက်ခဲမှုများကို ခက်ခဲသည်ဟု မမြင်ဘဲ အခက်အခဲများကို ကျော်လွှားခဲ့ပါသည်။ နှစ်ခြမ်းကွဲခဲ့သည့် ဗီယက်နမ်၊ ဂျာမနီနိုင်ငံတို့သည် နိုင်ငံရေးအင်အားစုများ၊ ကာကွယ်ရေးအင်အားစုများကောင်းမွန်၍၊ ကွဲပြားခြားနားသည့် နိုင်ငံရေးသဘောတရားအပေါ် သဘောထားကြီးနိုင်သော အမျိုးသားရေးအမြော်အမြင်၊ ဂျာမန်ဆိုသည့် အမျိုးသားရေးစိတ်ဓာတ်များက ပေါင်းစည်းပေးလိုက်သည်ဟု ပြောရမည်ဖြစ်ပါသည်။ ဥရောပတိုက်တစ်တိုက်လုံးသည် စစ်ပွဲကြီးနှစ်ခုကြောင့် ရင်နာစရာ၊ အခဲမကျေစရာများက မြန်မာနိုင်ငံထက် ထုနှင့် ထည်နှင့် ကြီးမားသောအစိုင်အခဲ ဖြစ်မည်ဟု ခန့်မှန်း၍ရပါသည်။

အမေရိကန်ပြည်ထောင်စု (United States of America) က ဖက်ဒရယ်ပြည်ထောင်စုပင် ဖြစ်ပါသည်။ ပြည်နယ်နှင့် တိုင်းဒေသကြီးများကို ညီညွတ်စုစည်းဖွဲ့စည်းထားသော နိုင်ငံပင်ဖြစ်ပါသည်။ စုစည်းညီညွတ်ခြင်းကြောင့် အမေရိကန်သည်လည်းကောင်း၊ ဥရောပသမဂ္ဂ (European Union) သည်လည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသည်လည်းကောင်း၊ ဂျာမနီနိုင်ငံသည်လည်းကောင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံသည်လည်းကောင်း ကမ္ဘာတွင် အင်အားကြီး၊ အရာရာဖွံ့ဖြိုးတိုးတက်မှုမြင့်မားနေကြောင်း တွေ့ရှိရပါသည်။

**နိဂုံးချုပ်ရလျှင်ဖြင့်–**

လွတ်လပ်ရေးနေ့ ဤရက်တွင် အဓိကဖြစ်သော မေးခွန်းနှစ်ခုကို မေးသင့်ကြသည်။

– "ကျွန်တော်တို့သည် လွတ်လပ်ခြင်း၏ အဓိပ္ပာယ်ကို မှန်ကန်စွာသိရှိပါသလား…

– ကျွန်တော်တို့သည် လွတ်လပ်ခြင်း၏အဓိပ္ပာယ်ကို မှန်ကန်စွာသိရှိသည့်အတိုင်း၊ လွတ်လပ်သောလူမျိုး၏ ဝတ္တရားကို ကျေပွန်စွာဆောင်ရွက်နေပါသလား" ထင်ရာလုပ်နိုင်ခြင်း စည်းမဲ့ကမ်းမဲ့ပြုလုပ်နိုင်ခြင်းကို လွတ်လပ်ခြင်းဟူ၍ ထင်မှားနေပါသလော…

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက် ၇၇ နှစ် ခရီးမှာ နိုင်ငံရေးအပြောင်းအလဲရှိတိုင်း လက်နက်ကယ်စုံအလင်နှင့် ခက်ဖွယ်ရယ်ကြုံခဲ့သည့် နိုင်ငံဖြစ်ခဲ့သည်။

အတိတ်တွင် ကျန်ခဲ့ပြီဖြစ်သော ၂၀ ရာစုမြန်မာနိုင်ငံသည် အသစ်ပေါ်ထွန်းလာမည့် ၂၁ ရာစုမြန်မာနိုင်ငံအဖြစ် ဆက်လက်ထိန်းသိမ်းရာဝယ် လွတ်လပ်ရေးအမွေအနှစ် ကောင်းမွေများကို ယူတတ်ရန်နှင့် မကောင်းသည်ကို ပယ်တတ်သော အရည်အချင်းနှင့် ဉာဏ်အမြော်အမြင်များ ရှိကြရပါလိမ့်မည်။ စိတ်ခေါ်မှုများ မည်သို့ပင်ရှိသည်ဖြစ်စေ မြန်မာတိုင်းရင်းသားအပေါင်းတို့၏ နှလုံးရည်၊ လက်ရုံးရည် ဖွဲ့၊ လုံ့လ၊ ဝီရိယ၊ သမာဓိ၊ သတိများဖြင့် ရှေ့သို့ချီမည်ပန်းတိုင်ဆီသို့ လျှောက်လှမ်းကြရမည် ဖြစ်ပါကြောင်း မေတ္တာဖြင့် ရေးသားအပ်ပါသည်။ ။


**ကျမ်းကိုး –**

– ဗမာ့တော်လှန်ရေးသမိုင်း၊ ဗိုလ်မှူးဘသောင်း (မောင်သုတ) မတ်လ ၁၉၉၁ ခုနှစ်၊ ပြန်ကြားရေးဝန်ကြီးဌာန
– မကြန် သမိုင်းရှာပုံတော်ခရီးနှင့် အခြားစာတမ်းများ မြရတနာ စာပေ၊ စာစဉ် (၁) ၂၀၀၂ ခုနှစ်
– Myanmar: Facts and Figures; Ministry of Information, Myanmar, March, 2000
– "၂၀ ရာစုမြန်မာနိုင်ငံ" အမျိုးသားလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန၊ ပညာရေးဝန်ကြီးဌာန၊ ၂၀၀၂ ခုနှစ် တက္ကသိုလ်များ ပုံနှိပ်တိုက်
– မြန်မာနိုင်ငံရဲ့ နိုင်ငံရေးမိုးသက်လေပြင်းများနှင့် အခြားဆောင်းပါးများ၊ စာအုပ်အမှတ်စဉ် (၄၂/၂၀၂၂) ပြန်ကြားရေးဝန်ကြီးဌာန၊ ၂၀၂၂ ခုနှစ်၊ ဧပြီလ၊ ပထမအကြိမ်
– Newsweek March, 1998
– Time 4 September, 2001
– Readers' Digest, October, 2001

# ၂၀၂၄ ခုနှစ်အတွင်း ကမ္ဘာတစ်လွှားထူးထူးခြားခြားဖြစ်စဉ်များ

ကြေးမုံဘာသာပြန်အဖွဲ့

**၂၀၂၄ ခုနှစ်မှာ ဖြစ်ပျက်ခဲ့တဲ့ ထူးခြားဖြစ်စဉ်တွေကို လေ့လာသုံးသပ်ကြည့်မယ်ဆိုရင် ၂၀၂၄ ခုနှစ်ဟာ သဘာဝဘေးအန္တရာယ်နဲ့ စတင်ခဲ့တဲ့နှစ်တစ်နှစ်လို့ ပြောရမှာဖြစ်ပါတယ်။**

ဘာကြောင့်ဆိုရင် ဇန်နဝါရီ ၁ ရက်က ဂျပန်နိုင်ငံအလယ်ပိုင်း အီရှီကာဝါစီရင်စုမှာ အင်အား ၇ ဒသမ ၆ အဆင့်ရှိတဲ့ နိုတိုငလျင်လှုပ်ခတ်ခဲ့တာကြောင့် ၁၂၈ ဦး သေဆုံးပြီး ၁၉၅ ဦး ပျောက်ဆုံးခဲ့ပါတယ်။ အိမ်ထောင်စု ၂၀၀၀၀ ခန့် ခဝတ်အားပြတ်တောက်မှုနဲ့ ကြုံတွေ့ခဲ့ရပြီး ၆၆၀၀၀ မှာ ရေပြတ်တောက်ခဲ့ရပါတယ်။ ဒါတင်မကသေးပါဘဲ စက်တင်ဘာ ၈ ရက်မှာ ဗီယက်နမ်နိုင်ငံမြောက်ပိုင်းမှာ စူပါတိုင်ဖွန်းယာဂီဝင်ရောက်တိုက်ခတ်ခဲ့ပါတယ်။ ယာဂီမုန်တိုင်းဟာ နှစ်ပေါင်း ၃၀ မှာ အပြင်းဆုံးတိုင်ဖွန်းမုန်တိုင်းဖြစ်ပါတယ်။ ၃၂၅ ဦးသေဆုံးပြီး ၅၄ ဦးပျောက်ဆုံးခဲ့ပါတယ်။ မုန်တိုင်းတိုက်ခတ်မှုကြောင့် ပြည်သူ ၁ ဒသမ ၅ သန်း လျှပ်စစ်မီးနဲ့ ရေထောက်ပံ့မှုတွေ ပြတ်တောက်ခဲ့ရပါတယ်။ စက်တင်ဘာ ၁၁ ရက်မှာလည်း ဥရောပဒေသနိုင်ငံတချို့မှာ ဘောရစ်မုန်တိုင်း ဝင်ရောက်တိုက်ခတ်တဲ့အတွက်ကြောင့် ဒေသခံ ၁၂၀၀၀ ကျော် သေဆုံးပြီးတော့ အခြေခံအဆောက်အအုံတွေ ပျက်စီးခဲ့ရပါတယ်။ အောက်တိုဘာ ၂၉ ရက်နဲ့ ၃၀ ရက်တွေမှာ စပိန်နိုင်ငံ အရှေ့ပိုင်းမှာ မိုးသည်းထန်စွာရွာသွန်းလို့ ရေကြီးရေလျှံမှုတွေ ဖြစ်ပွားခဲ့ပါတယ်။ ပြည်သူ ၆၀ ကျော် သေဆုံးပြီး စပိန်နိုင်ငံအရှေ့ပိုင်း ဗလင်စီယာမြို့မှာရှိတဲ့ အဆောက်အအုံတွေ ပျက်စီးဆုံးရှုံးခဲ့ရပါတယ်။ နိုဝင်ဘာ ၁ ရက်မှာ ဖိလစ်ပိုင်နိုင်ငံကို တိုင်ဖွန်းမုန်တိုင်း ထရာမီ ဝင်ရောက်တိုက်ခတ်ခဲ့ပါတယ်။ ရေကြီးရေလျှံမှုတွေဖြစ်ပွားပြီး ၁၂ ဦး အနည်းဆုံးသေဆုံးခဲ့ပါတယ်။ ဒ့ါအပြင် သဘော်ငါးစင်းနစ်မြုပ်ပြီး ကွမ်ဘင်ပြည်နယ်မှာ အိမ်ခြေ ၃၄၀၀၀ ခန့် ရေလွှမ်းမိုးခံရပြီး ပျက်စီးဆုံးရှုံးခဲ့ပါတယ်။ ရေကြီးမှုကြောင့် ကောက်ပဲသီးနှံ ၇၉၁ ဟက်တာ ပျက်စီးခဲ့ပြီး ကြက်အကောင်ရေ ၇၀၅၀၀ ကျော်နဲ့ တိရစ္ဆာန် ၅၀၀ နီးပါးသေဆုံးပြီး ငါးမွေးမြူရေးကန် ၇၁၆ ဟက်တာ ပျက်စီးဆုံးရှုံးခဲ့ပါတယ်။ ဒ့ါအပြင် လမ်းမကြီးများ၊ ရေလှောင်တမံများနဲ့ ကမ်းရိုးတန်းဒေသရှိ အခြေခံအဆောက်အအုံများစွာ ပျက်စီးဆုံးရှုံးခဲ့ပါတယ်။ ပျက်စီးဆုံးရှုံးမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၁၉ ဒသမ ၇ သန်းခန့်ရှိပါတယ်။ ဒီလို သဘာဝဘေးအန္တရာယ် ဆက်တိုက်ဖြစ်ပွားတဲ့ အကြောင်းရင်းကတော့ ကမ္ဘာ့နိုင်ငံတွေအနေနဲ့ ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှုကို လျှော့ချခြင်းမရှိသေးတဲ့အတွက် ကမ္ဘာ့အပူချိန်တွေ မြင့်တက်လာပြီး ကမ္ဘာအနှံ့အပြားမှာ သဘာဝဘေးအန္တရာယ်တွေနဲ့ ကြုံတွေ့နေရတာပဲဖြစ်ပါတယ်။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်က ၂၀၂၄ ခုနှစ်ဟာ ရာသီဥတုဘေးအန္တရာယ်တွေ အများဆုံးကြုံတွေ့ရတဲ့နှစ်ဖြစ်တယ်လို့ ဒီဇင်ဘာ ၃၀ ရက် နှစ်သစ်ကူးအကြိုမိန့်ခွန်းမှာ ပြောကြားခဲ့ပါတယ်။ ပြီးခဲ့တဲ့ ၁၀ နှစ်အတွင်း အပူချိန်အမြင့်မားဆုံးနှစ်ဖြစ်တယ်လို့လည်း သိရပါတယ်။ ဒီလိုသဘာဝဘေးအန္တရာယ်တွေ ဖြစ်ပွားနေတဲ့အချိန်မှာ အမေရိကန်ရွေးကောက်ခံသမ္မတ ဒေါ်နယ်ထရမ့်က ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ၂၀၁၅ ခုနှစ် ပါရီသဘောတူညီချက်ကနေ နောက်တစ်ကြိမ် နုတ်ထွက်ဖို့ပြောကြားခဲ့တဲ့အတွက် ကမ္ဘာကြီးပူနွေးမှုနဲ့ ရာသီဥတုဖောက်ပြန်မှုအပေါ် ကမ္ဘာ့ပြည်သူတွေအနေနဲ့ စိုးရိမ်မှုတွေ မြင့်တက်လို့နေပါတယ်။

**ကမ္ဘာ့နိုင်ငံရေးအခင်းအကျင်းနဲ့ ရွေးကောက်ပွဲ**

၂၀၂၄ ခုနှစ်အတွင်း ကမ္ဘာ့နိုင်ငံရေးအခင်းအကျင်းနဲ့ ရွေးကောက်ပွဲတွေကို လေ့လာကြည့်မယ်ဆိုရင် ဖေဖော်ဝါရီ ၁၄ ရက်က ကျင်းပခဲ့တဲ့ အင်ဒိုနီးရှားနိုင်ငံရဲ့ သမ္မတရွေးကောက်ပွဲမှာ ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီးဟောင်း ပရာဘိုဝို ဆူဘီရန်တို အနိုင်ရခဲ့ပါတယ်။ ရွေးကောက်ပွဲရလဒ်အရ ပရာဘိုဝိုက ထောက်ခံမဲ ၉၆ ဒသမ ၂၁ သန်း (၅၈ ဒသမ ၆ ရာခိုင်နှုန်း) ရရှိပြီး အနိုင်ရရှိခဲ့ပါတယ်။ ပရာဘိုဝိုက ၂၀၀၈ ခုနှစ်မှာ ကိုယ်ပိုင်ပါတီကို တည်ထောင်ခဲ့တဲ့ ဗိုလ်ချုပ်ကြီးဟောင်းတစ်ဦးဖြစ်ပါတယ်။ ၂၀၁၄ ခုနှစ်နဲ့ ၂၀၁၉ ခုနှစ် သမ္မတရွေးကောက်ပွဲတွေမှာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပေမယ့် လက်ရှိသမ္မတ ဂျိုကိုဝီဒိုဒိုကို ရှုံးနိမ့်ခဲ့ပါတယ်။ ဒါပေမဲ့ အသက် ၇၂ နှစ်ရှိပြီဖြစ်တဲ့ လက်ရှိသမ္မတ ဂျိုကိုဝီဒိုဒိုနဲ့ ဆက်ဆံရေးကို မြှင့်တင်ခဲ့ပါတယ်။ ဂျိုကိုဝီဒိုဒိုက ပရာဘိုဝိုကို ကာကွယ်ရေးဝန်ကြီးအဖြစ် ရွေးချယ်ခဲ့ပါတယ်။ ပရာဘိုဝိုကလည်း ဂျိုကိုဝီဒိုဒိုရဲ့ အကြီးဆုံးသား ဂီဘရန် ရာကာဘူမင်ရာကာကို သူ့ရဲ့နိုင်ငံရေးမဟာမိတ်အဖြစ် အပြန်အလှန် ရွေးချယ်ခဲ့ပါတယ်။ နိုင်ငံရဲ့မြို့တော်သစ်ကို ပြောင်းရွှေ့နေရာချထားမှုအပါအဝင် ဂျိုကိုဝီဒိုဒိုရဲ့ မူဝါဒတွေကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမယ်လို့ ရွေးကောက်ခံသမ္မတ ပရာဘိုဝိုက ကတိပြုခဲ့ပါတယ်။



ဂျပန်နိုင်ငံ၌ နိုတိုငလျင်လှုပ်ခတ်မှုကြောင့် ပျက်စီးမှုများကို တွေ့ရစဉ်။

**အိန္ဒိယရွေးကောက်ပွဲ**

၂၀၂၄ ခုနှစ် ဧပြီလ ၁၉ ရက်နေ့မှာ ကျင်းပတဲ့ အိန္ဒိယနိုင်ငံရွေးကောက်ပွဲမှာ လက်ရှိဝန်ကြီးချုပ် မိုဒီဦးဆောင်တဲ့ ဘာရာတာဂျန်နေတာပါတီဦးဆောင်တဲ့ အမျိုးသားဒီမိုကရက်တစ် ညွန့်ပေါင်းအဖွဲ့က အနိုင်ရရှိခဲ့ပြီးတော့ လွှတ်တော်အမတ်နေရာ ၂၉၃ နေရာကို ရရှိခဲ့ပါတယ်။ နိုင်ငံနဲ့ နိုင်ငံသားတွေရဲ့ အကျိုးစီးပွားကို ကြိုးပမ်းဆောင်ရွက်သွားပြီး နိုင်ငံရဲ့ အမွေအနှစ်တွေကို ထိမ်းသိမ်းစောင့်ရှောက်ကာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သွားမယ်လို့ အမျိုးသားဒီမိုကရက်တစ် ညွန့်ပေါင်းအဖွဲ့က ကတိပြုပြောကြားခဲ့ပါတယ်။ ဇန်နဝါရီ ၁၃ ရက်မှာ ဝန်ကြီးချုပ်မိုဒီက အိန္ဒိယနိုင်ငံရဲ့ မွမ်ဘိုင်းကမ်းရိုးတန်းတစ်လျှောက် အရှည်လျားဆုံး Atal Setu Nhava Sheva ပင်လယ်ကူးတံတားကို ဖွင့်လှစ်ခဲ့ပါတယ်။ မွမ်ဘိုင်းမြို့အလယ်ပိုင်း Sewri နဲ့ ပြည်မကြီးရှိ Raigad ခရိုင် Chirle မြို့ကို သွယ်တန်းထားပါတယ်။ မတ် ၆ ရက်မှာလည်း အိန္ဒိယနိုင်ငံရဲ့ ပထမဆုံး ရေအောက်ရထားလမ်းပိုင်းကို အနောက်ဘင်္ဂလားမြို့တော် ကာလကတ္တားမှာ ဖွင့်လှစ်ခဲ့ပါတယ်။

**အမေရိကန်ရွေးကောက်ပွဲ**

၂၀၂၄ ခုနှစ် နိုဝင်ဘာ ၅ ရက်မှာ ကျင်းပခဲ့တဲ့ အမေရိကန်သမ္မတရွေးကောက်ပွဲမှာ ရီပတ်ဘလစ်ကန်သမ္မတလောင်း ဒေါ်နယ်ထရမ့်က ထောက်ခံမဲ ၅၁ ရာခိုင်နှုန်းနဲ့ ပြိုင်ဘက် ဒီမိုကရက်တစ်ပါတီသမ္မတလောင်း ကင်မလာဟဲရစ်ကို အနိုင်ရရှိပြီးတော့ အမေရိကန်နိုင်ငံရဲ့ ၄၇ ယောက်မြောက် သမ္မတဖြစ်လာပါတယ်။ "အမေရိကန်သည်သာ ပထမ" ဆိုတဲ့မူဝါဒကို လက်ကိုင်ထားတဲ့ ထရမ့်ဟာ သမ္မတရာထူးတာဝန်တွေကို စတင်ထမ်းဆောင်ပြီဆိုတာနဲ့ အမေရိကန်နိုင်ငံအတွင်းသို့ တင်သွင်းတဲ့ သွင်းကုန်တွေအပေါ် အခွန်စည်းကြပ်ကောက်ခံမယ်လို့ ဟစ်ကြွေးခဲ့ပါတယ်။ သူ့မူဝါဒအတိုင်း အခွန်စည်းကြပ်ကောက်ခံမယ်ဆိုရင် ကမ္ဘာလုံးဆိုင်ရာ ဂျီဒီပီတန်ဖိုးဟာ သုည ဒသမ ၃ ရာခိုင်နှုန်း လျော့ကျသွားနိုင်ပါတယ်။

**ရုရှားရွေးကောက်ပွဲ**

မတ် ၁၅ ရက်မှ ၁၇ ရက်အထိ သုံးရက်ကြာကျင်းပခဲ့တဲ့ ရုရှားသမ္မတရွေးကောက်ပွဲမှာ လက်ရှိသမ္မတ ဗလာဒီမာပူတင်က ထောက်ခံမဲအသာစီးနဲ့ အနိုင်ရရှိခဲ့ပါတယ်။ ယူကရိန်းဒေသတွေဖြစ်တဲ့ ခရိုင်းမီးယား၊ ဒိုနတ်စ်၊ လူဟန်နက်စ်၊ ဇာပိုရီဇာဟီယာနဲ့ ခါဆန်ဒေသတွေမှာလည်း သမ္မတ ရွေးကောက်ပွဲကို ကျင်းပခဲ့ပါတယ်။ သမ္မတပူတင်ဟာ သူ့ရဲ့ ပဉ္စမမြောက် ရာထူးသက်တမ်းကို ဆက်လက်တာဝန်ထမ်းဆောင်နေတာဖြစ်ပါတယ်။

**လေယာဉ်မတော်တဆမှုများ**

၂၀၂၄ ခုနှစ်အတွင်း ဖြစ်ပျက်ခဲ့တဲ့အကြောင်းအရာတွေကို လေ့လာကြည့်မယ်ဆိုရင် လူအသေအပျောက်များခဲ့တဲ့ မတော်တဆမှုတွေကို ချန်လှပ်ထားလို့မရပါဘူး။ ဒီနှစ်အတွင်းမှာ လေယာဉ်ပျက်ကျမှုဖြစ်စဉ်တွေ အများဆုံးဖြစ်ပွားခဲ့ပါတယ်။ ဩဂုတ်



အဇာဘိုင်ဂျန်လေကြောင်းလိုင်းမှ ခရီးသည်တင်လေယာဉ် ပျက်ကျမှုကို တွေ့ရစဉ်။

၁၀ ရက်က ဘရာဇီးနိုင်ငံမှာ ခရီးသည်တင်လေယာဉ်တစ်စင်းက ပါရာနာပြည်နယ်ကနေ ဆော်ပေါ်လိုမြို့တော် ဂွာရုဟိုစ်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ဦးတည်ပျံသန်းနေရင်းနဲ့ ဆော်ပေါ်လိုမြို့တော်နဲ့ ၈၀ ကီလိုမီတာအကွာမှာရှိတဲ့ လူနေရပ်ကွက်တစ်ခုအတွင်းသို့ ပျက်ကျခဲ့ပါတယ်။ ဒီဖြစ်စဉ်မှာ ခရီးသည် ၅၇ ဦးနဲ့ လေယာဉ်အမှုထမ်း လေးဦးအပါအဝင် စုစုပေါင်း ၆၁ ဦးသေဆုံးခဲ့ပါတယ်။

ဒီဇင်ဘာ ၂၅ ရက်မှာလည်း အဇာဘိုင်ဂျန်လေကြောင်းလိုင်းမှ ခရီးသည်တင်လေယာဉ်တစ်စင်း ပျက်ကျခဲ့ပါတယ်။ အဇာဘိုင်ဂျန်နိုင်ငံ ဗာကူမြို့ကနေ ရုရှားနိုင်ငံ ချေချင်းညာပြည်နယ် ဂရော့စနီမြို့သို့ ဦးတည်ပျံသန်းရင်းနဲ့ ကာဇက်စတန်နိုင်ငံ အက်တူမြို့ လေဆိပ်အနီးမှာ ပျက်ကျခဲ့တာဖြစ်ပါတယ်။ လေယာဉ်ပေါ်လိုက်ပါစီးနင်းခဲ့တဲ့ ခရီးသည် ၆၂ ဦးနဲ့ လေယာဉ်အမှုထမ်းငါးဦးတို့ သေဆုံးခဲ့ပါတယ်။ ဒီဇင်ဘာ ၂၉ ရက်မှာ တောင်ကိုရီးယားလေကြောင်းလိုင်း Jeju Air မှ ခရီးသည်တင်လေယာဉ်တစ်စင်းဟာ တောင်ကိုရီးယားနိုင်ငံ အနောက်တောင်ပိုင်းက မူအမ်းလေဆိပ်မှာ မီးလောင်ပေါက်ကွဲခဲ့ပါတယ်။ ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှ ပျံသန်းလာပြီး တောင်ကိုရီးယားနိုင်ငံ မူအမ်းလေယာဉ်ကွင်းပြေးလမ်းပေါ်သို့ဆင်းသက်ချိန်မှာ လေယာဉ်ဘီးတွေ ချမရခဲ့တဲ့အတွက် လေယာဉ်ကိုယ်ထည်နဲ့ ရှပ်ပြီးဆင်းခဲ့ပေမယ့် အရှိန်ထိန်းဖို့ခက်ခဲတာကြောင့် လေယာဉ်ကွင်းခြံစည်းရိုးနဲ့ တိုက်မိပြီး မီးလောင်မှုဖြစ်ပွားခဲ့တာဖြစ်ပါတယ်။ ဒီဖြစ်စဉ်မှာ ခရီးသည်နဲ့လေယာဉ်အမှုထမ်း ၁၇၉ ဦးသေဆုံးခဲ့ပါတယ်။

**အာကာသသိပ္ပံဆိုင်ရာ အောင်မြင်မှုများ**

ကမ္ဘာ့နိုင်ငံတွေက အာကာသနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေကို အပြိုင်အဆိုင် ကြိုးပမ်းလုပ်ဆောင်လျက်ရှိပါတယ်။ ၂၀၂၄ ခုနှစ်အတွင်းမှာလည်း အိန္ဒိယနိုင်ငံရဲ့ နေအဖွဲ့အစည်းလေ့လာရေးအာကာသယာဉ် Aditya-L1 က အာကာသထဲရှိ ဂြိုဟ်ပတ်လမ်းကြောင်းအတွင်းသို့ ဇန်နဝါရီ ၆ ရက်နေ့မှာ အောင်မြင်စွာ ရောက်ရှိခဲ့ပါတယ်။ အိန္ဒိယနိုင်ငံရဲ့ နေအဖွဲ့အစည်း စူးစမ်းလေ့လာရေးမစ်ရှင်က ၂၀၂၃ ခုနှစ် စက်တင်ဘာလမှာ စတင်ခဲ့ပါတယ်။ ကမ္ဘာ့လူဦးရေ အများဆုံးနိုင်ငံဖြစ်တဲ့ အိန္ဒိယနိုင်ငံရဲ့ အာကာသစူးစမ်းရေး ရည်မှန်းချက်အတွက် အောင်မြင်မှုထပ်မံရရှိခဲ့တာဖြစ်ပါတယ်။

ဇန်နဝါရီ ၂၀ ရက်မှာလည်း ဂျပန်နိုင်ငံက လကမ္ဘာပေါ်သို့ အခြေချနိုင်တဲ့ ပဉ္စမမြောက်နိုင်ငံဖြစ်လာခဲ့ပါတယ်။ လကမ္ဘာပေါ်သို့ မောင်းသူမဲ့ အာကာသယာဉ် (Smart Lander for Investigating Moon) ကို အောင်မြင်စွာ ဆင်းသက်နိုင်ခဲ့ပါတယ်။ ဂျပန်နိုင်ငံဟာ ယခင် ဆိုဗီယက်ပြည်ထောင်စု၊ အမေရိကန်၊ တရုတ်နှင့် အိန္ဒိယနိုင်ငံတို့ပြီးပါက လကမ္ဘာပေါ်သို့ ရောက်ရှိတဲ့ ပဉ္စမမြောက်နိုင်ငံ ဖြစ်လာပါတယ်။

ဖေဖော်ဝါရီ ၂၂ ရက်မှာ အမေရိကန် အာကာသစူးစမ်းလေ့လာရေးကုမ္ပဏီက လကမ္ဘာပေါ်သို့ ပုဂ္ဂလိကပိုင် လဆင်းယာဉ် Odysseus ကို အောင်မြင်စွာ ဆင်းသက်နိုင်ခဲ့ပါတယ်။ Intuitive Machines အာကာသစူးစမ်းလေ့လာရေးကုမ္ပဏီက ပထမဆုံးသော ပုဂ္ဂလိကပိုင် လဆင်းယာဉ်ကို လကမ္ဘာပေါ်သို့ အောင်မြင်စွာဆင်းသက်နိုင်ခဲ့တဲ့ အာကာသစူးစမ်းလေ့လာရေးကုမ္ပဏီဖြစ်လာခဲ့ပါတယ်။

ဇွန် ၂ ရက်မှာ တရုတ်နိုင်ငံရဲ့ မောင်းသူမဲ့ လကမ္ဘာစူးစမ်းလေ့လာရေးယာဉ် Chang'e-6 က လကမ္ဘာရဲ့ တောင်ဝန်ရိုးစွန်းအနီး အစွန်ဘက်ခြမ်းကို အောင်မြင်စွာ ဆင်းသက်နိုင်ခဲ့ပါတယ်။ ဒီမစ်ရှင်ဟာ လကမ္ဘာအခြေစိုက်စခန်းတစ်ခု တည်ထောင်ဖို့အတွက် ကနဦးအစပျိုးတဲ့ တရုတ်နိုင်ငံရဲ့ စွန့်ဦးတည်ထွင် အာကာသနည်းပညာ အောင်မြင်မှုတစ်ခုဖြစ်ပါတယ်။

ဒ့ါအပြင် တရုတ်နိုင်ငံရဲ့ ရှန်ကျို့ ၁၉ အာကာသယာဉ်ကို အောက်တိုဘာ ၃၀ ရက်မှာ နိုင်ငံရဲ့အနောက်မြောက်ပိုင်းရှိ ဂျီကွမ်းအာကာသလွှတ်တင်ရေးစခန်းမှ လွှတ်တင်ခဲ့ပါတယ်။ ဒီအာကာသယာဉ်မှာ ပထမဆုံးအကြိမ်အဖြစ် အမျိုးသမီးအာကာသအင်ဂျင်နီယာတစ်ဦး လိုက်ပါခဲ့ပါတယ်။ အောက်တိုဘာ ၁၅ ရက်မှာ အမေရိကန်အာကာသ အေဂျင်စီနာဆာက ကြာသပတေးဂြိုဟ် (ဂျူပီတာ) ရဲ့ လကမ္ဘာတစ်ခုဖြစ်တဲ့ ယူရိုပါ (Europa) ကို စူးစမ်းလေ့လာဖို့ အာကာသယာဉ်တစ်စင်းကိုလွှတ်တင်ခဲ့ပါတယ်။ ယူရိုပါ လကမ္ဘာပေါ်မှာ သက်ရှိတွေကို ထောက်ပံ့ပေးနိုင်တဲ့ ပတ်ဝန်းကျင်ရှိမရှိကို စူးစမ်းလေ့လာဖို့အတွက် ဖြစ်ပါတယ်။ **စာမျက်နှာ ၁၃ သို့** ❍

❍ စာမျက်နှာ ၁၂ မှ

**ကျန်းမာရေးအောင်မြင်မှု**

ဆေးပညာအောင်မြင်မှုအနေနဲ့ လာအိုနဲ့ထိုင်း ဆေးဘက်ဆိုင်ရာ ပညာရှင်တွေက ပထမဆုံး ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှုကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ လာအိုနိုင်ငံ Mittaphab ဆေးရုံနဲ့ ထိုင်းနိုင်ငံ Ramathibodi ဆေးရုံတို့ ပူးပေါင်းပြီးတော့ ဆီးချိုရောဂါနဲ့ သွေးတိုးရောဂါကြောင့် ကျောက်ကပ်ရောဂါခံစားနေရတဲ့ အသက် ၄၉ နှစ်အရွယ် အမျိုးသားတစ်ဦးကို ကျောက်ကပ်အစားထိုးကုသပေးခဲ့ပါတယ်။ ပထမအဆင့်ကို ၂၀၂၃ ခုနှစ် နှစ်လယ်ပိုင်းမှာ စတင်ပြီးတော့ ဒုတိယအဆင့်ကို ၂၀၂၄ ခုနှစ်မှာ ဆောင်ရွက်ခဲ့ပါတယ်။ ကျောက်ကပ်ရောဂါအစားထိုးကုသနိုင်ခဲ့တာဟာ ဒေသတွင်း ခေတ်မီတဲ့ ကျန်းမာရေးစောင့်ရှောက်မှုတွေအတွက် မီးမောင်းထိုးပြနိုင်ခဲ့တာဖြစ်ပါတယ်။

**မျောက်ကျောက်ရောဂါ**

၂၀၂၄ ခုနှစ်အစောပိုင်းမှစပြီး လက်ရှိအချိန်အထိ အာဖရိကဒေသမှာ မျောက်ကျောက်ရောဂါဖြစ်ပွားသူပေါင်း ၂၉၁၅၂ ဦးရှိပါတယ်။ အာဖရိကဒေသမှာ ကူးစက်ဖြစ်ပွားနေတဲ့ မျောက်ကျောက်ရောဂါ အမျိုးအစားနှစ်မျိုးကတော့ Clade I နှင့် Clade II တို့ပဲဖြစ်ပါတယ်။ မျောက်ကျောက်ရောဂါ Clade I ကူးစက်ဖြစ်ပွားနေတဲ့ နိုင်ငံတွေကတော့ ဗူရွန်ဒီ၊ ဗဟိုအာဖရိကနိုင်ငံ၊ ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ကင်ညာ၊ ကွန်ဂိုပြည်ထောင်စု၊ ရဝမ်ဒါနဲ့ ယူဂန္ဓာနိုင်ငံတို့ပဲ ဖြစ်ပါတယ်။ နောက်တစ်မျိုးဖြစ်တဲ့ Clade II အမျိုးအစား မျောက်ကျောက်ရောဂါကို ကမ္ဘာ့နိုင်ငံ ၁၂ နိုင်ငံမှာ တွေ့ရှိရပါတယ်။

**ပါရီအိုလံပစ်အားကစားပြိုင်ပွဲ**

၂၀၂၄ ခုနှစ် ပါရီအိုလံပစ်အားကစားပြိုင်ပွဲကို ပြင်သစ်နိုင်ငံ ပါရီမြို့တော်မှာ ဇူလိုင် ၂၆ ရက်မှ ဩဂုတ် ၁၁ ရက်အထိ ကျင်းပခဲ့ပါတယ်။ အားကစားသမားများက Seine မြစ်တစ်လျှောက် အလှဆင်မြန်းထားတဲ့လှေတွေစီးရင်း အိုလံပစ်ဖွင့်ပွဲအခမ်းအနားကို တက်ရောက်ခဲ့ပါတယ်။ အမေရိကန် ပေါ့ပ်အဆိုတော် လေဒီဂါဂါနဲ့ ပြင်သစ်နာမည်ကြီးအဆိုတော်တွေ သီဆိုကပြဖြေဖျော်ခဲ့ပါတယ်။



ဂါဇာဒေသ၌အစ္စရေး – ပါလက်စတိုင်း ပဋိပက္ခကြောင့်ပျက်စီးသွားသည့်အဆောက်အအုံများကို တွေ့ရစဉ်။

**ယူနက်စကိုစာရင်းဝင် မြန်မာ့ရိုးရာအတာသင်္ကြန်**

ပါရာဂွေးနိုင်ငံ အာဆွန်စီယွန်မြို့မှာ ဒီဇင်ဘာ ၅ ရက်က ကျင်းပခဲ့တဲ့ (၁၉) ကြိမ်မြောက် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ညီလာခံမှာ မြန်မာ့ရိုးရာယဉ်ကျေးမှု နှစ်သစ်ကူးအတာသင်္ကြန်ကို ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် တရားဝင်သတ်မှတ်ခဲ့ပါတယ်။ မြန်မာ့ရိုးရာ နှစ်သစ်ကူး အတာသင်္ကြန်ကို ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းမှာ ထည့်သွင်းသတ်မှတ်တဲ့အတွက် ပုဂံခေတ်ကနေ ယနေ့အချိန်အထိ ခေတ်အဆက်ဆက် လက်ဆင့်ကမ်းထိန်းသိမ်းခဲ့တဲ့ မြန်မာလူမျိုးတို့ရဲ့ ရိုးရာနှစ်သစ်ကူးသင်္ကြန်ပွဲတော်ကို ကမ္ဘာက ပိုမိုသိရှိဖို့အတွက် အခွင့်အရေးရရှိခဲ့ပါတယ်။

**ထိုင်းနိုင်ငံရဲ့ ယူနက်စကိုစာရင်းဝင် တုံယမ်းဟင်းချို**

ယူနက်စကိုအဖွဲ့က ထိုင်းနိုင်ငံရဲ့ အစားအစာတစ်ခုဖြစ်တဲ့ တုံယမ်းပုစွန်ဟင်းချိုကို ဒီဇင်ဘာ ၄ ရက်မှာ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် စာရင်းသတ်မှတ်ခဲ့ပါတယ်။ ပုစွန်တုံယမ်းဟင်းချိုကို ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်း သွင်းတာဟာ ထိုင်းနိုင်ငံအတွက် ငါးကြိမ်မြောက် သတ်မှတ်ခံရတာဖြစ်ပါတယ်။ အရင်နှစ်တွေမှာလည်း ရာမာယနကဇာတ်၊ နိုရာအက၊ ထိုင်းအနှိပ်ပညာနဲ့ ဆုန်ကရန်သင်္ကြန်ပွဲတော်တို့ကိုလည်း ယူနက်စကို ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် သတ်မှတ်ခံခဲ့ရပါတယ်။



မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ကို ပျော်ရွှင်စွာ ဆင်နွှဲနေသူများကို တွေ့ရစဉ်။

**လူသားကောင်းကျိုးပြု နိုဘယ်ဆုရှင်များ**

၂၀၂၄ နှစ်အတွက် ရူပဗေဒဆိုင်ရာ နိုဘယ်ဆုကို အမေရိကန် ပရန်စတန်တက္ကသိုလ်မှ ပါမောက္ခ ဂျွန်ဟော့ဖီးနဲ့ ကနေဒါနိုင်ငံ တိုရွန်တိုတက္ကသိုလ်မှ ပါမောက္ခဂျီရိုဖရီဟင်တန်တို့ ရရှိခဲ့ပါတယ်။

တော်ဝင်ဆွီဒင်သိပ္ပံအကယ်ဒမီက ဉာဏ်ရည်တုနယ်ပယ်မှာ သူတို့ရဲ့ ရှာဖွေတွေ့ရှိမှုနဲ့ တီထွင်ဖန်တီးမှုတွေအတွက် ရူပဗေဒဆိုင်ရာ နိုဘယ်ဆုကို ပေးအပ်ခဲ့တာဖြစ်ပါတယ်။ အမေရိကန် ပရန်စတန်တက္ကသိုလ်မှ ဂျွန်ဟော့ဖီးက ဒီဇိုင်းပုံစံများကို သိမ်းဆည်းခြင်းနှင့် ပြန်လည်ဖန်တီးခြင်းတို့အတွက် ကွန်ရက်တစ်ခုကို တီထွင်ခဲ့ပါတယ်။

ကနေဒါနိုင်ငံ တိုရွန်တိုတက္ကသိုလ်မှ ဂျီရိုဖရီဟင်တန်က ဆုံးဖြတ်ချက်များချနိုင်သည့် နျူရွန်များ (အာရုံကြောစနစ်များ)ကို အသုံးပြုပြီးတော့ အပြန်အလှန်ချိတ်ဆက်ထားတဲ့ ကွန်ရက်အမျိုးအစားတစ်ခုကို တီထွင်ခဲ့ပါတယ်။ ရှာဖွေတွေ့ရှိချက်တွေက ဘာသာစကားဘာသာပြန်ဆိုတာနဲ့ မျက်နှာပုံရိပ်ဖတ်တာတွေအပါအဝင် ယနေ့အသုံးပြုတဲ့ နည်းပညာသုံး သင်ယူမှုတွေအတွက် အထောက်အကူဖြစ်စေပါတယ်။

၂၀၂၄ ခုနှစ်အတွက် ဆေးပညာဆိုင်ရာ နိုဘယ်ဆုကို အမေရိကန်နိုင်ငံသား ဗစ်တာအန်ဗရိုနဲ့ ဂယ်ရီရပ်ဖ်ကင်တို့က ရရှိခဲ့ပါတယ်။ ဆေးပညာရပ်အရ မျိုးရိုးဗီဇထိန်းချုပ်မှုမှာ မရှိမဖြစ်လိုအပ်တဲ့ သေးငယ်သော RNA မော်လီကျူးများကို ရှာဖွေတွေ့ရှိခဲ့တာကြောင့် ဆေးပညာဆိုင်ရာ နိုဘယ်ဆုကို ရရှိခဲ့ခြင်းဖြစ်ပါတယ်။

ဆွီဒင်အကယ်ဒမီက တောင်ကိုရီးယား စာရေးဆရာမ ဟန်ကန်ကို စာပေနိုဘယ်ဆုရှင်အဖြစ် ရွေးချယ်ခဲ့ပါတယ်။

အာရှအမျိုးသမီးတစ်ဦးကို စာပေလောကရဲ့ ထိပ်တန်းဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်တာဟာ ယခုအကြိမ်က ပထမဆုံးပဲဖြစ်ပါတယ်။ ဟန်ကန်ကို ၁၉၇၀ ပြည့်နှစ်မှာ မွေးဖွားခဲ့ပါတယ်။ သူ့ရဲ့ဖခင်က ကျော်ကြားတဲ့ စာရေးဆရာတစ်ဦး ဖြစ်တဲ့အတွက် စာပေမျိုးရိုးမှ ဆင်းသက်လာသူတစ်ဦးလည်း ဖြစ်ပါတယ်။

ဆွီဒင်အကယ်ဒမီက ဟန်ကန်ရဲ့ နိုင်ငံတကာအောင်မြင်မှုတွေ ရရှိပြီးဖြစ်တဲ့ “The Vegetarian” စာအုပ်လိုမျိုး စာပေလက်ရာတွေကို မီးမောင်းထိုးပြခဲ့ပါတယ်။ The Vegetarian (သက်သတ်လွတ်စားသူတစ်ဦး) စာအုပ်ကို ၂၀၀၇ ခုနှစ်မှာ ရေးသားထုတ်ဝေခဲ့ပါတယ်။ အသားစားခြင်းကို ရှောင်ကြဉ်ခြင်းက မိသားစုဝင်တွေ အပါအဝင် မိတ်ဆွေအပေါင်းအသင်းတွေနဲ့ မတူကွဲပြားတဲ့အတွက် အစားအစာစားသောက်မှုပုံစံမှာ အခက်အခဲတွေနဲ့ ရင်ဆိုင်ခဲ့ရပုံကို ရေးသားထားပါတယ်။

ဓာတုဗေဒဆိုင်ရာ နိုဘယ်ဆုကို ဓာတုဗေဒပညာရှင်သုံးဦး ရရှိခဲ့ပါတယ်။ ပရိုတိန်းဖွဲ့စည်းပုံတွေကို တွေ့ရှိမှုနဲ့ ပရိုတိန်းဒီဇိုင်းဖန်တီးမှုတွေအတွက် ဓာတုဗေဒနိုဘယ်ဆုကို ရရှိတာဖြစ်ပါတယ်။

အမေရိကန်ပြည်ထောင်စု ဝါရှင်တန်တက္ကသိုလ်မှ ပရော်ဖက်ဆာ ဒေးဗစ်ဘေကာက ပရိုတိန်းဒီဇိုင်းဖန်တီးနိုင်မှုအတွက် ဆုရရှိခဲ့ပြီး ဗြိတိန်နိုင်ငံ Google DeepMind ဓာတ်ခွဲခန်းမှ ဒီမစ်ဟာဆာဘီနဲ့ ဂျွန်ဂျမ်ပါတို့က ပရိုတိန်းဖွဲ့စည်းပုံတွေကို တွေ့ရှိခဲ့တဲ့အတွက် ဆုရရှိခဲ့ပါတယ်။ ဓာတုဗေဒ နိုဘယ်ဆုရှင်သုံးဦးရဲ့ တွေ့ရှိမှုတွေဟာ ဇီဝဓာတုနှင့် ဇီဝဗေဒဆိုင်ရာ သုတေသနခေတ်သစ်ကို ဖွင့်လှစ်နိုင်ခဲ့ပါတယ်။

စီးပွားရေးသိပ္ပံဆိုင်ရာ နိုဘယ်ဆုကို အမေရိကန်နိုင်ငံမှ စီးပွားရေးပညာရှင်သုံးဦး ရရှိခဲ့ပါတယ်။ ကမ္ဘာတစ်ဝန်းရှိ မညီမျှမှုများကို သဘောပေါက်နားလည်ဖို့ ကြိုးပမ်းရာမှာ ကူညီထောက်ပံ့မှုတွေပေးတဲ့အတွက် စီးပွားရေးသိပ္ပံဆိုင်ရာ နိုဘယ်ဆုကို ရရှိခဲ့တာဖြစ်ပါတယ်။ ဒါရွန်အက်စ်မိုဂလူနှင့် ဆိုင်မွန်ဂျွန်ဆန်က မက်ဆာချူးဆက် နည်းပညာအင်စတီကျူမှဖြစ်ပြီးတော့ ဂျိမ်းစ်အေရောဘင်ဆန်က ချီကာဂိုတက္ကသိုလ်မှ ဖြစ်ပါတယ်။ ဒါရွန်အက်စ်မိုဂလူနဲ့ ဆိုင်မွန်ဂျွန်ဆန်တို့က ချမ်းသာကြွယ်ဝမှုနဲ့ နိုင်ငံရေးစနစ်များကြား ပတ်သက်ဆက်နွှယ်မှုကို ဖော်ကျူးထားတဲ့ “Why Nations Fail” စာအုပ်ကို ရေးသားခဲ့ပါတယ်။ ဂျိမ်းစ်အေရောဘင်ဆန်က အင်စတီကျူးရှင်းတွေရဲ့ အဓိကကျတဲ့ အခန်းကဏ္ဍအပါအဝင် ကမ္ဘာလုံးဆိုင်ရာ မညီမျှမှုရဲ့ အခြေခံအကြောင်းတရားတွေကို သုံးသပ်ပြီး သုတေသနပြုခဲ့ပါတယ်။

ငြိမ်းချမ်းရေးနိုဘယ်ဆုကို ဒုတိယကမ္ဘာစစ်အတွင်း အဏုမြူဗုံးဒဏ်မှ အသက်ရှင်လွတ်မြောက်လာသူတွေကို ကိုယ်စားပြုတဲ့ ဂျပန်အဖွဲ့အစည်းတစ်ခုဖြစ်တဲ့ နီဟွန်ဟီဒန်ကျိုက ရရှိခဲ့ပါတယ်။ ၁၉၅၆ ခုနှစ်မှာ စတင်တည်ထောင်ခဲ့တဲ့ နီဟွန်ဟီဒန်ကျိုအဖွဲ့အစည်းက ဂျပန်နိုင်ငံတစ်ဝန်းရှိ ဒုက္ခသည်တွေကို ပံ့ပိုးကူညီပေးခဲ့ပြီး ပိုမိုကောင်းမွန်သော အကူအညီများ ရရှိရန်လည်း လှုံ့ဆော်ခဲ့ပါတယ်။ ကမ္ဘာတစ်ဝန်းရှိ နျူကလီးယားလက်နက်များ တားမြစ်ပိတ်ပင်ရေးအတွက် လိုက်လံစည်းရုံးပြီး သူတို့ရဲ့ အတွေ့အကြုံတွေကို ကမ္ဘာအနှံ့မှာ ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ ဒုတိယကမ္ဘာစစ်အတွင်း အဏုမြူဗုံးဒဏ်မှ အသက်ရှင်လွတ်မြောက်လာသူအားလုံးကို ဂုဏ်ပြုတဲ့အနေနဲ့ နီဟွန်ဟီဒန်ကျိုအဖွဲ့အစည်းကို ငြိမ်းချမ်းရေးနိုဘယ်ဆု ချီးမြှင့်ခဲ့တာဖြစ်ပါတယ်။

**စစ်ရေးနဲ့ ပဋိပက္ခ**

**ဂါဇာဒေသ**

ဂါဇာဒေသဟာ လက်ရှိအချိန်မှာ ပြည်သူတွေအတွက် သေဆုံးမှုအများဆုံးနေရာပဲဖြစ်ပါတယ်။ ပြီးခဲ့တဲ့နှစ် အောက်တိုဘာလမှာ စတင်ဖြစ်ပွားခဲ့တဲ့ အစ္စရေးနဲ့ ပါလက်စတိုင်းတို့ရဲ့ ပဋိပက္ခတွေဟာ လက်ရှိအချိန်အထိ ဆက်လက်ပြင်းထန်နေဆဲပဲဖြစ်ပါတယ်။ လက်ရှိမှာ လူပေါင်း ၄၄၇၈၆ ဦးသေဆုံးပြီးတော့ ၉၉၀၀၀ ကျော် ထိခိုက်ဒဏ်ရာရရှိခဲ့ပါတယ်။ အသေအပျောက် ၆၀ ရာခိုင်နှုန်းကျော်ဟာ အရပ်သားတွေဖြစ်ပါတယ်။ လူဦးရေ ၁ ဒသမ ၉ သန်းခန့်ဟာ နေရပ်စွန့်ခွာ ထွက်ပြေးနေရပါတယ်။ သောက်သုံးရေ၊ အစားအစာ၊ ကျန်းမာရေးစောင့်ရှောက်မှုအစရှိတဲ့ အခြေခံလိုအပ်ချက်တွေကို မရရှိနိုင်ဘဲ အငတ်ဘေးကျရောက်နေပါတယ်။

**ဆူဒန်**

ဆူဒန်နိုင်ငံဟာလည်း စစ်မီးတောက်လောင်နေတဲ့နိုင်ငံပဲဖြစ်ပါတယ်။ ဆူဒန်တပ်မတော် (Sudanese Armed Forces, SAF) နဲ့ အရန်အမြန်ထောက်ပံ့ရေးတပ်ဖွဲ့ (Paramilitary Rapid Support Forces –RSF) တို့ကြား အပြန်အလှန်ထိုးစစ်ဆင်နွှဲမှုတွေကြောင့် ပြည်သူတွေဟာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းတွေနဲ့ ရင်ဆိုင်နေရပါတယ်။ မြို့တော် ခါတွမ်မှာ တိုက်ပွဲတွေ ပထမဦးစွာ ဖြစ်ပွားခဲ့ပြီးတော့ နိုင်ငံတစ်ဝန်းကို ကူးစက်ပျံ့နှံ့ခဲ့ပါတယ်။ တိုက်ပွဲတွေကြောင့် လူပေါင်း ၁၈၀၀၀ ကျော် အသက်ဆုံးရှုံးခဲ့ပြီး ၃၃၀၀၀ ကျော် ဒဏ်ရာရရှိခဲ့ပါတယ်။

လူပေါင်း ၁၂ သန်းအထိ အိုးအိမ်စွန့်ခွာခဲ့ရပြီး ပဋိပက္ခကြောင့် စာသင်ကျောင်းပေါင်း ထောင်နှင့်ချီပိတ်ထားရတဲ့အတွက် ကလေး ၁၉ သန်းခန့် ပညာသင်ကြားခွင့်မရရှိဘဲ ရှိနေပါတယ်။

**ဆီးရီးယား**

ဆီးရီးယားလက်နက်ကိုင်တပ်ဖွဲ့က သမ္မတအာဆတ်ဦးဆောင်တဲ့အစိုးရကို ဖြုတ်ချပြီး မြို့တော်ဒမတ်စကတ်ကို ဒီဇင်ဘာ ၈ ရက်မှာ သိမ်းပိုက်ခဲ့ပါတယ်။ လက်နက်ကိုင်တပ်ဖွဲ့က နိုဝင်ဘာ ၂၇ ရက်မှာ ထိုးစစ်ကို စတင်အရှိန်မြှင့်ခဲ့ပါတယ်။ နိုင်ငံရဲ့ မြောက်နဲ့တောင်မှ အဓိကမြို့တွေကို သိမ်းပိုက်ပြီးတော့ မြို့တော်ဒမတ်စကတ်ကို သိမ်းပိုက်ခဲ့တာဖြစ်ပါတယ်။

ဆီးရီးယားနိုင်ငံရဲ့ ပြည်တွင်းစစ်က ၂၀၂၄ ခုနှစ် မတ်လမှာ ၁၄ နှစ်တာကာလသို့ ရောက်ရှိခဲ့ ပါတယ်။ နိုင်ငံသားအားလုံးရဲ့ ၇၀ ရာခိုင်နှုန်းဟာ လူသားချင်းစာနာထောက်ထားမှုအကူအညီတွေ လိုအပ်နေပါတယ်။

**ယူကရိန်း**

၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလမှာ ယူကရိန်း–ရုရှားအရေးဟာ နှစ်နှစ်ကျော်ကြာမြင့်ခဲ့ပြီဖြစ်ပါတယ်။ ယူကရိန်းနိုင်ငံသား ၁၄ ဒသမ ၆ သန်းဟာ လက်ရှိမှာ လူသားချင်း စာနာမှုအကူအညီတွေ လိုအပ်နေပါတယ်။ ပြည်သူ ၃ ဒသမ ၆ သန်းကလည်း ဘေးကင်းတဲ့ဒေသတွေကို ထွက်ပြေးနေရပြီးတော့ အိုးမဲ့အိမ်မဲ့ဖြစ်နေကြရဆဲ ဖြစ်ပါတယ်။

၂၀၂၄ ခုနှစ်အတွင်း ကမ္ဘာတစ်လွှားမှာ ဖြစ်ပွားနေတဲ့ စစ်ရိပ်စစ်မီးအနိဋ္ဌာရုံတွေကို သံဝေဂယူပြီး ငြိမ်းချမ်းရေးရဲ့ အနှစ်သာရကို ခံစားရင်း ပဋိပက္ခတွေ အမြန်ဆုံးချုပ်ငြိမ်းပြီးတော့ အေးချမ်းတည်ငြိမ်တဲ့ အနာဂတ်လူ့အဖွဲ့အစည်းကို ကမ္ဘာ့နိုင်ငံတိုင်း ရရှိပါစေလို့ တောင်းဆုပြုရင်း နှစ်သစ်ကို ကြိုဆိုလိုက်ပါတယ်။

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် လိုင်စင်မဲ့ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၃၁**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၂၈ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ် ကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ ၂၃ လုံး အတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၄၁ မျိုး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၈၉၂၇၁၇၂ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံး လုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

**အရေးယူဆောင်ရွက်**

ထို့ပြင် ဒီဇင်ဘာ ၃၀ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အရာတော်မြို့ မြို့လယ်ကျောက်တိုင် လမ်းဆုံအနီး၌ လိုင်စင်မဲ့ Toyota Mark II ယာဉ်တစ်စီး ခန့်မှန်း (တန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မင်္ဂလာဒုံမြို့နယ် ပြည်လမ်းအနီး၌ လိုင်စင်မဲ့ Toyota Ipsum ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၅၀၀၀၀၀)ကို ပို့ကုန်သွင်းကုန် ဥပဒေအရလည်းကောင်း၊ လှည်းကူးမြို့နယ် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၊ မိုင်တိုင်အမှတ် (၈/၀)၌ ယာဉ်တစ်စီးပေါ်မှ တရားမဝင်ကျွန်းသစ်သုညသည ဒသမ ၅၀၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၁၉၀၀)နှင့် အဆိုပါ သစ်များတင်ဆောင်လာသည့် Hyundai Starex Van တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀)ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်း တန်ဖိုးငွေကျပ် ၂၉၉၄၁၉၀၀ ကို သိမ်းဆည်းအရေးယူ ဆောင်ရွက်လျက်ရှိသည်။



အေးရှားဝေါလ်ကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ ဖမ်းဆီးရမိမှု။




အေးရှားဝေါလ်ကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ ဖမ်းဆီးရမိမှု။

ထို့ပြင် ဒီဇင်ဘာ ၃၁ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်၊ တောင်ငူခရိုင်၊ ညောင်လေးပင်ခရိုင်၊ ပြည်ခရိုင်နှင့် သာယာဝတီခရိုင်တို့အတွင်း၌ တရားမဝင် မီးသွေး ၄ ဒသမ ၁၆၀ တန်၊ ကျွန်းသစ် ၆ ဒသမ ၆၄၀ တန်၊ သစ်မာ ၁ ဒသမ ၂၁၇ တန်၊ အခြားသစ် ၂ ဒသမ ၉၀၃ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၉၄၆၁၈ ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ဒီဇင်ဘာ ၂၈ ရက်၊ ၃၀ ရက်နှင့် ၃၁ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၆ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၈၄၉၆၃၆၉၀) ကို သိမ်းဆည်းရမိခဲ့သည်။ ယနေ့ သိမ်းဆည်းရမိမှုများတွင် လုပ်ငန်းသုံးပစ္စည်းများ တရားမဝင် တင်သွင်းလာသည်ကို တွေ့ရှိရပြီး ထိုကဲ့သို့ တရားမဝင်ပစ္စည်းများ တင်သွင်းလာမှုကြောင့် တရားဝင်တင်သွင်းသည့် လုပ်ငန်းရှင်များအပေါ် ထိခိုက်နစ်နာမှုဖြစ်စေခြင်းနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအားကျဆင်းစေခြင်းတို့ ဖြစ်ပေါ်စေနိုင်ပါသဖြင့် ၎င်းတရားမဝင် တင်သွင်းမှုများအား သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# အမျိုးသမီးများကို တရုတ်ယောက်ျားထံရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့ကြသူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်ချမှတ်

**နေပြည်တော် ဒီဇင်ဘာ ၃၁**

အမျိုးသမီးများကို တရုတ်ယောက်ျားထံရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့ကြသူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှသိရသည်။

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နေ မသော်သော်ဇင် မှ နေပြည်တော် ပုဗ္ဗသီရိမြို့နယ်နေ မ-----၊ ၂၇ နှစ်နှင့် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်နေ မ-----၊ ၂၀ နှစ် တို့ နှစ်ဦးအား တရုတ်ယောက်ျားယူပါက ငွေကျပ်သိန်း ၈၀ ရရှိမည်ဖြစ်ကြောင်း ပြောဆိုစည်းရုံးပြီး တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့သဖြင့် ချမ်းမြသာစည်မြို့နယ် အမှတ်(၁၁) နယ်မြေ ရဲစခန်း (ပ) ၂၅၅/၂၀၂၄၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ ဖြင့် အမှုရေးဖွင့်တရားစွဲတင်ခဲ့သည်။ အောင်မြေသာစံ ခရိုင်တရားရုံးမှ ဒီဇင်ဘာ ၂၆ ရက်တွင် တရားခံမသော်သော်ဇင်အား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့်ထောင်ဒဏ် ၁၃ နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။

**ထောင်ဒဏ် ၁၀ နှစ်**

အလားတူ မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်နေ မငွေးငွေးဦး (ခ) ဗိုလ်ငွေးသည် လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်နေ မ-----၊ ၂၅နှစ် ကို တရုတ်ယောက်ျားယူပါက ငွေကျပ်သိန်း ၇၀ ရမည်ဟု ပြောဆိုစည်းရုံးပြီး တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့ကြသဖြင့် မူဆယ်မြို့မရဲစခန်း (ပ) ၂၁၃/ ၂၀၂၄၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၈(က)/ ၄၄ ဖြင့် အမှုရေးဖွင့် တရားစွဲတင်ခဲ့သည်။ မူဆယ်ခရိုင်တရားရုံးမှ ဒီဇင်ဘာ ၂၆ ရက်တွင် တရားခံ မငွေးငွေးဦး(ခ) ဗိုလ်ငွေးအား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်နေ မရွှန်းမြတ်မြတ်ခိုင်၊ မသရဖီဖြိုး၊ မဟာအောင်မြေ မြို့နယ်နေ မယမုံဇင်၊ ကိုသီဟကျော်တို့က ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နေ မ-----၊ ၂၀နှစ် နှင့် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်နေ မ-----၊ ၃၁နှစ် တို့ နှစ်ဦးအား တရုတ်ဇနီးမယားအဖြစ် ဆောင်ရွက်ပါက ငွေကျပ်သိန်း ၇၀ ရရှိမည်ဟု ပြောဆိုစည်းရုံးပြီး တရုတ်ယောက်ျားထံ ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့ကြသဖြင့် မဟာအောင်မြေမြို့နယ် အမှတ်(၉) မြို့မရဲစခန်း(ပ)၂၅၁/၂၀၂၄၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၈(က)/ ၄၄ ဖြင့် အမှုရေးဖွင့် တရားစွဲတင်ခဲ့သည်။ အောင်မြေသာစံခရိုင်တရားရုံးမှ ဒီဇင်ဘာ ၂၇ ရက်တွင် တရားခံရွှန်းမြတ်မြတ်ခိုင်၊ သရဖီဖြိုး၊ ယမုံဇင်၊ သီဟကျော်တို့ လေးဦးအား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၈(က) အရ အလုပ်နှင့်ထောင်ဒဏ် နှစ် ၂၀ စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။

အလားတူ ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်နေ စပေါ်လီနူး (ခ) ပေါ်လေးနှင့် နန့်အေပရယ်မေတို့က လိပ်စာတူနေ မ-----၊ ၃၂နှစ် နှင့် မ-----၊ ၁၇နှစ်တို့ကို တရုတ်ဇနီးအဖြစ် ဆောင်ရွက်ပါက ယွမ် ၅၀၀၀ ရရှိမည်ဟု ပြောဆိုစည်းရုံးပြီး တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့ကြသဖြင့် ပုသိမ်ကြီးမြို့နယ် အုန်းချောနယ်မြေရဲစခန်း (ပ) ၁၀၂/ ၂၀၂၄၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/၄၄၊ အုန်းချောနယ်မြေရဲစခန်း (ပ) ၁၀၃/ ၂၀၂၄၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/၄၄ တို့ဖြင့် အသီးသီးအမှုရေးဖွင့် တရားစွဲတင်ခဲ့သည်။ အောင်မြေသာစံခရိုင်တရားရုံးမှ ဒီဇင်ဘာ ၂၇ ရက်တွင်တရားခံစပေါ်လီနူး (ခ) ပေါ်လေး နှင့် နန့်အေပရယ်မေ တို့ နှစ်ဦးအား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ အရ တစ်မှုလျှင် အလုပ်နှင့်ထောင်ဒဏ် (၁၀)နှစ်စီဖြင့် စုစုပေါင်းနှစ် ၂၀ ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁-၁-၂၀၂၅ ဗုဒ္ဓဟူးနေ့

**MRTV HD**

- ၀၆:၀၀ အန္တရာယ်ကင်းပရိတ်တရားတော် (မေတ္တသုတ်၊ ရတနသုတ်၊ တောရှုံသုတ်)
- ၀၆:၃၀ ၂၀၂၅ ခုနှစ်၊ နှစ်သစ်ကူးဩဝါဒ (ဆရာတော်များ)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၇:၂၀ သီတဂူအဓိပတိဆရာတော်ကြီး မိန့်ကြားတော်မူသော နှစ်သစ်နှစ်ဦးသဝဏ်လွှာ
- ၀၈:၂၀ ၂၀၂၅ ခုနှစ်၊ နှစ်သစ်ကူး နှုတ်ခွန်းဆက်စကား 'နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်'
- ၀၈:၄၅ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ်
- ၁၂:၃၀ သီတဂူအဓိပတိဆရာတော်ကြီး မိန့်ကြားတော်မူသော နှစ်သစ်နှစ်ဦးသဝဏ်လွှာ
- ၁၃:၃၀ MRTV National News
- ၁၅:၃၀ Weely Soccer Preview
- ၁၇:၀၅ ရှေ့သို့ချီမည်ပန်းတိုင်ဆီ
- ၁၇:၂၀ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ (၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ) (ပထမပိုင်း)
- ၁၈:၃၅ ပြည်ချစ်သားမွန်တေးသဝဏ်
- ၁၉:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'သုတောင်းပြည့်ကြယ်တာရာစတားလာ' (အပိုင်း-၄၄)
- ၂၀:၀၀ ပြည်တွင်းသတင်း
- ၂၀:၄၅ ၂၀၂၅ ခုနှစ်၊ နှစ်သစ်ကူး နှုတ်ခွန်းဆက်စကား 'နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်'
- ၂၃:၃၀ New Year Countdown 2025 Music Concert

**mitv**

- 07:01 Evergreen Classic: Shwin Lan Chan Myae Par Zay (Thae Nu Wah)
- 07:08 Listening Pleasure, Instrumental Music (Xylophone) Tain Taman
- 07:19 Career in Floral Designing: Hsu Yi Win
- 07:33 Inlay Traditional Lotus Fabric
- 07:46 Myanmar Childhood Games (Episode-3)
- 08:01 News
- 08:26 Asia Updates; Smart protection
- 08:33 Family of Toys
- 08:53 Cultural Ties Among Langcang-Mekong Countries
- 09:01 The Art of Taxidermy: U Myo Naing
- 09:12 Malikha & Fairy Island
- 09:25 The Lapidarist
- 09:40 Ecotourism: Tamu And Hand Washing Lake
- 09:55 Mingala Prayer (Version-1)

**MRTV NRC**

**ကချင် (၀၆:၀၀ မှ ၀၈:၀၀)**
တိုင်းရင်းဆေးရှာဖွေလေ့လာသိကောင်းစရာများ

**ကယား (၀၈:၀၀ မှ ၁၀:၀၀)**
ဒေါ်လဲဒွှာအကြောင်း

**စကောကရင် (၁၀:၀၀ မှ ၁၁:၀၀)**
သခင်ယေရှုအကြောင်း

**အနောက်ပိုးကရင် (၁၁:၀၀ မှ ၁၂:၀၀)**
ကရင်စာပေစကားပြောကြရအောင် (အပိုင်း-၁၅)

**အရှေ့ပိုးကရင် (၁၂:၀၀ မှ ၁၃:၀၀)**
ကရင်ရိုးရာအထည်ဆိုင်မှ နန်းအဲခလိန်းအင်တာဗျူး

**ချင်း (လိုင်ဇိုး) (၁၃:၀၀ မှ ၁၄:၀၀)**
ကြက်သားတုံးကြော်

**ချင်း (ဇိုး) (၁၄:၀၀ မှ ၁၅:၀၀)**
ဆောင်းရာသီရဲ့သဘာဝပန်းအလှများ

**မွန် (၁၅:၀၀ မှ ၁၇:၀၀)**
ခနီညားရွယ်ဉ်မွန်တို့အသွင် ခေတ်အဆက်ဆက် ဝတ်စားဆင်ယင်မှု

**ရခိုင် (၁၇:၀၀ မှ ၁၉:၀၀)**
ငါးရံ့နှင့်ဒန့်သလွန်သီးချက်၊ ဂျုတ်သီးကြော်နှင့်တို့စရာ

**ရှမ်း (၁၉:၀၀ မှ ၂၁:၀၀)**
ထိန်းသိမ်းအစဉ်အလာတို့ဓလေ့ရိုးရာ (တိုင်းခင်၊ တိုင်းလှိုင်၊ တိုင်းယွန်း)

**ဝ (၂၁:၀၀ မှ ၂၃:၀၀)**
တောင်ယာထမင်းဟင်း

**MRTV NEWS**

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၄:၀၀ MRTV National News
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၁၇:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၉:၄၅ Festivals Around The World
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၃၀ နိုင်ငံတကာသတင်း(LIVE)

**MRTV PARLIAMENT**

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ 'ရုရှားနိုင်ငံ'
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'အလည်လွန် အလွယ်လုပ် အလွဲဖြစ်'
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ 'စစ်မှုထမ်းဥပဒေ မကျင့်သုံးသေးတဲ့ နိုင်ငံများအကြောင်း'
- ၁၀:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း 'အင်ဒိုနီးရှားနိုင်ငံ'
- ၁၁:၃၀ ရှေ့သို့ချီမည်ပန်းတိုင်ဆီ (အပိုင်း-၆၄)

**MRTV FARMERS' / HTV Channel**

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
- ၀၆:၁၅ တန်ဖိုးမြင့်မားမြန်မာ့ကော်ဖီ စိုက်ကြပါစို့လား
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၈:၃၅ Rose Tour
- ၁၉:၂၀ Massive green bean harvest from the front yard trilles
- ၁၉:၄၅ International Music Hits
- ၂၀:၀၀ ညို့ (ဇာတ်လမ်း)
- ၂၂:၀၀ Hidden.Figures(နိုင်ငံခြားဇာတ်လမ်း)

**MRTV SPORTS / HTV Sports**

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက် လမ်းပြကြယ်
- ၀၆:၅၀ Sports Diary
- ၀၇:၄၀ မှတ်မှတ်ထင်ထင် ၂၀၂၄ ခုနှစ် အားကစားလောကတစ်ခွင်
- ၁၇:၀၀ အားကစားသတင်း
- ၂၀:၀၀ ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့်တိုင်းဒေသကြီး U-21 အမျိုးသားဘောလုံးပြိုင်ပွဲ (Replay)

Scan Here

MRTV | MRTV | MRTV Radio | MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

## မန္တလေးမြို့အတွင်းရှိ “နဂါးနန်းတော်” စိန်ရွှေရတနာဆိုင်နှင့် “ဆင်ဖြူတော်” ငွေလွှဲလုပ်ငန်းတို့အား သေနတ်ပြခြိမ်းခြောက်၍ လုယက်မှုကျူးလွန်သူ PDF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင်နှစ်ဦးပါ တရားခံအမျိုးသားငါးဦးအား သက်သေခံရွှေထည်ပစ္စည်းနှင့်ငွေများ၊ လုယက်မှုကျူးလွန်ရာတွင် အသုံးပြုသည့် လက်နက်၊ ခဲယမ်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၃၁**

မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ကဠုနမဟီရပ်ကွက် ၇၇ လမ်း၊ ၃၂ လမ်းနှင့် ၃၃ လမ်းကြားရှိ “နဂါးနန်းတော်” စိန်ရွှေရတနာဆိုင်၌ ဒီဇင်ဘာ ၂၆ ရက် နံနက်ပိုင်းတွင် ဆိုင်ပိုင်ရှင်ဖြစ်သူ ဒေါ်ဥမ္မာအေး ၅၂ နှစ်ပါ ဆိုင်ဝန်ထမ်းခြောက်ဦးတို့ ရှိနေစဉ် အမျိုးသားနှစ်ဦး(စိစစ်ဆဲ)က ဆိုင်ကယ်တစ်စီးဖြင့် ရောက်ရှိလာပြီး ဆိုင်ဝန်ထမ်းများအား သေနတ်ပြခြိမ်းခြောက်ကာ ဆိုင်ရှိရွှေထည်ပစ္စည်းမျိုးစုံ (ရွှေအလေးချိန် ၁ ပိဿာ ၉၁ ကျပ်သားခန့် စုစုပေါင်းတန်ဖိုးငွေကျပ် ၁၀၅၀၅ သိန်းခန့်)နှင့် ငွေစက္ကူရောရာ ကျပ်သိန်း ၃၀ ခန့်တို့အား လုယက်ယူဆောင်ထွက်ပြေးသွားခဲ့သည့်ဖြစ်စဉ် ဖြစ်ပွားခဲ့သည်။

အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက တရားခံများအား ဖော်ထုတ်ဖမ်းဆီးနိုင်ရေး အခင်းဖြစ်ရပ် မှတ်တမ်းများရယူခြင်း၊ နယ်မြေအတွင်း သတင်းရယူစုံစမ်းခြင်းများ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၂၉ ရက် နံနက်ပိုင်းတွင် လုယက်မှုကျူးလွန်သူ တရားခံများဖြစ်ကြသည့် ဖောင်းပြင်မြို့နယ် ပေါက်ကုန်းကျေးရွာနေ မိုးအောင်(ခ)အောင်မိုး ၂၉ နှစ်နှင့် ဒီပဲယင်းမြို့နယ် ထောင်တန်းကျေးရွာနေ ကျော်စိုးလွင်(ခ)ကျော်ကြီး(ခ)ပြာတာ ၂၉ နှစ်တို့ နှစ်ဦးအား အောင်မြေသာစံမြို့နယ် ၂၅ လမ်းနှင့် ၅၃ လမ်းကြားရှိ Nature တည်းခိုခန်း အခန်းအမှတ်(၂၀၉)၌ လုယက်မှုကျူးလွန်စဉ် အသုံးပြုခဲ့သည့် M–5 အမျိုးအစားသေနတ်တစ်လက်၊ ကျည်အိမ်တစ်ခု၊ M–4 A1 Carbine အမျိုးအစား သေနတ်တစ်လက်၊ ကျည်အိမ်သုံးခု၊ ကျည်မျိုးစုံ ၈၃ တောင့်၊ Click ဆိုင်ကယ်တစ်စီး၊ လုယက်မှုကျူးလွန်ရာမှရရှိသည့် ရွှေထည်ပစ္စည်းမျိုးစုံ ၁ ပိဿာ ၄၀ ကျပ်သားခန့်၊ ငွေစက္ကူရောရာ ၂၁၅ သိန်းတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ မိုးအောင်(ခ)အောင်မိုးနှင့် ကျော်စိုးလွင်(ခ)ကျော်ကြီး(ခ)ပြာတာတို့၏ ထွက်ဆိုချက်အရ လုယက်မှုကျူးလွန်ရာတွင် ပူးပေါင်းပါဝင်သူများဖြစ်ကြသည့် ပုသိမ်ကြီးမြို့နယ် နန်းဦးလွင်ကျေးရွာနေ အောင်ပြည့်စုံလွင် ၃၅ နှစ်နှင့် မိုင်ကုန်းရွာနေ သန်းထိုက်ထွန်း(ခ)ငနဲ ၃၃ နှစ်တို့အား ၎င်းတို့၏ နေအိမ်အသီးသီး၌ လုယက်မှုကျူးလွန်စဉ်အသုံးပြုခဲ့သည့် CANDA Wave 110 ဆိုင်ကယ်တစ်စီး၊ မီနီအိုးဝေတစ်စီးတို့နှင့် လည်းကောင်း၊ လုယက်မှုကျူးလွန်ရာမှရရှိခဲ့သည့် ရွှေထည်ပစ္စည်းများအား အရည်ကျိုပုံဖျက်ပေးသူ အောင်မြေသာစံမြို့နယ် အနိုပ်တော်ရပ်ကွက်နေ ထွန်းမင်းလတ်(ခ)ထွန်းမင်း ၅၀ နှစ်(ဘ)ဦးသင်အား ၎င်း၏နေအိမ်၌ ရွှေထည်ပစ္စည်းများ အရည်ကျိုရာတွင် အသုံးပြုသည့်ပစ္စည်းများနှင့် လည်းကောင်း ယင်းနေ့ မွန်းလွဲပိုင်းတွင် အသီးသီး ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဆက်လက်၍ ဖမ်းဆီးရမိတရားခံ မိုးအောင်(ခ)အောင်မိုး၊ ကျော်စိုးလွင်(ခ)ကျော်ကြီး(ခ)ပြာတာ၊ အောင်ပြည့်စုံလွင်နှင့် သန်းထိုက်ထွန်း(ခ)ငနဲတို့အား အခြားလုယက်မှု၊ ခါးပြမှုများနှင့် တိုက်ဆိုင်စစ်ဆေးခဲ့ရာ ၎င်းတို့လေးဦးသည် ဒီဇင်ဘာ ၂၄ ရက် ညနေ ၄ နာရီတွင် မဟာအောင်မြေမြို့နယ် မဟာမြိုင်(၁)ရပ်ကွက်ရှိဆင်ဖြူတော်ငွေလွှဲလုပ်ငန်းအား သေနတ်ပြခြိမ်းခြောက်၍ ငွေကျပ်သိန်း ၃၀၀ နှင့် MDY–16/4Q 1196 Ertiga အမျိုးအစား ယာဉ်တစ်စီးတို့အား လုယက်ခဲ့ကြောင်း၊ လုယက်မှုကျူးလွန်းရာမှ ရရှိခဲ့သည့် ယာဉ်အား အမည်မသိအမျိုးသားတစ်ဦးထံ ငွေကျပ်သိန်း ၁၅၀ ဖြင့် ရောင်းချခဲ့ကြောင်း ထပ်မံဖော်ထုတ် သိရှိရသည်။

စစ်ဆေးချက်များအရ ဖမ်းဆီးရမိတရားခံ မိုးအောင်(ခ)အောင်မိုးသည် စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲယင်းမြို့နယ် ဆပ်ပြာကျင်းကျေးရွာ PDF အကြမ်းဖက်အဖွဲ့မှ ဒုတိယခေါင်းဆောင်ဖြစ်ပြီး ကျော်စိုးလွင်(ခ)ကျော်ကြီး(ခ)ပြာတာသည် ဒီပဲယင်းမြို့နယ် ဆပ်ပြာကျင်းကျေးရွာအုပ်စု ထောင်တန်းကျေးရွာ PDF အကြမ်းဖက်အဖွဲ့မှ အဖွဲ့ဝင်တစ်ဦးဖြစ်ကြောင်း၊ လုယက်မှုများကျူးလွန်စဉ်က အသုံးပြုခဲ့သော သေနတ်များအား PDF အကြမ်းဖက်အဖွဲ့ဝင် ကိုစိုးကြီး(စိစစ်ဆဲ)ထံမှ ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းတို့ နှစ်ဦးသည် မန္တလေးမြို့ပေါ်ရှိ ရွှေဆိုင်များအား ခါးပြမှု၊ လုယက်မှုများ ကျူးလွန်၍ ရရှိငွေများဖြင့် လက်နက်၊ ခဲယမ်းများထပ်မံဝယ်ယူရန် မန္တလေးမြို့ပေါ်သို့ တက်ရောက်လာခဲ့ကြခြင်းဖြစ်ကြောင်း၊ ထိုသို့ လုယက်မှုများကျူးလွန်ရာတွင် ခင်မင်ရင်းနှီးသူများဖြစ်ကြသည့် ပုသိမ်ကြီးမြို့နယ်နေ အောင်ပြည့်စုံလွင်နှင့် သန်းထိုက်ထွန်း(ခ)ငနဲတို့နှင့် ပူးပေါင်းကာ ကျူးလွန်ခဲ့ကြခြင်းဖြစ်ကြောင်း။

ဒီဇင်ဘာ ၂၄ ရက် ညနေ ၄ နာရီတွင် မဟာအောင်မြေမြို့နယ် မဟာမြိုင်(၁)ရပ်ကွက်ရှိ ဆင်ဖြူတော်ငွေလွှဲလုပ်ငန်းအား ဝင်ရောက်လုယက်ရာတွင် မိုးအောင်(ခ)အောင်မိုးက MA–5 သေနတ်အား ကိုင်ဆောင်၍လည်းကောင်း၊ ကျော်စိုးလွင်(ခ)ကျော်ကြီး(ခ)ပြာတာက M4–A14 သေနတ်အား ကိုင်ဆောင်၍လည်းကောင်း ဆိုင်အတွင်း ဝင်ရောက်လုယက်ခဲ့ကြခြင်းဖြစ်ပြီး အောင်ပြည့်စုံလွင်နှင့် သန်းထိုက်ထွန်း(ခ)ငနဲတို့နှစ်ဦးက ဆိုင်အပြင်မှနေ၍ အခြေအနေစောင့်ကြည့်ပေးခဲ့ကြခြင်းဖြစ်ကြောင်း။

ဒီဇင်ဘာ ၂၆ ရက် နံနက် ၈ နာရီမိနစ် ၅၀ တွင် “နဂါးနန်းတော်” စိန်ရွှေရတနာဆိုင်အား လုယက်မှုကျူးလွန်ရာ၌ မိုးအောင်(ခ)အောင်မိုးက MA–5 သေနတ်ဖြင့်လည်းကောင်း၊ ကျော်စိုးလွင်(ခ)ကျော်ကြီး(ခ)ပြာတာက MA–4 A1 သေနတ်ဖြင့် လည်းကောင်း အသီးသီးကိုင်ဆောင်ကာ ဆိုင်အတွင်းဝင်ရောက်၍ ဆိုင်ရှိဝန်ထမ်းများအား သေနတ်ပြခြိမ်းခြောက်ပြီး ဝင်ရောက်လုယက်ခဲ့ခြင်း ဖြစ်ပြီး အောင်ပြည့်စုံလွင်က ဆိုင်အပြင်မှနေ၍ အခြေအနေစောင့်ကြည့်ပေးခဲ့ကြခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖြစ်စဉ်တွင် “နဂါးနန်းတော်” စိန်ရွှေရတနာဆိုင်နှင့် “ဆင်ဖြူတော်” ငွေလွှဲလုပ်ငန်းတို့အား သေနတ်ပြခြိမ်းခြောက်၍ လုယက်မှုများကျူးလွန်ခဲ့သူ PDF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင်များ ဖြစ်ကြသည့် မိုးအောင်(ခ)အောင်မိုး၊ ကျော်စိုးလွင်(ခ)ကျော်ကြီး(ခ)ပြာတာတို့နှစ်ဦးနှင့် ပူးပေါင်းကျူးလွန်သူ အောင်ပြည့်စုံလွင်၊ သန်းထိုက်ထွန်း(ခ)ငနဲ၊ ထွန်းမင်းလတ်(ခ)ထွန်းမင်းတို့ ငါးဦးအား သက်သေခံရွှေထည်ပစ္စည်းနှင့်ငွေများ၊ လုယက်မှုကျူးလွန်ရာတွင် အသုံးပြုသည့် လက်နက်၊ ခဲယမ်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပြီး ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။



မန္တလေးမြို့အတွင်းရှိ “နဂါးနန်းတော်” စိန်ရွှေရတနာဆိုင်နှင့် “ဆင်ဖြူတော်” ငွေလွှဲလုပ်ငန်းတို့အား သေနတ်ပြခြိမ်းခြောက်၍ လုယက်မှုကျူးလွန်သူ PDF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင်နှစ်ဦးပါ တရားခံအမျိုးသားငါးဦးဖြစ်သည့် (ဝဲမှယာ) တရားခံ သန်းထိုက်ထွန်း(ခ)ငနဲ၊ ကျော်စိုးလွင်(ခ)ကျော်ကြီး(ခ)ပြာတာ၊ မိုးအောင်(ခ)အောင်မိုး၊ အောင်ပြည့်စုံလွင်၊ ထွန်းမင်းလတ်(ခ)ထွန်းမင်းတို့အား သက်သေခံရွှေထည်ပစ္စည်းနှင့်ငွေများ၊ လုယက်မှုကျူးလွန်ရာတွင် အသုံးပြုသည့် လက်နက်၊ ခဲယမ်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိမှုမှတ်တမ်းဓာတ်ပုံ။

**သတင်းစဉ်**

## PDF အမည်ခံ အကြမ်းဖက်သမားများက ဂန့်ဂေါမြို့နယ် ဇာဟောကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းအား မီးရှို့ဖျက်ဆီး၊ ကန့်ဘလူမြို့နယ် ဆားကုန်းကျေးရွာအတွင်း Drop Bomb များဖြင့် ပစ်ချတိုက်ခိုက်

**နေပြည်တော် ဒီဇင်ဘာ ၃၁**

စစ်ကိုင်းတိုင်း ဒေသကြီး ဂန့်ဂေါမြို့နယ် ဇာဟောကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းအား PDF အမည်ခံ အကြမ်းဖက်သမားများက ဒီဇင်ဘာ ၂၉ ရက် ည ၁၁ နာရီ ၄၅ မိနစ်ခန့်တွင် မီးရှို့ဖျက်ဆီးခဲ့ရာ အလျား ၁၀၈ ပေ၊ အနံ ၃၃ ပေ၊ အမြင့် ၂၂ ပေရှိ ကွန်ကရစ်ခင်း၊ ပျဉ်ကာ၊ သွပ်မိုး၊ အုပ်ညှပ် နှစ်ထပ်စာသင်ဆောင် မီးလောင်ပျက်စီးဆုံးရှုံးခဲ့သည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ဆားကုန်းကျေးရွာအတွင်းသို့ PDF အမည်ခံ အကြမ်းဖက် သမားများက ဒီဇင်ဘာ ၂၉ ရက် နံနက် ၉ နာရီခွဲခန့်တွင် Drone အသုံးပြုပြီး Drop Bomb များ ပစ်ချတိုက်ခိုက်ခဲ့သဖြင့် အဆိုပါကျေးရွာနေ အပြစ်မဲ့ပြည်သူ အမျိုးသမီးတစ်ဦး ဗုံးစထိမှန်ဒဏ်ရာများဖြင့် သေဆုံးခဲ့ကာ အမျိုးသားငါးဦးနှင့် အမျိုးသမီးရှစ်ဦးတို့တွင် ဗုံးစထိမှန်ဒဏ်ရာများ ရရှိခဲ့သဖြင့် ထိခိုက်ဒဏ်ရာ ရရှိခဲ့သူများအား ကန့်ဘလူမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူစေလျက်ရှိသည်။



PDF အမည်ခံ အကြမ်းဖက်သမားများက ဂန့်ဂေါမြို့နယ် ဇာဟောကျေးရွာ အခြေခံပညာအထက်တန်းကျောင်းအား မီးရှို့ဖျက်ဆီးခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

NUG လက်ဝေခံ PDF အမည်ခံ အကြမ်းဖက် အဖွဲ့များသည် အနာဂတ် ရင်သွေးငယ်များ၏ ပညာသင်ကြား သင်ယူခွင့် အခွင့်အလမ်းများ ပျက်ပြား၍ ပညာမဲ့လူတန်းစားများ ဖြစ်ပေါ်လာစေရန် ယုတ်မာရိုင်းစိုင်းသော ရည်ရွယ်ချက်များဖြင့် ကျောင်းသား၊ ဆရာ၊ မိဘများအား ခြိမ်းခြောက်အကျပ်ကိုင်ခြင်း၊ ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ပညာရေးဆိုင်ရာ အဆောက်အအုံများအား မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း၊ ၎င်းတို့အား ထောက်ခံ အားပေးမှုမရှိသည့် ကျေးရွာများအား အကြောက်တရားလွှမ်းမိုးစေရန် အဝေးမှနေ၍ လက်နက်ကြီးများ၊ Drone များအသုံးပြု၍ နှောင့်ယှက်ပစ်ခတ်ခြင်း၊ အပြစ်မဲ့ပြည်သူများအား ဖမ်းဆီးသတ်ဖြတ်ခြင်းများကို ဥပဒေမဲ့လုပ်ဆောင်လျက်ရှိသည်။




PDF အမည်ခံ အကြမ်းဖက်သမားများက ကန့်ဘလူမြို့နယ် ဆားကုန်းကျေးရွာအား Drop Bomb ချ တိုက်ခိုက်ခဲ့သည့် ဖြစ်စဉ်နေရာပြပုံ။

လုံခြုံရေးအဖွဲ့များ အနေဖြင့် အထက်ပါဖြစ်စဉ်များတွင် ပါဝင်ပတ်သက်သူများအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေးနှင့် နယ်မြေလုံခြုံရေးအတွက် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းစဉ်များ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

ကြေးမုံ

ဇန်နဝါရီ ၁၊ ၂၀၂၅

# ရန်ကုန်တိုင်းဒေသကြီး၌ 2025 New Year Countdown Festival ကို ပြည်သူ့ရင်ပြင်တွင် စည်ကားသိုက်မြိုက်စွာကျင်းပ



**ရန်ကုန် ဒီဇင်ဘာ ၃၁**

ခရစ်နှစ် ၂၀၂၄ ခုနှစ်ကုန်ဆုံးပြီး ၂၀၂၅ ခုနှစ်သို့ ကူးပြောင်းသည့် အထိမ်းအမှတ် နိုင်ငံတကာ နှစ်သစ်ကူးပွဲတော်များကို ကမ္ဘာတစ်ဝန်းတွင် ပျော်ရွှင်စွာဆင်နွှဲကြသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း နေပြည်တော်၊ ရန်ကုန်နှင့် အခြားမြို့ကြီးများ၌ ပျော်ပွဲရွှင်ပွဲများ ကျင်းပကြကာ နှစ်သစ်ကို ပြည်သူများက ပျော်ရွှင်စွာ ကြိုဆိုကြသည်။

ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ ပြည်သူများအနေဖြင့် ယနေ့ မွန်းလွဲပိုင်းမှစတင်၍ မိသားစုနှင့် မိတ်ဆွေသူငယ်ချင်း အစုအဖွဲ့အလိုက် နှစ်သစ်ကိုကြိုဆိုရန် ပြည်သူ့ရင်ပြင်သို့ ရောက်ရှိလာကြပြီး နှစ်သစ်ကူးပြောင်းမည့်အချိန် အခိုက်အတန့်ကို စောင့်မျှော်ကာ ဖျော်ဖြေပွဲများတွင် ပါဝင်ဆင်နွှဲကြသည်မှာ အထူးစည်ကားလျက်ရှိသည်။

ထို့ပြင် လျှပ်စစ်မီးများဖြင့် ထွန်းလင်းတောက်ပလျက်ရှိသည့် ထေရဝါဒဗုဒ္ဓသာသနာ၌ သမိုင်းအစဉ်အလာကြီးမားပြီး မြန်မာနိုင်ငံသာမက ကမ္ဘာ့အလယ်တွင် ထင်ရှားကျော်ကြားသည့် ရွှေတိဂုံစေတီတော်မြတ်ကြီးကို နှစ်သစ်ကူးပွဲတော်လာ ဒေသခံများနှင့် အနယ်နယ်အရပ်ရပ်မှ ပြည်သူများသည် ဖူးမြော်ကြည်ညိုပြီး ပြည်သူ့ရင်ပြင်ရှိ ရောင်စုံမီးလုံးမီးဆိုင်းများအောက်၌ တပျော်တပါး ပျော်ရွှင်စွာ စုပေါင်းအမှတ်တရဓာတ်ပုံ ရိုက်ကြသည်မှာ စိတ်ပျော်ရွှင် ချမ်းမြေ့ဖွယ်ကောင်းလှသော နှစ်သစ်ကြိုညတစ်ညပင်ဖြစ်သည်။

ပြည်သူ့ရင်ပြင် အလယ်ရှိ 2025 New Year Countdown Festival ဖျော်ဖြေရေးမဏ္ဍပ်၌လည်း နိုင်ငံကျော်ရုပ်ရှင်သရုပ်ဆောင်များ၊ အဆိုတော်များ၊ DJ ပညာရှင်များ၊ အကအဖွဲ့များနှင့် မျိုးဆက်သစ်တေးသံရှင်များစွာတို့က မြူးကြွစွာ သီဆိုဖျော်ဖြေမှုများကြောင့် နှစ်သစ်ကူးပွဲတော်ကို ပိုမိုအသက်ဝင်စေခဲ့သည်။

နှစ်သစ်ကူးပွဲတော် လာရောက်လည်ပတ်ကြသူများ စားရေးသောက်ရေး အဆင်ပြေစွာ ဝယ်ယူ စားသောက်နိုင်ရေးအတွက် စားသောက်ဆိုင်များနှင့် အမှတ်တရလက်ဆောင်ပစ္စည်းဆိုင်များအပါအဝင် ဆိုင်ခန်းပေါင်း ၁၀၀ ကျော် ဖွင့်လှစ်ရောင်းချပေးလျက်ရှိရာ ဝယ်ယူစားသောက်ကြသူများဖြင့်လည်း စည်ကားလျက်ရှိသည်။





ထို့နောက် ပွဲတော်လာပြည်သူများသည် နှစ်သစ်ကူးချိန်ဖြစ်သည့် ည ၁၂ နာရီမထိုးမီ နှစ်ကူး Countdown ကို တပျော်တပါး ရေတွက်ကြပြီး ည ၁၂ နာရီတိတိတွင် Happy New Year ဟု တညီတညွတ်တည်း သံပြိုင်ဟစ်ကြွေးကာ မီးရှူးမီးပန်းများ ပစ်ဖောက်၍ နှစ်သစ်ကိုပျော်ရွှင်စွာ ကြိုဆိုကြသည်။

ပွဲတော်သို့ လာရောက်ရာတွင်လည်း မော်တော်ယာဉ်ဖြင့် အခမဲ့ အသွားအပြန် ပို့ဆောင်ပေးထားသဖြင့် လာရောက်လည်ပတ်သူများ စိတ်ချမ်းမြေ့စွာဖြင့် အထူးစည်ကားစွာ ပါဝင်ဆင်နွှဲခဲ့ကြောင်း သိရသည်။ **ဇော်မင်းလတ် –MNA**







## မိတ္ထီလာမြို့နယ်၌ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကျင်းပ

**မိတ္ထီလာ ဒီဇင်ဘာ ၃၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၌ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စာရေးဆရာအသင်းမှ စာရေးဆရာ မြင့်မားအောင်က အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းဇော်က ပြိုင်ပွဲကျင်းပရခြင်းအကြောင်းကို ရှင်းလင်းပြောကြားခဲ့ကာ စာစီစာကုံးပြိုင်ပွဲတွင် လက်ဆင့်ကမ်းအမွေထိန်းသိမ်းစေ ခေါင်းစဉ်ဖြင့် ကျင်းပခဲ့ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**










နေပြည်တော်၌ ပြည်သူများ နှစ်သစ်ကို တစ်ခဲနက် ပျော်ရွှင်စွာကြိုဆိုကြစဉ်။

☆ **နေပြည်တော်မှ**

ယနေ့ည နှစ်သစ်ကိုကြိုဆိုသည့် ဖျော်ဖြေရေးအစီအစဉ်တွင် Music Band၊ DJ များဖြင့် တွဲဖက်၍ နိုင်ငံကျော်အဆိုတော်များက ပရိသတ်အကြိုက် တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေတင်ဆက်ကြရာ ပွဲတော်လာပြည်သူများက စည်းချက်အလိုက် ပျော်ရွှင်စွာဖြင့် လိုက်ပါသီဆို၍ တစ်ခဲနက် ပါဝင်ဆင်နွှဲကြသည်။

ယနေ့ညသည် ၂၀၂၄ ခုနှစ် နှစ်ဟောင်းကုန်၍ ၂၀၂၅ ခုနှစ် နှစ်သစ်သို့ ကူးပြောင်းမည့် နှစ်သစ်ကူး အချိန်ကာလဖြစ်သည့်အတွက် ပွဲတော်လာပြည်သူများသည် ည ၁၂ နာရီ မထိုးမီ နှစ်သစ်ကူး Countdown ကို တပျော်တပါး သံပြိုင်ရေတွက်ကြပြီး ည ၁၂ နာရီ တိတိတွင် Happy New Year ဟု တညီတညွတ်တည်း သံပြိုင်ဟစ်ကြွေးကြကာ မီးရှူးမီးပန်းများ ပစ်ဖောက်၍ ၂၀၂၅ ခုနှစ် နှစ်သစ်ကူးအခါသမယကို ပျော်ရွှင်စွာကြိုဆိုကြသည်။

ထို့အတူ ဖျော်ဖြေရေးကွင်းအတွင်း၌ စားသောက်ဆိုင်များနှင့် အမှတ်တရ လက်ဆောင်ပစ္စည်းဆိုင်များ၊ ဒေသထွက်ကုန်များနှင့် ဒေသအစားအစာများကို ဝယ်ယူစားသုံးကြသည့် ဖျော်ဖြေပွဲလာပြည်သူများဖြင့် စည်ကားလျက်ရှိသည့်အပြင် အပျော်တမ်းဂိမ်းကစားကြသူများ၊ ချားရဟတ်စီးကြသူများ၊ Photo Booth များတွင် အမှတ်တရ အလှဓာတ်ပုံရိုက်ကြသူများဖြင့် အထူးစည်ကားခဲ့သည်။

အလားတူ New Year Countdown Live Show နှင့် ဈေးရောင်းပွဲတော်ကို ဒီဇင်ဘာ ၃၀ ရက်မှစ၍ နေပြည်တော် ရေပန်းဥယျာဉ်၌ ကျင်းပရာ ယနေ့တွင် ပျော်ရွှင်စရာအစီအစဉ်များဖြင့် နှစ်သစ်ကူးပြောင်းမည့် အချိန်အခိုက်အတန့်ကို ရင်ခုန်စွာစောင့်မျှော် ပါဝင်ဆင်နွှဲကြသဖြင့် အထူးစည်ကားခဲ့သည်။

ရေပန်းဥယျာဉ် အတွင်း ဝင်ပေါက်လမ်းများတစ်လျှောက် ဘေးဝဲယာတွင် ရောင်စုံအလှမီးများ လှပစွာထွန်းညှိထားသည့်အပြင် ရေပန်းဥယျာဉ်အတွင်း၌လည်း ရေပန်းအလှများ၊ ကလေးများ ပျော်ရွှင်စွာ ဆော့ကစားရန် Water Park များ၊ အလှဓာတ်ပုံရိုက်ရန် Photo Booth များထားရှိပေးထားသည့်အတွက် မိသားစုများ၊ မိတ်ဆွေသူငယ်ချင်းများနှင့် အတူ အလှဓာတ်ပုံများ ပျော်ရွှင်စွာရိုက်ကြသည်ကိုလည်း တွေ့ရသည်။

ထို့ပြင် လာရောက်လည်ပတ်ကြသည့် ပြည်သူများ အဆင်ပြေစွာ ဝယ်ယူစားသောက်နိုင်ရန် ထိုင်းအစားအစာ၊ တရုတ်အစားအစာ၊ ကိုရီးယားအစားအစာ၊ မြန်မာ့ရိုးရာအစားအစာများ၊ ပင်လယ်စာအကင်များနှင့် အထောင်းမျိုးစုံရောင်းချသည့် ဆိုင်ခန်းများအပြင် ကလေးကစားစရာ မီးလင်းရောင်စုံအရုပ် အရောင်းဆိုင်ခန်းများ အပါအဝင် ဆိုင်ခန်းစုစုပေါင်း ၂၀ ခန်းကျော် ဖွင့်လှစ်ရောင်းချပေးလျက်ရှိပြီး ဝယ်ယူစားသုံးကြသူများဖြင့် စည်ကားလျက်ရှိသည်။

New Year Countdown Live Show နှင့် ဈေးရောင်းပွဲတော်တွင် နိုင်ငံကျော် တေးသံရှင်များနှင့် Dancer များက Art Robots Band၊ DJ များဖြင့် တွဲဖက်၍ ပရိသတ်အကြိုက် တေးသီချင်းများဖြင့် ကပြသီဆို ဖျော်ဖြေတင်ဆက်ကြပြီး ည ၁၂ နာရီ တွင် ၂၀၂၅ ခုနှစ် နှစ်သစ်ကူးအခါသမယကို Countdown ရေတွက်၍ ပြည်သူများက Happy New Year သံပြိုင်ဟစ်ကြွေးကြကာ နှစ်သစ်ကို တစ်ခဲနက်ပျော်ရွှင်စွာ ကြိုဆိုခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## မောက်မယ်မြို့နယ်၌ ဝါကျွတ်ပွဲ(ခေါ်)ကောက်သစ်စားပွဲ ကျင်းပ

**မောက်မယ် ဒီဇင်ဘာ ၃၁**

ရှမ်းပြည်နယ် (တောင်ပိုင်း) မောက်မယ်မြို့နယ် ကွန်ကျိုင်းရပ်ကွက်ရှိ ကွန်ကျိုင်းဘုန်းတော်ကြီးကျောင်း၌ မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော်က ကြီးမှူးကျင်းပသည့် ရှမ်းရိုးရာဓလေ့ထုံးတမ်း စဉ်လာများအရ ဝါကျွတ်ပွဲ(ခေါ်)ကောက်သစ်စားပွဲကို ယမန်နေ့ ညနေ ၆ နာရီက ကျင်းပသည်။



**သီဆိုဖျော်ဖြေ**

ထိုဝါကျွတ်ပွဲ(ခေါ်)ကောက်သစ်စားပွဲတွင် မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာများက အလှူပစ္စည်းများ ထည့်ဝင်ထားသည့် ပဒေသာပင်များဖြင့် ရှမ်းရိုးရာဘုံမောင်းများ တီး၍ ကျောင်းအား လှည့်လည် ပူဇော်ခံကန်တော့ကြပြီး ညပိုင်းတွင် ကွန်ကျိုင်းရပ်ကွက် လူငယ်လေးများက တိုင်းရင်းသားရိုးရာ အလှအကများဖြင့် သီဆိုဖျော်ဖြေကြသည်။

ယနေ့နံနက် ၇ နာရီတွင် သံဃာတော်များအား အရုဏ်ဆွမ်းနှင့် ဘောဇဉ်၊ ခဲဖွယ်များ ဆက်ကပ်လှူဒါန်းကာ ပူဇော်ကန်တော့ကြပြီး ရေစက်သွန်းချအမျှပေးဝေကာ ရပ်ဝေးရပ်နီးမှ ကြွရောက်လာကြသော ဓမ္မမိတ်ဆွေများအား အကျွေးအမွေးဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြောင်း သိရသည်။

**စိုင်းမျိုးသန့်(မောက်မယ်)**

## ကျိုက်လတ်မြို့နယ်၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

**ကျိုက်လတ် ဒီဇင်ဘာ ၃၁**

ဧရာဝတီ တိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်တွင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့် သရုပ်ပြသခြင်းများကို ယနေ့နံနက်ပိုင်းက ကျိုက်လတ်-မအူပင် ကားလမ်းဘေးရှိ Zaw Energy စက်သုံးဆီအရောင်းဆိုင်၌ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ ဒုတိယမီးသတ်ဦးစီးမှူး ဦးအောင်မိုးဦးက မြို့နယ်အတွင်းရှိ စက်ရုံ၊ အလုပ်ရုံများအတွင်း မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရမည့် လုပ်ငန်းများ၊ လိုက်နာရမည့်အချက်များ မီးဘေးအန္တရာယ် ဖြစ်ပေါ်လာပါက အလျင်အမြန်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအား ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ဒုတိယမီးသတ်ဦးစီးမှူး ဦးအောင်မိုးဦးနှင့် တပ်ဖွဲ့ဝင်များက မီးသတ်ဆေးဘူး အသုံးပြုပုံ အဆင့်ဆင့်အား ရှင်းလင်းပြောကြားပြီး မီးသတ်ဆေးဘူးအသုံးပြု၍ မီးငြိမ်းသတ်မှုများကို လက်တွေ့ဇာတ်တိုက်လေ့ကျင့်သရုပ်ပြသခဲ့ရာ Zaw Energy စက်သုံးဆီအရောင်းဆိုင်မှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများက ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသည်။ **မြို့နယ်(ပြန်/ဆက်)**



# ဒီဇင်ဘာပိတ်ရက်ရှည်တွင် ဘုရားစေတီများ၌ ဘုရားဖူးပြည်သူများဖြင့် စည်ကား



ကျိုက်ထို ဒီဇင်ဘာ ၃၁

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်အတွင်းရှိ ဘုရားစေတီများ၌ အများပြည်သူပိတ်ရက်ရှည် ကာလဖြစ်သည့် ဒီဇင်ဘာ ၃၁ ရက်တွင် အားလပ်ရက် အပန်းဖြေခရီးသွားလာသူ ဘုရားဖူးကုသိုလ်ယူသူတို့ဖြင့် စည်ကားများပြားလျက်ရှိကြောင်း သိရသည်။

ကျိုက်ထိုမြို့နယ်အတွင်း ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးအပါအဝင် ကျိုက်ပေါလောရုပ်ပွားတော်မြတ်၊ ထိုင်တော်မူရုပ်ပွားတော်မြတ်ကြီး စသည့် ထင်ရှားကျော်ကြားသည့် ဘုရားစေတီများတွင် ဒီဇင်ဘာပိတ်ရက်ရှည်ကာလ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်ကြကာ ရွှေသင်္ကန်း၊ ပန်း၊ ဆီမီး၊ အမွှေးနံ့သာများကပ်လှူပူဇော်ကြခြင်း၊ တရားဘာဝနာပွားများခြင်းတို့ဖြင့် ကုသိုလ်ပြုခြင်း၊ စိတ်အေးချမ်းသာစွာ လာရောက်အပန်းဖြေခြင်းတို့ကို မိသားစုအလိုက်၊ အဖွဲ့အလိုက် လာရောက်ကြသည်။

အဆိုပါ ဘုရားဖူးပြည်သူများ အန္တရာယ်ကင်းရှင်းပြီး စိတ်အေးချမ်းသာစွာ ဖူးမြော်နိုင်ရန်အတွက် ဘုရားစေတီအသီးသီးတို့ရှိ ဂေါပကအဖွဲ့နှင့် တာဝန်ရှိသူတို့က လိုအပ်သည်များကို ကူညီပေးကာ လုံခြုံအေးချမ်းစေရေး ကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# မန္တလေးမြို့၌ နှစ်သစ်ကူးပွဲတော်ကျင်းပ၍ ပြည်သူများနှစ်သစ်ကို ပျော်ရွှင်စွာကြိုဆို




မန္တလေး ဒီဇင်ဘာ ၃၁

ခရစ်နှစ် ၂၀၂၄ ခုနှစ် ကုန်ဆုံး၍ ၂၀၂၅ ခုနှစ်သို့ ကူးပြောင်းသည့် အထိမ်းအမှတ်အဖြစ် နိုင်ငံတကာနှစ်သစ်ကူးပွဲတော်များကို ကမ္ဘာတစ်ဝန်းတွင် ပျော်ရွှင်စွာ ဆင်နွှဲကြသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့ကြီးများနှင့် အခြားမြို့ကြီးများတွင် ပျော်ပွဲရွှင်ပွဲများ၊ ဖျော်ဖြေပွဲများ ထည့်သွင်းကျင်းပကြကာ နှစ်သစ်ကို တညီတညွတ်တည်း ပျော်ရွှင်စွာ ကြိုဆိုကြသည်။ မန္တလေးမြို့သူမြို့သားများအနေဖြင့်လည်း ယနေ့ညနေပိုင်းမှစတင်၍ နှစ်သစ်ကို ကြိုဆိုကြရန် မိသားစုနှင့် မိတ်ဆွေသူငယ်ချင်း အစုအဖွဲ့အလိုက် ပျော်ရွှင်ဖွယ်ရာ အစီအစဉ်များဖြင့် နှစ်သစ်ကူးပြောင်းမည့်အချိန် အခိုက်အတန့်ကို စောင့်မျှော်ဆင်နွှဲကြသည်။

ထို့ပြင် ဒေသခံများနှင့် အနယ်နယ်အရပ်ရပ်မှ ပြည်သူများ တပျော်တပါး နှစ်သစ်ကူးအခါသမယကို ဆင်နွှဲနိုင်ရန်အတွက် နှစ်သစ်ကူးအထိမ်းအမှတ်ပွဲတော်ကို ညနေ ၆ နာရီမှစတင်၍ ၂၆ လမ်းနှင့် ၆၆ လမ်း(ကျုံးထောင့်)တွင် ဖျော်ဖြေရေးစင်မြင့်ထားရှိ၍ နိုင်ငံကျော် အဆိုတော်များ၏ ဖျော်ဖြေမှုများနှင့်အတူ ပျော်ပွဲရွှင်ပွဲများ ထည့်သွင်း၍ ကျင်းပခဲ့သည်။

ပွဲတော်သို့ လာရောက်ဆင်နွှဲသည့် ကိုလှမြင့်သိန်းက "နှစ်သစ်ကို ကြိုဆိုဖို့အတွက် လာရောက်ဆင်နွှဲခြင်း ဖြစ်ပါတယ်။ နှစ်သစ်ကူးချိန်ကို စောင့်ပြီး Happy New Year လို့ မိသားစုလိုက် သံပြိုင်အော်ဟစ်ပြီး နှစ်သစ်ကိုဖြတ်ကျော်ချင်ပါတယ်။ ပျော်ရွှင်ဖွယ်ဖြစ်အောင် နှစ်သစ်ကူးပွဲစီစဉ်ပေးတဲ့ တာဝန်ရှိသူတွေကိုလည်း ကျေးဇူးတင်ရှိပါတယ်။ လျှပ်စစ်ရောင်စုံအလှမီးတွေ ထွန်းညှိထားတာကြောင့်လည်း ပွဲတော်ကြီးကို လှပစေပါတယ်။ ကိုယ်ကြိုက်နှစ်သက်တဲ့ အဆိုတော်တွေရဲ့ သီချင်းတွေကို နားဆင်ခံစားပြီး ကခုန်ခွင့်ရတဲ့အတွက်လည်း ပြီးပြည့်စုံတဲ့ နှစ်သစ်ကူးညတစ်ညဖြစ်တယ်လို့ခံစားမိပါတယ်" ဟုပြောသည်။

အဆိုပါ ပွဲတော်တွင် ဖျော်ဖြေရေးစင်မြင့်ထားရှိပြီး မန်းစည်ပင်ခေတ်ပေါ်တေး ဂီတနှင့် DJ အစီအစဉ်များဖြင့်တွဲဖက်၍ နိုင်ငံကျော်အဆိုတော်များ၏ မြူးကြွစွာ သီဆိုဖျော်ဖြေမှုများကြောင့် နှစ်သစ်ကူးပွဲတော်ကို ပိုမိုအသက်ဝင်စေခဲ့ပြီး အနယ်နယ်အရပ်ရပ်မှ ပြည်သူများအနေဖြင့်လည်း တစ်ဦးနှင့်တစ်ဦး ချစ်ခင်ရင်းနှီးစွာ နှစ်ကူးအချိန်ကာလကို အတူတကွ ဖြတ်ကျော်ကြသည်။

ပွဲတော်သို့ လာရောက်ဆင်နွှဲကြသူများ အစားအသောက်များ သုံးဆောင်နိုင်ရန်အတွက်လည်း စားသောက်ဆိုင်ခန်းများ ဖွင့်လှစ်ရောင်းချပေးခဲ့ပြီး ကား/ ဆိုင်ကယ်များ စနစ်တကျအပ်နှံနိုင်ရန်လည်း စီစဉ်ဆောင်ရွက်ပေးထားသည်။

ထို့နောက် ပွဲတော်လာပြည်သူများသည် နှစ်သစ်ကူးအချိန်ကာလဖြစ်သည့် ည ၁၂ နာရီ မထိုးမီ နှစ်ကူး Countdown ကို တပျော်တပါးရေတွက်ကြကာ ည ၁၂ နာရီ တိတိတွင် Happy New Year ဟု တညီတညွတ်တည်း သံပြိုင်ရေရွတ်ကာ မီးရှူးမီးပန်းများ ပစ်ဖောက်၍ နှစ်သစ်ကို ပျော်ရွှင်စွာ ကြိုဆိုကြသည်။

မောင်အေးချမ်း






# ကျိုက်မရောမြို့နယ်၌ ကရင်အမျိုးသား နှစ်သစ်ကူးပွဲတော်အခမ်းအနား စည်ကားသိုက်မြိုက်စွာ ကျင်းပ

ကျိုက်မရော ဒီဇင်ဘာ ၃၁

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်၌ (၈၇) ကြိမ်မြောက် ကရင်အမျိုးသားနှစ်သစ်ကူး ပွဲတော်အခမ်းအနားကို အတ္တရံမြစ် အရှေ့ဘက်ကမ်းရှိ ဖာသိမ်ကျေးရွာ နှစ်သစ်ကူးပွဲတော် ကျင်းပရာကွင်းပြင်၌ ယမန်နေ့ နံနက်ပိုင်းက ပြုလုပ်သည်။

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အလံအား အလေးပြု၍ ကရင်တိုင်းရင်းသားအလံအား လွှင့်တင်ခဲ့သည်။ ယင်းနောက် ကရင်စာပေနှင့် ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌ ဦးစောထွန်းအေးက အဖွင့်အမှာစကားပြောကြားပြီး ကရင်တိုင်းရင်းသား စောထွန်းမင်းစိုးက ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အထိမ်းအမှတ်သဝဏ်လွှာကို ဖတ်ကြားကာ နှစ်သစ်ကူး ဆုတောင်းစကားပြောကြားခဲ့သည်။

ဆက်လက်၍ ဆရာတော်ကြီးနှင့် သံဃာတော်များအား တာဝန်ရှိသူများက လှူဖွယ်ဝတ္ထုများဆက်ကပ်လှူဒါန်းပြီးတက်ရောက်လာသူ ရပ်ဝေး ရပ်နီးမှ ဧည့်သည်တော်များအား ကရင်ရိုးရာတိုင်းရင်းသား အစားအစာများဖြင့်ကျွေးမွေးကြပြီး ကရင်ရိုးရာဒုံးယိမ်းအကများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

# သက်လုံလှလှ နေ့ရက်များကို စိန်စီကြပါစို့

ထက်ဝေအောင် (စစ်ကိုင်း)

ကာလယန္တရား၏လည်ပတ်မှုသဘာဝအတိုင်း နေ့ရက်တို့သည် တဖြုတ်ဖြုတ်ကြွေကျလျက်ရှိသည်။ အဆိုပါနေ့ရက်များသည် သဘာဝအတိုင်း ကုန်ဆုံးကွယ်ပျောက်ရခြင်းဖြစ်သဖြင့် တန်ဖိုးရှိသော အချိန်ကာလများဖြစ်စေရန် ကြိုးစားဖန်တီးကြရပေသည်။ အချိန်ကို မည်သူမျှ ထိန်းချုပ်၍မရနိုင်ပေ။ သို့သော် အချိန်ကို တန်ဖိုးရှိစွာအသုံးချပြီး အခွင့်အရေးကောင်းများ ဖန်တီးသွားနိုင်ပေသည်။ ယနေ့သည် မနက်ဖြန်ဆိုသည့် အချိန်ကာလတစ်ခုအတွက် အကောင်းဆုံးပြင်ဆင်ချိန်ကာလတစ်ခုလည်းဖြစ်သည်။ အချိန်ကို စနစ်တကျ စီမံခန့်ခွဲရာတွင် လုပ်သင့်သည့်အလုပ်ကို အဓိက၊ သာမန်ခွဲခြား၍ ဦးစားပေးအဆင့်အလိုက် ဆောင်ရွက်ရလေ့ရှိသည်။ စက္ကန့်များကို တန်ဖိုးရှိအောင် အသွင်ပြောင်းလဲပေးရမည်ဖြစ်သည်။ ဘောလုံးပွဲတစ်ခုပမာ လက်ကျန်မိနစ်များအတွင်း သွင်းဂိုးများရရှိရေး ဆောင်ရွက်ရသကဲ့သို့ အချိန်တိုင်း အခက်အခဲများကို အောင်မြင်စွာကျော်ဖြတ်နိုင်ရေး ပြုသင့်ပြုထိုက်သည့် လုံ့လပြုရမည်ဖြစ်သည်။

**❛ မိမိ၏ကြိုးစားအားထုတ်လိုစိတ်၊ ကောင်းမွန်သော စိတ်ခံစားချက်ဖြင့် ရှင်သန်ခြင်းသည် လက်တွေ့ဆန်သောဘဝကို ထူထောင်ခြင်းဖြစ်ပါသည်။ ဘဝခရီးကို အကောင်းဆုံးလျှောက်လှမ်းကြရမည်ဖြစ်သည်။ လောကဓံ၏ အထုအထောင်းအောက်တွင် အရှုံးပေးမရပ်တန့်သင့်ပေ။ အချိန်နှင့်အမျှ ကြိုးစားရုန်းကန်ကြရမည်သာဖြစ်သည်။ ရလဒ်ဟူသည် ကြိုးစားအားထုတ်မှုဖြင့်သာ ရရှိနိုင်သည်။ မဆုတ်မနစ်ကြိုးစားသူတိုင်း အောင်မြင်မှုအသီးအပွင့်ဟူသမျှကို ခံစားခွင့်ရှိသည်။ ပျော်ရွှင်ဖွယ်ဘဝတစ်ခု တည်ဆောက်လိုသူတိုင်း စိတ်ကိုကောင်းစွာအသုံးချကြိုးစားကြရသည်။ စိတ်မကျေနပ်မှုမှန်သမျှကို လွှတ်ချရမည်ဖြစ်သည်။ လွတ်လပ်သောစိတ်ဖြင့် ဘဝကို မျက်နှာမူကြရမည် ❜**

အချိန်သည် ကုန်ဆုံးလွယ်သောသဘောတရားရှိသည်။ လုပ်ဆောင်ဖွယ်အလုပ်ကိစ္စများကို အကြားအလပ်မရှိအောင် ကြိုးစားစွမ်းဆောင်ရမည်က လူတစ်ဦးချင်းစီ၏ တာဝန်ဝတ္တရားပင်ဖြစ်သည်။ နေ့စွဲတို့သည် တဖြုတ်ဖြုတ်ကြွေလွင့်နေမည်သာဖြစ်ရာ လူသည်လည်း ကြံစည်ကြိုးစားရင်း လောကတာဝန်ကျေပွန်အောင် ထမ်းဆောင်ကြရမည်ဖြစ်သည်။ ပို၍လှသောမနက်ဖြန်သည် မိမိ၏လက်ထဲတွင်သာရှိသည်။ မိမိ၏ တုံ့ပြန်ဆောင်ရွက်မှုသည် လွန်စွာအရေးကြီးလှသည်။ လုပ်ငန်းခွင်တစ်ခု အဆင်ပြေခြင်း၊ တိုးတက်အောင်မြင်ခြင်းသည် လိုက်ပါဆောင်ရွက်သူများ၏ တူညီသောတုံ့ပြန်မှုကြောင့် ရလဒ်ကောင်းများ ထွက်ပေါ်ခြင်းသာဖြစ်ပေသည်။ တစ်ဦးအပေါ်တစ်ဦးက နားလည်မှု၊ စာနာထောက်ထားမှု ဦးစွာတည်ဆောက်၍ အကျိုးစီးပွား ထူထောင်ခြင်းဖြစ်သည်။ သို့ဖြစ်၍ နေ့စဉ်ဘဝတစ်ခုဖြတ်သန်းကြရာတွင် ဖြူစင်စိတ်ထားနှင့် မေတ္တာတရားသည် လွန်စွာအရေးကြီးလှသည်။ ဘဝငြိမ်းချမ်းရေး အုတ်မြစ်တည်ဆောက်ရာတွင် မေတ္တာဖြင့်တုံ့ပြန်၍ သည်းခံခြင်းဖြင့် တည်ဆောက်ကြရလေ့ရှိသည်။

### ငြိမ်းချမ်းမှုရရှိအောင် ကြိုးစားဆောင်ရွက်ရမည်

ဘဝတစ်လျှောက်တွင် စားဝတ်နေရေး ရှင်သန်ရပ်တည်ရေးအတွက် လှုပ်ရှားရုန်းကန်ကြရသည်။ အသက်အလိုက်၊ နှစ်အလိုက် ရင်ဆိုင်ကြုံတွေ့ကြရသည့်လောကဓံ၏ ဆူကြုံနိမ့်မြင့်ကို ခါးစည်းခံကြရသည်။ အဆိုပါလောကဓံသည် လူတိုင်းကြုံတွေ့ရမည့် လောကနိယာမတစ်ခုသာဖြစ်သည်။ ကြုံတွေ့ရမည့် လောကဓံကို မည်သို့ ကျော်ဖြတ်မည်နည်း။ ကိုးကွယ်ယုံကြည်ရာ ဘာသာတိုင်းတွင် လိုက်နာကျင့်ကြံဖွယ် အဆုံးအမ အသီးသီးရှိပေသည်။ ဓမ္မသဘောတရား၏အောက်တွင် သင်ယူနိုင်စွမ်းရှိသလောက် ငြိမ်းချမ်းမှုရရှိအောင် ကြိုးစားဆောင်ရွက်ရမည်ဖြစ်သည်။ ရင်ဆိုင်ကြုံတွေ့ရမည့်လောကဓံကို ချစ်သောလောကဓံ တစ်နည်းအားဖြင့် မိမိ၏ အရည်အချင်းများကို လှစ်ဟပေးသည့် လောကဓံဟု ရှုမြင်နိုင်သည်အထိ အကျိုးများအောင် ကြိုးစားကြရမည်ဖြစ်သည်။ မိမိတို့၏ကြိုးစားအားထုတ်မှုအလိုက် တိုးတက်သည်လည်းရှိနိုင်သည်။ ထင်တိုင်းမပြောက် မပြီးမြောက်သောစိတ်ဆန္ဒများဖြင့် အခက်အခဲကြားတဝဲလည်လည်ဖြစ်နေနိုင်သည်။ နောက်မဆုတ်ဘဲ ကြိုးစားရမည်က မိမိတာဝန်သာဖြစ်သည်။ နှစ်တစ်နှစ်ကုန်လျှင် အမြတ်တစ်ခုမဟုတ်တစ်ခု ကျန်ရစ်ရပေမည်။ လောကီစည်းစိမ်များ တိုးပွားစွမ်းဆောင်နိုင်ခြင်း၊ ယုတ်လျော့ခြင်းကိုကြည့်၍ သင်ခန်းစာသဖွယ် ရှုမြင်ရမည်ဖြစ်သည်။

### လောကုတ္တရာတာဝန်များလည်း ရွက်သယ်ပိုးကြရမည်

နှစ်သစ်အခါသမယ ကာလတစ်ခုတွင် လူအချင်းချင်း လှည့်ပတ်ခြင်း၊ လိမ်လည်ခြင်းကင်းဝေးအောင်နေထိုင်မည်၊ ကံငါးပါးနှင့် မလွတ်ကင်းသော အမှုကိစ္စအားလုံးကို သိလျက်မလွန်ကျူးဘဲ နေထိုင်မည်ဟူသောအတွေးမျိုးကို လက်ခံရမည်ဖြစ်သည်။ လူ့ဘဝသည် တိုတောင်းလွန်းပါသည်။ နတ်တို့၏သက်တမ်းနှင့် နှိုင်းစာလျှင် လွန်စွာတိုတောင်းလှခြင်းကြောင့် လူဖြစ်ခွင့်ရခိုက် အချိန်ရှိခိုက် လုံ့လစိုက်ရမည့် အရေးကိစ္စများလှသည်။ လောကီတာဝန်ကျေပွန်အောင် ထမ်းဆောင်ခြင်းနှင့်အတူ လောကုတ္တရာတာဝန်များလည်း နိုင်သလောက် ရွက်သယ်ပိုးကြရမည်ဖြစ်ပါသည်။ အသက်အရွယ်အလိုက် လုပ်ဆောင်ရမည့် အလုပ်များစွာရှိပေသည်။ ကျောင်းသားအရွယ်တွင် စာပေသင်ကြားခြင်းဖြင့် လန်းဆန်းတက်ကြွကြရပေသည်။ စီးပွားရှာဖွေမည့်အရွယ်များတွင်လည်း စီးပွားရေးကို တစိုက်မတ်မတ် ကြိုးစားရှာဖွေရမည်ဖြစ်သည်။ အလားတူ ပင်စင်အရွယ်ကျ စိတ်ဓာတ်မကျမီ ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်တရားများကို အချိန်မီလက်တွဲထားရမည်။

သိလျက်ကျူးလွန်ခဲ့သည့် အကုသိုလ်များကို သက်တမ်းမတိုးဘဲ ကုသိုလ်ဆက်၍ အကုသိုလ်များအကျိုးပေးခွင့်မရအောင် ကြိုးစားချိန်ဟု သတ်မှတ်ကြရမည်ဖြစ်သည်။ မကောင်းသော အတွေးအမြင်များကို ဖယ်ခွာနိုင်မှသာ စိတ်ချမ်းသာမှုရရှိနိုင်သည်။ အကုသိုလ်အလုပ်ပြုမိတိုင်း သတိချပ်ရမည်က ကုသိုလ်နှင့်ဝေးကွာခြင်းပင်ဖြစ်သည်။ အကုသိုလ် စေတနာကံများ အကျိုးပေးချိန်တန်လျှင် ကူရာမဲ့ ဒုက္ခဆင်းရဲခံစားရသဖြင့် သတိသံဝေဂပွားကုသိုလ်များအောင် စွမ်းဆောင်ရမည်ဖြစ်သည်။ အချိန်ရှိခိုက် လုံ့လစိုက်ပြီး အကုသိုလ်အကြွေးများကို ပေးဆပ်လျက် သံသရာအရေးစိတ်အေးရမည့် ကုသိုလ်အတွေးများနှင့် ရှေ့ဆက်ကြရမည်ဖြစ်သည်။

အချိန်သည် လူကိုမစောင့်ပေ။ အချိန်ရှိခိုက် လုံ့လမစိုက်လျှင် အလုပ်ဟူသမျှ ပြီးမြောက်အောင်မြင်လေ့မရှိနိုင်ပေ။ ဇွဲ၊ လုံ့လ၊ ဝီရိယမပါလျှင် ဆားမပါသော ဟင်းတစ်ခွက်ပမာတူလှသည်။ ပေါ့ရွှတ်ရွှတ်အရသာရှိသည့် ဟင်းခွက်သည် ဟင်းဝိုင်းအတွင်းမှ ဘေးဖယ်ခံရလေ့ရှိသည်။ ပျင်းရိခြင်းဖြင့် ဖွဲ့စည်းအပ်သော လုပ်ဆောင်မှုများသည် ပန်းတိုင်မရောက် လမ်းပျောက်သွားနိုင်သည်။ လူတိုင်း ရည်မှန်းချက်ပန်းတိုင်အသီးသီးရှိကြပေသည်။ လိုရာပန်းတိုင်ဆီ အရောက်သွားနိုင်သည့် ကြိုးစားမှုခြေလှမ်းများသာ ကွာဟသည်။ မိမိ၏ ကြိုးစားအားထုတ်လိုစိတ်၊ ကောင်းမွန်သော စိတ်ခံစားချက်ဖြင့် ရှင်သန်ခြင်းသည် လက်တွေ့ဆန်သောဘဝဖြစ်ပါသည်။ ဘဝကို ရောက်ရာနေရာတွင် မရပ်တန့်သင့်ပေ။ ပန်းတိုင်ကိုပမာထား စွမ်းနိုင်သလောက်အားသွန်ခွန်စိုက် ကြိုးစားလျှောက်လှမ်းရပေမည်။ ရလဒ်ဟူသည် ကြိုးစားအားထုတ်နေသရွေ့ အပြောင်းအလဲဖြစ်နိုင်ပြီး မဆုတ်မနစ်ကြိုးစားသူတိုင်းအတွက် အောင်မြင်မှုသည် လက်တစ်ကမ်းတွင်သာရှိပေသည်။

### ဝန်းကျင်ကောင်းတစ်ခု တည်ဆောက်

လူထဲကလူ မတူညီမှုများစွာဖြင့် ရှိနိုင်ပေသည်။ သို့တိုင် ဝန်းကျင်ကောင်းတစ်ခု တည်ဆောက်ရာတွင် မတူညီမှုများကို တူညီမှုဖြစ်စေရန် ညှိနှိုင်းအဖြေရှာရလေ့ရှိသည်။ တစ်ဦးတစ်ယောက်ကောင်းဖြင့် ပတ်ဝန်းကျင်တစ်ခု သန့်ရှင်းသာယာမှု မပေးစွမ်းနိုင်ပေ။ အချင်းချင်း ညှိနှိုင်းကြရသည်။ အဖြေရှာကြရသည်။ မိသားစုအတွင်း၌ပင်လျှင် တစ်ဦးနှင့်တစ်ဦး ညှိနှိုင်းကြရသည်။ ဇနီး၏ဆန္ဒကို ခင်ပွန်းက အလေးထားရသည်။ ခင်ပွန်း၏ သဘောထားကို ဇနီးက နားလည်မှုပေးရသည်။ ထို့အတူ သားသမီးများမှာလည်း သားသမီးတာဝန်၊ ဝတ္တရားနှင့်အညီ မိဘ၏ ဆန္ဒသဘောထားနှင့်အညီ ဟန်ချက်ညီညီ၊ စည်းကမ်းတကျ လိုက်ပါဆောင်ရွက်ကြရသည်။ သို့မှသာ အေးချမ်းသာယာသော မိသားစုဘဝကို ပိုင်ဆိုင်ရရှိနိုင်မည်ဖြစ်သည်။

မိမိ၏ကြိုးစားအားထုတ်လိုစိတ်၊ ကောင်းမွန်သော စိတ်ခံစားချက်ဖြင့် ရှင်သန်ခြင်းသည် လက်တွေ့ဆန်သောဘဝကို ထူထောင်ခြင်းဖြစ်ပါသည်။ ဘဝခရီးကို အကောင်းဆုံးလျှောက်လှမ်းကြရမည်ဖြစ်သည်။ လောကဓံ၏ အထုအထောင်းအောက်တွင် အရှုံးပေးမရပ်တန့်သင့်ပေ။ အချိန်နှင့်အမျှ ကြိုးစားရုန်းကန်ကြရမည်သာဖြစ်သည်။ ရလဒ်ဟူသည် ကြိုးစားအားထုတ်မှုဖြင့်သာ ရရှိနိုင်သည်။ မဆုတ်မနစ်ကြိုးစားသူတိုင်း အောင်မြင်မှုအသီးအပွင့်ဟူသမျှကို ခံစားခွင့်ရှိသည်။ ပျော်ရွှင်ဖွယ်ဘဝတစ်ခု တည်ဆောက်လိုသူတိုင်း စိတ်ကိုကောင်းစွာ အသုံးချကြိုးစားကြရသည်။ စိတ်မကျေနပ်မှုမှန်သမျှကို လွှတ်ချရမည်ဖြစ်သည်။ လွတ်လပ်သောစိတ်ဖြင့် ဘဝကို မျက်နှာမူကြရမည်ဖြစ်ပါသည်။

လူသည် အဆင့်မြင့်တွေးခေါ်ဉာဏ်ရှိသူများဖြစ်သဖြင့် အကောင်းအဆိုး၊ အကြောင်းအကျိုးကို လက်ခံနိုင်စွမ်းရှိသူများဖြစ်သည်။ ဆင်ခြင်ပိုင်းဖြတ်နိုင်စွမ်းရှိသည့်ဉာဏ်သည် ဘဝ၏ အချိုးအဆစ်အလှည့်အပြောင်းကို တည့်မတ်စေနိုင်သည်။ အရှုံးကို ရင်ဆိုင်ပြီး အနိုင်ရအောင်ကြိုးစားသရွေ့ အနိုင်ရသူ၊ အောင်နိုင်သူဖြစ်သည်။ လက်ကျန်ဘဝတွင် အကောင်းဆုံးနေထိုင်မည့် စိတ်ကူး၊ ငြိမ်းချမ်းသောစိတ်ကူးဖြင့် အရှုံးနှင့်အနိုင် ခေါင်းပန်းလှန်ချိန်တွင် ရင်ဆိုင်ကြုံတွေ့ရမည့်လောကဓံကို သက်လုံလှလှဖြင့် အရှုံးမပေး ပြုံးပြုံးလေးနှင့် ရင်ဆိုင်နိုင်ကြပါစေကြောင်း ဆုမွန်ခြွေရေးသားလိုက်ရပါသည်။ ။

**❛ နှစ်သစ်အခါသမယ ကာလတစ်ခုတွင် လူအချင်းချင်း လှည့်ပတ်ခြင်း၊ လိမ်လည်ခြင်း ကင်းဝေးအောင်နေထိုင်မည်၊ ကံငါးပါးနှင့် မလွတ်ကင်းသော အမှုကိစ္စအားလုံးကို သိလျက် မလွန်ကျူးဘဲ နေထိုင်မည်ဟူသော အတွေးမျိုးကို လက်ခံရမည်ဖြစ်သည်။ လူ့ဘဝ သည် တိုတောင်းလွန်းပါသည်။ နတ်တို့၏ သက်တမ်းနှင့် နှိုင်းစာလျှင် လွန်စွာ တိုတောင်းလှခြင်းကြောင့် လူဖြစ်ခွင့်ရခိုက် အချိန်ရှိခိုက် လုံ့လစိုက်ရမည့် အရေးကိစ္စ များလှသည်။ လောကီတာဝန်ကျေပွန်အောင် ထမ်းဆောင်ခြင်းနှင့်အတူ လောကုတ္တရာ တာဝန်များလည်း နိုင်သလောက် ရွက်သယ်ပိုး ကြရမည် ❜**

# ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူး၍ ၂၀၂၅ ခုနှစ် နှစ်သစ်မင်္ဂလာအသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ကျင်းပ



ပုသိမ် ဒီဇင်ဘာ ၃၁

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် ၂၀၂၅ ခုနှစ် နှစ်သစ်မင်္ဂလာ အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ပုသိမ်မြို့ သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပခဲ့ရာ အခမ်းအနားသို့ ဩဝါဒါစရိယဆရာတော်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်ဇနီး၊ ဝန်ကြီးများနှင့်ဇနီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ အခမ်းအနားကိုဆရာတော်သံဃာတော်အရှင်သူမြတ်များနှင့် ဧည့်သည်ပရိသတ်များက "နမောတဿ" သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ခဲ့ကြပြီး နိုင်ငံတော်ဩဝါဒါစရိယ ပုသိမ်မြို့ နိဂြောဓာရုံ ညောင်ပင်သာပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိသုတမဟာထေရ်မြတ်ထံမှ ဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ခဲ့ကြကာ တိုင်းဒေသကြီး ဩဝါဒါစရိယ မရမ်းချုံကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသောဘိတ မဟာထေရ်မြတ်ထံမှ ဩဝါဒကထာနာကြားသည်။

**ဆက်ကပ်လှူဒါန်း**

ထို့နောက် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ အခမ်းအနားသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော် သံဃာတော်များအား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ ဝန်ကြီးများနှင့် တာဝန်ရှိသူများက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ဆက်လက်၍ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းမှ ဆရာတော် ဦးဝေပုလ္လနှင့် ဆရာတော် ဦးဝိသုဒ္ဓတို့က ရောင်ခြည်တော်ဖွင့် ဘုရားပင့်ဂါထာဖြင့် ပင့်ဆောင်ပူဇော်ခြင်းနှင့် ပဋ္ဌာန်းဒေသနာ ရွတ်ဖတ်ရန် တိုက်တွန်းနှိုးဆော်လွှာဂါထာဖြင့် တိုက်တွန်းနှိုးဆော်ခြင်းများကို ဆောင်ရွက်ခဲ့ကြပြီး ကြွရောက်လာကြကုန်သော ဂိုဏ်းပေါင်းစုံမှ ဆရာတော်ကြီးများ၊ ဘာဏကသံဃာတော်များ၊ ပရိသတ်အားလုံးတို့က ပဋ္ဌာန်းပစ္စယုဒ္ဒေသပါဠိကို တစ်ကြိမ်ရွတ်ဖတ်ပူဇော်၍ အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို ဖွင့်လှစ်သည်။ ယင်းနောက် အလှည့်ကျ ပဋ္ဌာနဘာဏက သံဃာတော်အား ပလ္လင်တော်မြတ်သို့ ပင့်ဆောင်ခဲ့ပြီးနောက် အလှည့်ကျ ပဋ္ဌာနဘာဏက သံဃာတော်အရှင်သူမြတ်က ပဋ္ဌာန်းဒေသနာများ စတင်ရွတ်ဖတ်ပူဇော်သည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီးတို့က ဆရာတော် သံဃာတော်များအား နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်နှင့် မြန်မာ့သင်္ဘောကျင်းလုပ်ငန်းတို့၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ သွားရောက်စစ်ဆေး

ရန်ကုန် ဒီဇင်ဘာ ၃၁

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးသည် ယနေ့နံနက် ၈ နာရီတွင် မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းကောလိပ်သို့ ရောက်ရှိရာ ကျောင်းအုပ်ကြီးက ကျောင်းနှင့်ပတ်သက်သည့် လုပ်ငန်းဆောင်ရွက်နေမှုများနှင့် စစ်ရေးပြကွင်းအသစ်ဖောက်လုပ် တည်ဆောက်မှု လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ကောလိပ်မှ တောင်ကိုရီးယားနိုင်ငံ ဘူဆန်မြို့ရှိ Korea Maritime and Ocean University(KMOU) တွင် Student Exchange Program ဖြင့် ၂၀၂၄ ခုနှစ် စက်တင်ဘာလမှ ဒီဇင်ဘာလအထိ ဖွင့်လှစ်သည့် လေးလသင်တန်း တက်ရောက်ခဲ့သည့် ကုန်သွယ်ရေကြောင်း အရာရှိလောင်း ဒီပလိုမာသင်တန်း အမှတ်စဉ်(၁၆) မှ ဒုတိယနှစ် အရာရှိလောင်းနှစ်ဦးနှင့် ၂၀၂၅ ခုနှစ် မတ်လတွင် KMOU (Student Exchange Program) သို့ ထပ်မံစေလွှတ်မည့် ကုန်သွယ်ရေကြောင်း အရာရှိလောင်း ဒီပလိုမာသင်တန်း အမှတ်စဉ်(၁၇)မှ အရာရှိလောင်းနှစ်ဦးကိုတွေ့ဆုံ၍ သိရှိလိုသည်များမေးမြန်းပြီး ဆက်လက်ဆောင်ရွက်သင့်သည့် ကိစ္စရပ်များကို မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် မြန်မာ့သင်္ဘောကျင်းလုပ်ငန်းသို့သွားရောက်ပြီး မြန်မာ့သင်္ဘောကျင်းလုပ်ငန်း၏ ရုံးပတ်ဝန်းကျင် သန့်ရှင်းသပ်ရပ်မှု၊ တန်ချိန် ၁၂၀၀ ရေလုံသင်္ဘောကျင်းတွင် ရေယာဉ်များ လွှန်းတင်ပြင်ဆင်နေမှုအခြေအနေနှင့် လွှန်းတင် လွှန်းချစက်ရုံတို့ကို ကြည့်ရှုစစ်ဆေးကာ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ လုပ်ငန်းများ ဆောင်ရွက်ရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းမှုရှိစေရေးတို့ကို မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ရွှေစက်တော်ဘုရားပွဲတော်ရာသီအမီ စကုမြို့ရှိ စေတီပုထိုးများနှင့် အထင်ကရနေရာများ အဆင့်မြှင့်တင် ဆောင်ရွက်လျက်ရှိ

မင်းဘူး ဒီဇင်ဘာ ၃၁

မကွေးတိုင်းဒေသကြီး စကုမြို့၌ ရွှေစက်တော်ဘုရားပွဲတော်ရာသီအမီ သမိုင်းဝင်စေတီပုထိုးများနှင့် အထင်ကရနေရာများ၌ အဆင့်မြှင့်တင် ဆောင်ရွက်လျက်ရှိကြောင်း စကုမြို့ အုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။

စကုမြို့တွင် ထေရ်ကြီးစေတီ၊ ဘိုးနန်းသူစေတီ၊ လုံယာဉ်ပျံစေတီ၊ ရုပ်ရုံစေတီစသော ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် စေတီပုထိုး ၆၁ ဆူအား ပြန်လည်ပြုပြင်ခြင်း၊ ရွှေသင်္ကန်းကပ်လှူခြင်း၊ ထုံးသင်္ကန်းကပ်လှူခြင်း၊ အုတ်တံတိုင်းများ၊ တန်ဆောင်းများကို ရှေးမူလက်ရာအတိုင်း အသစ်ပြန်လည် ပြုပြင်လျက်ရှိကြောင်း စကုမြို့ အုပ်ချုပ်ရေးမှူး ဦးချိုစန်းလွင်ဦးထံမှ သိရသည်။

ဇေယျာနိုင်(ရွှေကန်မြေ)

## မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်ချက်

အိမ်တိုင်းအိမ်တိုင်းက မီးကိုကြိုတင်ကာကွယ်တားဆီးနိုင်ရန် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ အောက်ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံထားသည် -

(၁) မိမိနေအိမ်ခြံဝင်းကို သန့်ရှင်းသပ်ရပ်စွာထားပါ။

(၂) မီးလောင်လွယ်သော အရာဝတ္ထုများကို သေချာစွာထုပ်ပိုးသိမ်းဆည်းခြင်း၊ အသုံးမပြုလိုလျှင် စနစ်တကျ စွန့်ပစ်ခြင်းများ ဆောင်ရွက်ပါ။

(၃) အမှိုက်မီးရှို့လိုလျှင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သို့ ကြိုတင်အကြောင်းကြား၍ ခွင့်ပြုမှသာ ဆောင်ရွက်ပါ။

(၄) ထင်းမီးဖိုအသုံးပြုလျှင် လုံခြုံစွာကာရံခြင်း၊ ကျင်းတူး၍ အသုံးပြုခြင်းများ ဆောင်ရွက်ပါ။

(၅) ဓာတ်ငွေ့မီးဖြင့် အသုံးပြုချက်ပြုတ်လျှင် အသုံးမပြုမီ နားလည်တတ်ကျွမ်းသူများဖြင့် သေချာစွာ စစ်ဆေးပါ။

(၆) လျှပ်စစ်မီးကို အသုံးပြုချက်ပြုတ်လျှင် ဝန်အားမျှတသည့် ဝိုင်ယာကြိုးများကို အသုံးပြုခြင်း၊ လျှပ်စီးပတ်လမ်းကို အလိုအလျောက်ဖြတ်တောက်ပေးသော ပစ္စည်းကိရိယာများကို အသုံးပြုခြင်း၊ ဝန်အားမနိုင်လျှင် လျှပ်စီးပတ်လမ်းကို ဖြတ်တောက်ပေးသည့် ပစ္စည်းကိရိယာများတပ်ဆင်ထားရှိခြင်းများကို နားလည်တတ်ကျွမ်းသော ပညာရှင်များ၏ အကူအညီရယူဆောင်ရွက်ပါ။

(၇) နေအိမ်တွင် အသုံးပြုထားရှိသော လျှပ်စစ်ပစ္စည်းများကို နှစ်စဉ်စစ်ဆေးပြီး အသုံးပြုရန် မသင့်လျော်သော ဟောင်းနွမ်းခြင်း၊ ပေါက်ပြဲခြင်း၊ ဝန်အားမမျှခြင်း စသည့်အန္တရာယ်ရှိသည့် အစိတ်အပိုင်းများကို အစားထိုးလဲလှယ်ပါ။

(၈) နေအိမ်ခြံဝင်းအတွင်း လောင်စာဆီ၊ စားသုံးဆီ၊ စက်သုံးဆီ၊ အမွှေးဆီ စသည့်မီးလောင်လွယ်သော ဆီအမျိုးမျိုးကို သိုလှောင်ထားရှိခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ မပြုပါနှင့်။

(၉) မီးခြစ်အစရှိသော မီးဖြစ်စေသော ပစ္စည်းများကို ကလေးသူငယ်များ လက်လှမ်းမမီသောနေရာ၊ အပူဒဏ် မခံစားရသောနေရာများတွင် သေချာစွာသိမ်းဆည်းထားရှိပါ။

(၁၀) ကလေးငယ်များကို မီးဖြစ်ပေါ်စေသောပစ္စည်းများ သို့မဟုတ် မီးလောင်လွယ်သောပစ္စည်းများနှင့် အသုံးပြု ချက်ပြုတ်စေခြင်း၊ ဆေးလိပ်၊ ခြင်ဆေးခွေနှင့် အမွှေးတိုင်အစရှိသော ပစ္စည်းများအား မီးညှိစေခြင်း၊ ဆော့ကစားခြင်းများ မပြုပါစေနှင့်။

(၁၁) ဆေးလိပ်ကို မီးငြိမ်းသည်ဟု သေချာမှသာ စနစ်တကျစွန့်ပစ်ပါ။

(၁၂) အိပ်ရာ၊ အဝတ်တန်း၊ အဝတ်ပုံနှင့် လောင်စာဆီများအနီးတွင် ခြင်ဆေးခွေထွန်းညှိထားခြင်း၊ ဖယောင်းတိုင် မီးထွန်းခြင်း၊ အမွှေးတိုင်ထွန်းညှိ ထားခြင်းများ မပြုပါနှင့်။

(၁၃) ဘုရားရှိခိုးအပြီး လူစောင့်မထားရှိဘဲ မီးပူဇော်ထားရှိခြင်း၊ အမွှေးတိုင် ထွန်းညှိပူဇော်ထားရှိခြင်းများ မပြုပါနှင့်။

(၁၄) ထမင်းဟင်းချက်ပြုတ်ခြင်း၊ မီးပူတိုက်ခြင်း၊ အမှိုက်မီးရှို့ခြင်းနှင့် မီးနှင့်ပတ်သက်သော သို့မဟုတ် မီးလောင် နိုင်သော ပစ္စည်းများကို ကိုင်တွယ်အသုံးပြုပြီးတိုင်း သေချာစွာစစ်ဆေးဖြတ်သိမ်းခြင်း၊ ငြိမ်းသတ်ခြင်း၊ လူစောင့်ထားရှိခြင်းများ ဆောင်ရွက်ပါ။

(၁၅) အကြောင်းကိစ္စ တစ်စုံတစ်ရာကြောင့် နေအိမ်မှထွက်ခွာလိုလျှင် မထွက်ခွာမီ မီးလောင်နိုင်သော ကိစ္စဟူသမျှသေချာစွာ စစ်ဆေးပြီး မီးမလောင်နိုင်ဟု သေချာမှသာ နေအိမ်မှထွက်ခွာပါ။

(၁၆) လူမနေသော အဆောက်အအုံ၊ ဂိုဒေါင်များကို ညစောင့်ထားရှိပါ။

(၁၇) နေအိမ်များတွင် မီးချိတ်၊ မီးကတ်၊ လှေကား၊ ရေနှင့် သဲအစရှိသော မီးငြိမ်းသတ်ရေးကိရိယာများ စုံလင်စွာထားရှိပါ။ ငွေကြေးတတ်နိုင်ပါက မီးသတ်ဆေးဘူးထားရှိပါ။ အထပ်မြင့်အဆောက်အအုံ ဖြစ်ပါက အထပ်တိုင်းတွင် မီးသတ်ဆေးဘူးထားရှိပါ။

(၁၈) မီးငြိမ်းသတ်ရေးကိရိယာများကို အသုံးပြုတတ်စေရန် လေ့ကျင့်သင်ကြားပါ။ နေအိမ်ရှိလူတိုင်း အသုံးပြုတတ်အောင်လည်း သင်ကြား၍ အခါအားလျော်စွာ လေ့ကျင့်ပါ။

(၁၉) မီးချိတ်၊ မီးကတ်၊ လှေကား၊ ရေနှင့် သဲများထားရှိရာတွင် မီးချိတ်သည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး ခိုစီးနိုင်လောက်အောင် ခိုင်ခံ့ရမည်။ မီးကတ်သည် လွှဲရမ်းခံနိုင်လောက်အောင် တောင့်တင်းရမည်၊ လှေကားသည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူနိုင်ရမည်ဖြစ်ပြီး လူကြီးနှစ်ဦးအတက်ခံနိုင်သည်အထိ ပေါ့ပါးခိုင်ခံ့ရမည်၊ ရေနှင့်သဲကို အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူပက်ဖျန်းစေနိုင်သော ပုံးဖြင့်ဖြစ်စေ အများအပြားထားရှိပါက အလွယ်တကူ သယ်ယူပက်ဖျန်းနိုင်စေရန် မီးသတ်ရေပုံးထားရှိ ဆောင်ရွက်ရပါမည်။

(၂၀) မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အခါအားလျော်စွာ ထုတ်ပြန်သောညွှန်ကြားချက်များ၊ စည်းကမ်းများ၊ တားမြစ်ချက်များကို တိကျစွာလိုက်နာဆောင်ရွက်ပါ။

# စစ်တွေမြို့၌ ယာယီနေရပ်စွန့်ခွာ ပြည်သူများအား ဆန်ရိက္ခာနှင့် စားသောက်ဖွယ်ရာများ ချီးမြှင့်ပေးအပ်



**စစ်တွေ ဒီဇင်ဘာ ၃၁**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းသည် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက စစ်တွေမြို့ အလိုတော်ပြည့်ဘုန်းတော်ကြီးကျောင်း၌ ယာယီနေရပ်စွန့်ခွာပြည်သူများအား ဆန်ရိက္ခာနှင့် စားသောက်ဖွယ်ရာများ ချီးမြှင့်ပေးအပ်ခြင်း အခမ်းအနားသို့ တက်ရောက်သည်။

**တက်ရောက်**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့်အဖွဲ့သည် အလိုတော်ပြည့်ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည့် စစ်တွေမြို့နယ်အတွင်းရှိ ယာယီနေရပ်စွန့်ခွာတိုက်ပွဲရှောင်စခန်း ၅၀ မှ ပြည်သူများအား ဆန်ရိက္ခာနှင့် စားသောက်ဖွယ်ရာများ ချီးမြှင့်ပေးအပ်ခြင်း အခမ်းအနားကို တက်ရောက်ကြသည်။

အခမ်းအနားတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်က ဒေသတစ်ခုသည် တည်ငြိမ်အေးချမ်းရန်၊ တရားဥပဒေစိုးမိုးရန် အလွန်အရေးကြီးကြောင်း၊ သို့မှသာ မိမိတို့နှင့်ဒေသခံပြည်သူများ၏ လိုအပ်ချက်ဖြစ်သော ဖွံ့ဖြိုးတိုးတက်မှုကို ရရှိမည်ဖြစ်ကြောင်း၊ ယခုအခါ လုံခြုံရေးအရ ကန့်သတ်ချက်များကြောင့် မိမိတို့ရပ်ရွာများကို စွန့်ခွာပြီး စခန်းများတွင် နေထိုင်ကြရကြောင်း၊ သို့သော်လည်း နိုင်ငံတော်အစိုးရအနေဖြင့် ယာယီနေရပ်စွန့်ခွာ ပြည်သူများအတွက် ဆန်ရိက္ခာနှင့် လိုအပ်သော ထောက်ပံ့ပစ္စည်းများကို ထောက်ပံ့ပေးလျက်ရှိကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့အနေဖြင့်လည်း အလျဉ်းသင့်သလို ထောက်ပံ့ပေးလျက်ရှိကြောင်း၊ ထို့ကြောင့် အားလုံးက မိမိဒေသတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ယာယီနေရပ်စွန့်ခွာ ပြည်သူများအတွက် ဆန်ရိက္ခာနှင့် စားသောက်ဖွယ်ရာများကို ပေးအပ်ချီးမြှင့်ကြပြီး တိုက်ပွဲရှောင်ပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# ကျိုင်းတုံမြို့နယ်၌ ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ ကျင်းပ



**ကျိုင်းတုံ ဒီဇင်ဘာ ၃၁**

(၇၇)နှစ်မြောက်လွတ်လပ်ရေးနေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် ကွန်ကရစ်လမ်းဖွင့်ပွဲကို ယနေ့မွန်းလွဲ ၂ နာရီက ကျိုင်းတုံမြို့ အမှတ်(၁)ရပ်ကွက် ကောင်းကန်၌ ကျင်းပသည်။

ကွန်ကရစ်လမ်း ဖွင့်ပွဲတွင် ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်က ယနေ့အသစ်ဖွင့်လှစ်လိုက်သည့် ကောင်းကန်ရွာအတွင်း ကွန်ကရစ်လမ်းကို ၂၀၂၄ ခုနှစ် ဩဂုတ် ၁၇ ရက်မှ ၂၂ ရက်အထိ ခရီးစဉ်အတွင်း ရှမ်းပြည်နယ်(အရှေ့ပိုင်း) အစိုးရအုပ်ချုပ်မှုအဖွဲ့ခွဲဥက္ကဋ္ဌက ကောင်းကန်ရွာအတွင်း ကွန်ကရစ်လမ်းအတွက် VDP ရန်ပုံငွေချထားပေးရန် တင်ပြခဲ့ရာ VDP ရန်ပုံငွေနှစ်ယူနစ်၊ ကျပ်သိန်း ၃၀၀ ခွင့်ပြုပြီး မတည်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ VDP ကျပ်သိန်း ၃၀၀ နှင့် ဘိလပ်မြေအိတ် ၁၀၀၀ အား ဝယ်ယူပြီး တာချီလိတ်မြို့နယ် အလှူရှင်ဦးအားမဲက ဘတ်နှစ်သိန်းလှူဒါန်းငွေ၊ ဒေသခံပြည်သူလူထုများမှ လိုအပ်သည့် သဲကျောက်နှင့် အခြားသော လုပ်ငန်းသုံးပစ္စည်းများ၊ လုပ်သားအင်အားများ ပူးပေါင်းပါဝင်ကာ စုစုပေါင်း ပူးပေါင်းပါဝင်မှု ကျပ်သိန်း ၁၂၀၀ နှင့် VDP ကျပ်သိန်း ၃၀၀ အပါအဝင် ကျပ်သိန်းပေါင်း ၁၅၀၀ ဖြင့် အရှည်ပေ ၁၆၈၀၊ အကျယ် ၁၆ ပေ၊ ဒုခြောက်လက်မ ကွန်ကရစ်လမ်းကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း ပြောကြားသည်။

ထို့နောက် ကောင်းကန်ရွာ ကွန်ကရစ်လမ်းသစ် ခင်းခြင်းလုပ်ငန်းနှင့်စပ်လျဉ်းပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင့်ဝေက ရှင်းလင်းတင်ပြပြီး ကောင်းကန်ရွာကွန်ကရစ်လမ်း လမ်းသစ်ခင်းခြင်းအတွက် မြို့မိမြို့ဖ ဦးမင်းညိုက ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် ကောင်းကန်ရွာ ကွန်ကရစ်လမ်းသစ်ကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်စိုးလှိုင်၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးနေဝင်းအောင်၊ ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့)ဥက္ကဋ္ဌ ဦးဇော်လွင်ဦး၊ ကောင်းကန်ရွာ ကွန်ကရစ်လမ်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးအားဖျန်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြကာ ကွန်ကရစ်လမ်းသစ်ကို လှည့်လည် ကြည့်ရှုစစ်ဆေး၍ အမေ့ရင်ခွင် ကျောင်းတော်၌ ခင်းကျင်းပြသထားသော ပြခန်းများကို ကြည့်ရှုခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ဟားခါးမြို့၌ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပန်းချီ၊ စာစီစာကုံးပြိုင်ပွဲနှင့် ကဗျာပြိုင်ပွဲ ကျင်းပ

**ဟားခါး ဒီဇင်ဘာ ၃၁**

ချင်းပြည်နယ် ဟားခါးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ဗိုလ်တိုက်ချွန်းခန်းမ၌ ယနေ့နံနက်ပိုင်းက (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ပန်းချီပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲနှင့် ကဗျာပြိုင်ပွဲများ ကျင်းပသည်။

အဆိုပါပြိုင်ပွဲများကို ကျောင်းသား ကျောင်းသူ လူငယ်လူရွယ်များ လွတ်လပ်ရေးနေ့ သမိုင်းကြောင်းနှင့် လွတ်လပ်ရေးအနှစ်သာရကို သိရှိနားလည်ပြီး လွတ်လပ်ရေးအဓွန့်ရှည်တည်တံ့အောင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်စေရန် ရည်ရွယ် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ပန်းချီပြိုင်ပွဲ၏ခေါင်းစဉ်မှာ လွတ်လပ်ရေးအားမာန် ခေါင်းစဉ်ဖြစ်ပြီး အထက်တန်းအဆင့်မှ ၁၂ ဦး၊ အလယ်တန်းအဆင့်မှ ခုနစ်ဦး၊ မူလတန်းအဆင့်မှ ၂၅ ဦး ပေါင်း ၄၄ ဦး၊ အထက်တန်းအဆင့်စာစီစာကုံးပြိုင်ပွဲခေါင်းစဉ်မှာ လွတ်လပ်ရေးအမွေဖြစ်ပြီး အထက်တန်း ကျောင်းသား ကျောင်းသူ ၂၀၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲခေါင်းစဉ်မှာ လွတ်လပ်ရေးနေ့နှင့် လူငယ့်တာဝန်ဖြစ်ပြီး အလယ်တန်းကျောင်းသား ကျောင်းသူ ၂၂ ဦး၊ မူလတန်းအဆင့် စာစီစာကုံးပြိုင်ပွဲခေါင်းစဉ်မှာ လွတ်လပ်ရေးအောင်ပွဲနေ့ဖြစ်ပြီး မူလတန်းကျောင်းသား ကျောင်းသူ ၂၄ ဦး၊ အထက်တန်းအဆင့် ကဗျာပြိုင်ပွဲခေါင်းစဉ်မှာ လွတ်လပ်ရေးအောင်ပန်းဖြစ်ပြီး အထက်တန်းကျောင်းသား ကျောင်းသူ ၁၉ ဦး၊ အလယ်တန်းအဆင့် ကဗျာပြိုင်ပွဲခေါင်းစဉ်မှာ လွတ်လပ်ရေး၏တန်ဖိုးဖြစ်ပြီး အလယ်တန်းကျောင်းသား ကျောင်းသူ ၂၃ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်းနှင့် ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိသူများအား ချင်းပြည်နယ်အစိုးရအဖွဲ့က ပေးအပ်ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



**❖ ကျောဖုံးမှ**

မန်ယူအသင်းအနေနဲ့ နယူးကာဆယ်အသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် ပရီမီယာလီဂ်ပွဲစဉ်(၁၉) ယှဉ်ပြိုင် ကစားပြီးချိန်မှာ ရမှတ် ၂၂ မှတ်နဲ့ အမှတ်ပေးဇယားအဆင့်(၁၄) နေရာမှာ ရပ်တည်လျက်ရှိပေမယ့် နယူးကာဆယ်အသင်းကတော့ အိုးထရက်ဖို့ဒ်မှာ မန်ယူအသင်းကို အနိုင်ရရှိခဲ့တာကြောင့် ပရီမီယာလီဂ်ပွဲစဉ် ၁၉ ပွဲ ယှဉ်ပြိုင်ကစားပြီးချိန်မှာ ပရီမီယာလီဂ် အမှတ်ပေးဇယားအဆင့်(၅)နေရာကို တက်လှမ်းနိုင်ခဲ့ပြီဖြစ်ပါတယ်။

**ငွေကြယ်**

# MFF ဖူဆယ်လိဂ်(၁)နှင့် လိဂ်(၂) ပြိုင်ပွဲ ပွဲစဉ်(၂) ဇန်နဝါရီ ၂ ရက်နှင့် ၃ ရက်တွင် ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၃၁**

၂၀၂၄-၂၀၂၅ ရာသီ MFF ဖူဆယ်လိဂ်(၁) ပြိုင်ပွဲနှင့် လိဂ်(၂) ပြိုင်ပွဲ ပွဲစဉ်(၂)ကို ဇန်နဝါရီ ၂ ရက်နှင့် ၃ ရက်တို့တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

လိဂ်(၁) ပြိုင်ပွဲ ပွဲစဉ်(၂)ကို ဇန်နဝါရီ ၂ ရက်တွင် ကျင်းပမည်ဖြစ်ပြီး လက်ရှိချန်ပီယံ VUC အသင်းနှင့် YRG အသင်း၊ SGF အသင်းနှင့် YCDC Marga အသင်း၊ MIU အသင်းနှင့် M2K အသင်း၊ Generations အသင်းနှင့် MH Dream Team အသင်း၊ Winner Soccer အသင်းနှင့် ဖူဆယ်ချစ်သူအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ လိဂ်(၂) ပြိုင်ပွဲ ပွဲစဉ်(၂)ကို ဇန်နဝါရီ ၃ ရက်တွင် ကျင်းပမည်ဖြစ်ပြီး Maryar အသင်းနှင့် လက်ဝဲသုန္ဒရအသင်း၊ YCDC Marga Youth အသင်းနှင့် KKY အသင်း၊ JZ Yangon အသင်းနှင့် Black Cross အသင်း၊ Gold Dream အသင်းနှင့် ရွှေပြည်သာယူနိုက်တက်အသင်း၊ 7 Brother အသင်းနှင့် Pacific Sun Far အသင်း၊ 7 Dragon အသင်းနှင့် TG United အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ပွဲစဉ်(၁)အပြီးတွင် လိဂ်(၁) ပြိုင်ပွဲ၌ MH Dream Team အသင်း၊ VUC အသင်း၊ Generations အသင်းနှင့် MIU အသင်းတို့က သုံးမှတ်စီ၊ M2K အသင်းနှင့် Winner Soccer အသင်းတို့က တစ်မှတ်စီ၊ YRG အသင်း၊ YCDC Marga အသင်း၊ SGF အသင်းနှင့် ဖူဆယ်ချစ်သူအသင်းတို့က အမှတ်မရသေးပေ။ လိဂ်(၂) ပြိုင်ပွဲတွင်မူ Pacific Sun Far အသင်း၊ 7 Brother အသင်း၊ TG United အသင်း၊ KKY အသင်းနှင့် JZ Yangon အသင်းတို့က သုံးမှတ်စီ၊ Gold Dream အသင်းနှင့် YCDC Marga Youth အသင်းတို့က တစ်မှတ်စီရရှိထားကာ လက်ဝဲသုန္ဒရအသင်း၊ Black Cross အသင်း၊ 7 Dragon အသင်း၊ Maryar အသင်းနှင့် ရွှေပြည်သာယူနိုက်တက်အသင်းတို့က အမှတ်မရသေးပေ။

**ကိုညီလေး**

# (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဘားအံမြို့၌ ကုန်ထုတ်လမ်းသစ်ဖွင့်

ဘားအံ ဒီဇင်ဘာ ၃၁

(၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဘားအံမြို့နယ် ကော့သိုက်ကွင်းနှင့် ကော့ဒါန်ကွင်းတို့ရှိ စိုက်ဧက ၃၀၀ ခန့်အား အကျိုးပြုနိုင်မည့် ကော့သိုက်(ကော့ဒါန်)ကျေးရွာ ကုန်ထုတ်လမ်းသစ် ဖွင့်ပွဲကို ယနေ့နံနက် ၈ နာရီက အဆိုပါကုန်ထုတ်လမ်းသစ် မုခ်ဦး၌ ကျင်းပသည်။

အဆိုပါ ကုန်ထုတ်လမ်းသစ်ကို သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေ ၁၃၉ ဒသမ ၁၀၀ သန်းဖြင့် ကုန်ထုတ်လမ်းအရှည် တစ်မိုင် သုံးဖာလုံနှင့် Box Culvert နှစ်စင်းကို ခြူးကမ္ဘာမာန်နှင့် K3Z Engineering Group ကုမ္ပဏီတို့က တာဝန်ယူဖောက်လုပ်ခဲ့ခြင်းဖြစ်သည်။

ကုန်ထုတ်လမ်းဖွင့်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ကျေးရွာသူ ကျေးရွာသားများအားလုံး မိမိတို့ကိုယ်တိုင် ဖွံ့ဖြိုးတိုးတက်လိုစိတ်များ မွေးမြူကြပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တန်ဖိုးထားကြရန်၊ အကျိုးရှိရှိအသုံးပြုကြရန်နှင့် အစိုးရကဆောင်ရွက်ပေးရန်လိုအပ်သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို သက်ဆိုင်ရာဌာနအသီးသီးနှင့် ပေါင်းစပ်တင်ပြဆောင်ရွက်ခြင်းဖြင့် မိမိဒေသဖွံ့ဖြိုးအောင် ပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်း တိုက်တွန်း ပြောကြားသည်။

ထို့နောက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဝင်းနိုင်က ကုန်ထုတ်လမ်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။



ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ကော့သိုက်(ကော့ဒါန်)ကျေးရွာ ကုန်ထုတ်လမ်းသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကုန်ထုတ်လမ်းသစ်ဖွင့်ပွဲတွင် ပါဝင်အားဖြည့်ကူညီပေးကြသော ယဉ်ကျေးမှုအဖွဲ့များအား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

# သူနာပြုသင်တန်းကျောင်း(မြစ်ကြီးနား)၌ သူနာပြု-သားဖွား ဒီပလိုမာအပ်နှင်းခြင်းအခမ်းအနား ကျင်းပ

မြစ်ကြီးနား ဒီဇင်ဘာ ၃၁

ကျန်းမာရေး ဝန်ကြီးဌာန ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ကချင်ပြည်နယ် မြစ်ကြီးနား သူနာပြုသင်တန်းကျောင်း၏ အဌမအကြိမ်မြောက် သူနာပြု-သားဖွား ဒီပလိုမာ အပ်နှင်းခြင်း အခမ်းအနားကို ယနေ့နံနက် ၈ နာရီက သင်တန်းကျောင်း သုံးထပ်စာသင်ဆောင်၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန် တက်ရောက် အမှာစကားပြောကြားသည်။

ထို့နောက် သူနာပြုသင်တန်းကျောင်း ကျောင်းအုပ် ဒေါ်ဇမီထခေါင်ဆားက သူနာပြု-သားဖွား ဒီပလိုမာ အပ်နှင်းခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်က သူနာပြုသင်တန်းကျောင်းအတွက် ချီးမြှင့်ငွေကျပ် ၁၀ သိန်းကို ပေးအပ်ရာ ဒီပလိုမာ အောင်လက်မှတ်ရ သင်တန်းသား သင်တန်းသူများ



ကိုယ်စား သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါ ဒီပလိုမာအပ်နှင်းခြင်း အခမ်းအနားတွင်သင်တန်းကျောင်း စီမံခန့်ခွဲရေးနှင့် ပညာရေးအဖွဲ့များက ဦးဆောင်၍ ကျန်းမာရေး ဝန်ကြီးဌာန ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာနက ကျင်းပစစ်ဆေးခဲ့သည့် ဒီပလိုမာလက်မှတ်ရ စာမေးပွဲကို မြစ်ကြီးနား သူနာပြုသင်တန်းကျောင်း စာစစ်ဌာနက ဖြေဆိုအောင်မြင်ခဲ့ကြသော သင်တန်းသား သင်တန်းသူ ၇၉ ဦးအား အောင်လက်မှတ်များကို ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ပေါင်မြို့နယ်၌ ၂၀၂၅ ခုနှစ် နှစ်သစ်ကိုကြိုဆိုသည့် စတုဒိသာကျွေးမွေးလှူဒါန်းသူများဖြင့်စည်ကား

ပေါင် ဒီဇင်ဘာ ၃၁

မွန်ပြည်နယ် ပေါင်မြို့နယ်၌ ၂၀၂၅ ခုနှစ် နှစ်သစ်ကိုကြိုဆိုသောအားဖြင့် စတုဒိသာကျွေးမွေးလှူဒါန်းသူများနှင့် စည်ကားလျက်ရှိသည်။

နှစ်စဉ် ဒီဇင်ဘာလ ၃၁ ရက်နေ့ရောက်တိုင်း မြို့နယ်အတွင်းရှိ နေရာအများစုတွင် ဒေသခံပြည်သူများက ထမင်း ဟင်း၊ မုန့်ဟင်းခါး၊ အအေးမျိုးစုံ၊ မုန့်မျိုးစုံတို့ကို စေတနာထက်သန်စွာဖြင့် စတုဒိသာ ကျွေးမွေးလှူဒါန်းခဲ့ကြသည်။

ထို့ပြင် ဆံတော်ရှင်ဇင်းကျိုက်၊ ထန်းပင်ချောင်ကြီးကျေးရွာရှိ ဗောဓိတစ်ထောင်စေတီတော်မြတ်ကြီး၊ ကျိုက်ပေါင်းဆံတော်ရှင် အစရှိသည့် ဘုရားစေတီများ၌လည်း ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

မွန်မလေး(ပြန်/ဆက်)



# အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်း ဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူခြင်း

နေပြည်တော် ဒီဇင်ဘာ ၃၁

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရှာငံနှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများအား ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ (မိန်းမဝတ်၊ ကလေးဝတ်၊ ကျားရှပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်းစသည့် သင်တန်းများကို ဘဏ္ဍာရေးနှစ် တစ်နှစ်လျှင် သင်တန်းအပတ်စဉ် ရှစ်ခု၊ အပတ်စဉ်တစ်ခုလျှင် ခြောက်ပတ်ကြာ သင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်ကျောင်းများ၌ စနေ၊ တနင်္ဂနွေနေ့များတွင်လည်း အထူးသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အဆိုပါ အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်းများ၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် သတ္တမအကြိမ်မြောက် ကျောင်းအခြေပြုသင်တန်းအား ဇန်နဝါရီ ၆ ရက်မှ ဖေဖော်ဝါရီ ၁၄ ရက်အထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသောသင်တန်းသား (အမျိုးသမီး/အမျိုးသား) များအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များရှိ အောက်ပါ အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်းများသို့ ရုံးချိန်အတွင်းဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း သိရသည်-

- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရန်ကုန်)**
  အမှတ်-၁၃၅၊ ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ဖုန်း- ၀၉-၄၂၇၉၀၀၀၄၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မန္တလေး)**
  အမှတ်-၁၆၉၊ ၈၃လမ်း၊ ၂၅ x၂၆လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊
  စစ်ကိုင်းတန်းရပ်၊ မန္တလေးမြို့ ၊ ဖုန်း- ၀၂-၄၀၃၆၇၉၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မော်လမြိုင်)**
  ရွှေတောင်ရပ်၊ အထက်လမ်းမကြီးဘေး၊ မော်လမြိုင်မြို့၊ ဖုန်း- ၀၅၇-၂၀၂၇၁၆၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (တောင်ငူ)**
  အမှတ်(၁၈)ရပ်ကွက်၊ စည်သူလမ်း၊ ဘူတာအနီး၊ တောင်ငူမြို့၊ ဖုန်း-၀၅၄-၂၈၂၃၅၇၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မြစ်ကြီးနား)**
  အမှတ်(၉၂)၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ဖုန်း- ၀၇၄-၂၅၂၂၅၅၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ဖျာပုံ)**
  ကျုံကူကျေးရွာ၊ ဖျာပုံ-ဘိုကလေး ကားလမ်းဘေး၊ ဖျာပုံမြို့၊ ဖုန်း- ၀၉-၂၆၂၇၅၇၈၉၉
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ပုသိမ်)**
  အမှတ်-၂ရပ်ကွက်၊ မင်းကြီးလမ်း၊ ပုသိမ်မြို့၊ ဖုန်း - ၀၄၂- ၂၅၃၇၃၊ ၀၄၂-၂၁၀၃၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (စစ်တွေ)**
  မေယုလမ်း(လေယာဉ်ကွင်းအနီး)၊ မန်ကျည်းမြိုင်ရပ်ကွက်၊ စစ်တွေမြို့၊ ဖုန်း- ၀၄၃- ၂၂၀၆၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရှာငံ)**
  အမှတ်-၈၂၊ အင်းကုန်းငါးဆူကျေးရွာအုပ်စု၊ အင်းကုန်းကျေးရွာ၊
  ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှာငံမြို့၊ ဖုန်း- ၀၈၁-၄၇၆၈၀၁၅
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ထားဝယ်)**
  အကွက်အမှတ်(၂၄)၊ ဆန်ချီတိုးချဲ့ အနောက်ကွင်း၊ ထားဝယ်မြို့၊
  တနင်္သာရီတိုင်းဒေသကြီး၊ ဖုန်း- ၀၅၉-၂၀၂၄၀၀၉

သတင်းစဉ်

# ပဲခူးခရိုင်နှင့် ညောင်လေးပင်ခရိုင်ရှိ ဆည်တမံ ၁၃ ခုမှ ဆောင်းသီးနှံနှင့် နွေစပါးစိုက်ခင်းများအတွက် စိုက်ပျိုးရေမပြတ်ရရှိရန် အကျိုးပြုပံ့ပိုးနေ

ရန်ကုန် ဒီဇင်ဘာ ၃၁

စိုက်ပျိုးရေးကိုအခြေခံသည့် မြန်မာနိုင်ငံတွင် ပြည်တွင်းစားသုံးမှုနှင့် ပြည်ပပို့ကုန်အတွက် ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုကို တစ်နှစ်ထက်တစ်နှစ် အရှိန်မြှင့်ဆောင်ရွက်လျက်ရှိရာ ပဲခူးတိုင်းဒေသကြီးအရှေ့ခြမ်း၌ ဆောင်းသီးနှံနှင့် နွေစပါး စိုက်ပျိုးထုတ်လုပ်မှုတွင် ပဲခူးခရိုင်နှင့် ညောင်လေးပင်ခရိုင်တို့ရှိ ဆည်တမံ ၁၃ ခုမှ စိုက်ပျိုးရေမပြတ်ရရှိရန် အကျိုးပြုပံ့ပိုးနေကြောင်း ပဲခူးခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။



ပဲခူးတိုင်းဒေသကြီးတွင် စိုက်ပျိုးသီးနှံများအား နှစ်သီးစားမှ သုံးသီးစားအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ပဲခူးတိုင်းဒေသကြီး အရှေ့ခြမ်းရှိ စိုက်ခင်းများကို ပဲခူးခရိုင်အနေဖြင့် မဇင်း၊ အလိုင်နီ၊ ရွှေပြည်-၃၊ ဇလပ်ထော်၊ ဝါးကတုတ်၊ စလူ၊ ရွှေလောင်း၊ ကိုတူကွဲ ရေလှောင်တမံများနှင့် ညောင်လေးပင်ခရိုင်အနေဖြင့် ကောလိယ၊ ပျဉ်ပုံကြီး၊ ဘောနီရေလှောင်တမံတို့မှ လိုအပ်သောဆည်ရေကို ပို့လွှတ်ပေးလေ့ရှိသည်။

အဆိုပါ ဆည်တမံ ၁၃ ခုသည် ပဲခူးခရိုင်၌ ဧက ၈၀၀၀၀ ကျော်နှင့် ညောင်လေးပင်ခရိုင်၌ ဧက ၆၀၀၀၀ ကျော်ကို စိုက်ပျိုးရေများ အကျိုးပြုလျက်ရှိပြီး ကောလိယရေလှောင်တမံသည် ဧကပေ ၁၆၀၀၀၀ ကျော်ဖြင့် ရေသိုလှောင်မှု အများဆုံးဖြစ်၍ မိုးယွန်းကြီးကန်သည် စိုက်ပျိုးရေကဏ္ဍ၌ ပဲခူးမြို့နယ်၊ သနပ်ပင်မြို့နယ်၊ ကဝမြို့နယ်၊ ဝေါမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ်နှင့် မိုင် ၃၀ စီမံကိန်းစိုက်ကွင်းပြည်ရေးတို့တွင် ဧရိယာအများဆုံး ရေပေးဝေသောကန်အဖြစ် အကျိုးပြုလျက်ရှိသည်။

ပဲခူးခရိုင်အတွင်း ၂၀၂၃-၂၀၂၄ ခုနှစ် နွေစပါးရာသီတွင် နွေစပါးဧက ၁၉၈၆၀ စိုက်ပျိုးနိုင်ခဲ့ပြီး ၂၀၂၄-၂၀၂၅ ခုနှစ်တွင် နွေစပါး ၂၆၃၂၅ ဧက လျာထားဆောင်ရွက်နိုင်ခဲ့ရာ ယမန်နှစ်ကထက် နွေစပါး ၆၄၆၅ ဧက တိုးတက်ဆောင်ရွက်ခဲ့သည်။ ယခုနှစ်တွင် မိုးစပါးရိတ်သိမ်းပြီးနောက် ပဲတီစိမ်း၊ မတ်ပဲ၊ မြေပဲနှင့်နေကြာ စသည့်ဆောင်းသီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး တတိယသီးနှံဖြစ်သော ရက် ၉၀ နွေစပါးကို ဖေဖော်ဝါရီ ၁ ရက်တွင် စတင်စိုက်ပျိုးမည်ဖြစ်၍ အဆိုပါ စိုက်ခင်းများအတွက် ဆည်တမံများက ထိုနေ့တွင် စိုက်ပျိုးရေများ ပို့လွှတ်သွားမည်ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ ပဲခူးတိုင်းဒေသကြီးတွင် ပထမသီးနှံ မိုးစပါး၊ ဒုတိယသီးနှံ ဆောင်းသီးနှံနှင့် တတိယသီးနှံ နွေစပါးတို့ကို ၂၀၂၃ ခုနှစ်တွင် သုံးသီးစားအဖြစ် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး စိုက်ပျိုးထုတ်လုပ်မှု တိုးတက်လာခြင်းကြောင့် တောင်သူတို့၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အပံ့ကောင်းများရရှိခဲ့ရာ ထိုသို့ရရှိမှုသည် သုံးသီးစားစိုက်ပျိုးထုတ်လုပ်နိုင်သော ဆည်တမံများ၏ အကျိုးကျေးဇူးကြောင့်ဖြစ်ကြောင်း သိရသည်။

**ဓာတ်ပုံ - ကနူး၊ ညိမ်းသူ(သတင်းစဉ်)**

# ပွင့်ဖြူမြို့နယ်၌ ဆီထွက်သီးနှံစုံ ၃၀၁၂၆ ဧကထိ စိုက်ပျိုးပြီးစီး



ပွင့်ဖြူ ဒီဇင်ဘာ ၃၁

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဒေသတွင်းစားသုံးဆီ ဖူလုံပို့လျှံစေရန်နှင့် တောင်သူများ သီးနှံဝင်ငွေတိုးပွားစေရန်ရည်ရွယ်၍ မြေပဲ၊ နှမ်း၊ နေကြာ၊ ပန်းနှမ်း စသည့် ဆီထွက်သီးနှံစုံ ၃၀၁၂၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကာ ပန်းတိုင်အထွက်နှုန်းများ ရရှိရေး ဒေသခံတောင်သူများက ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီတွင် မြေပဲ၊ နှမ်း၊ နေကြာ၊ ပန်းနှမ်း စသည့် ဆီထွက်သီးနှံစုံ ၂၇၉၉၂ ဧက စိုက်ပျိုးရန် လျာထားပြီး ဒေသခံတောင်သူများက ဆီထွက်သီးနှံအလိုက် သတ်မှတ်စိုက်ဧက ပြည့်မီစေရန် ယခုနှစ်အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၃၀၁၂၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်သည်။

**ပူးပေါင်းဆောင်ရွက်**

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံ စိုက်ပျိုးတောင်သူများကို စိုက်ပျိုးရေးဦးစီးဌာနက အထွက်နှုန်းများ ကောင်းမွန်ရေးနှင့် အရည်အသွေးကောင်းသော သီးနှံများ ထွက်ရှိရေးအတွက် မျိုးကောင်း မျိုးသန့်များ ရရှိအောင် ချိတ်ဆက်ကူညီပေးခြင်း၊ စိုက်ပျိုးရေးနည်းပညာ မျှဝေပေးခြင်း၊ ဓာတ်မြေဩဇာများ စနစ်တကျ သုံးစွဲရေးနှင့် ပိုးမွှားရောဂါကြိုတင်ကာကွယ်ရေး နည်းပညာပေးခြင်း စသည့်အသိပညာပေးလုပ်ငန်းများကို သက်ဆိုင်ရာ ဆက်စပ်ဌာနများနှင့် ပူးပေါင်းကူညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)**

## လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ရရှိသူ၏အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

(ခ) လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့်စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့် စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်းမရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊

(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ သို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့်လည်းကောင်း၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများနှင့်လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊

(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားပါဝင်သော အဖွဲ့အစည်းနှင့်ပူးပေါင်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၉)

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ရရှိသူ လိုက်နာရမည့် စည်းကမ်းချက်များ

(က) ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း လယ်ယာမြေကို လုပ်ကိုင်ရမည်။

(ခ) လယ်ယာမြေနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ စည်းကြပ်သောမြေခွန်နှင့် အခြားအခွန်အခများကို ပေးဆောင်ရမည်။

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်းနှင့် ပေးကမ်းခြင်းတို့ကို ဆောင်ရွက်သည့်အခါ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က သတ်မှတ်သည့်တန်ဖိုးနှင့်အညီ တည်ဆဲဥပဒေအရ သတ်မှတ်သော တံဆိပ်ခေါင်းခွန်နှင့် ဦးစီးဌာနကသတ်မှတ်သည့် စာချုပ်စာတမ်းမှတ်ပုံတင်ခတို့ကို ပေးဆောင်၍ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(ဃ) တည်ဆဲဥပဒေနှင့်အညီ အမွေဆက်ခံခြင်းဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရရှိသည့်အခါ သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(င) စိုက်ပျိုးထုတ်လုပ်မှု အရင်းအနှီးအတွက်သာ လယ်ယာမြေလုပ်ပိုင်ခွင့်ကိုပေါင်နှံခွင့်ရှိပြီး အစိုးရဘဏ် သို့မဟုတ် အစိုးရက အသိအမှတ်ပြုသောဘဏ်တွင်သာ ပေါင်နှံရမည်။

(စ) လယ်ယာမြေကို ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းသုံးစွဲခြင်းမပြုရ။

(ဆ) လယ်ယာမြေကို ရာသီသီးနှံအမျိုးအစားမှ အခြားသီးနှံအမျိုးအစားသို့ ခွင့်ပြုချက်မရှိဘဲ ပြောင်းလဲစိုက်ပျိုးခြင်းမပြုရ။

(ဇ) ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ လယ်ယာမြေကို လုပ်ထားခြင်းမပြုရ။ သို့ရာတွင် လယ်ယာမြေကို လုပ်ထားရန် အကြောင်းတစ်စုံတစ်ရာပေါ်ပေါက်ပါက မြေတည်ရှိရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှတစ်ဆင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြရမည်။ ယင်းသို့ လုပ်ထားခြင်းသည်လည်း ရွှေ့ပြောင်းတောင်ယာမြေမှအပ နှစ်နှစ်ဆက်တိုက်ထက်မပိုစေရ။

(ဈ) လယ်ယာမြေလုပ်ပိုင်ခွင့်မရမီကာလအတွင်း သို့မဟုတ် လယ်ယာမြေလုပ်ပိုင်ခွင့်နှင့်စပ်လျဉ်း၍ အငြင်းပွားမှု ဖြစ်ပေါ်နေသောကာလအတွင်း လယ်ယာမြေကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် ပေးကမ်းခြင်းမပြုရ။

ထို့အပြင် လယ်ယာမြေနှင့်စပ်လျဉ်း၍ သက်ဆိုင်သူမည်သူမဆို သက်ဆိုင်ရာလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်က ဥပဒေနှင့်အညီ ချမှတ်ထားသောအမိန့်ကို လိုက်နာရမည်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၁၂၊ ၁၃)

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

# ဂုဏ်အသရေရှိ

ပီမိုးနှင်း

## ဂုဏ်အသရေရှိဖြစ်ရန် ဥစ္စာရှိဖို့မလို၊ ဉာဏ်ရှိလျှင်လည်း ဥစ္စာရှိသောသူများနှင့် တန်းတူလုပ်နိုင်သည်။

လူတို့သည် တစ်ယောက်ကိုတစ်ယောက် အဝတ်အစားကိုကြည့်ကာ အခြေအနေကို အကဲခတ်လေ့ရှိကြလေသည်။

အဝတ်ကောင်း၊ အစားကောင်းနှင့် ဖိနပ်ပြောင်ပြောင် ဝတ်သူကိုမြင်လျှင် လူကြီးလူကောင်းဖြစ်သည်ဟု ယုံကြည်ကြလေသည်။ သို့ဖြစ်၍ ယခုခေတ်ကာလ လူကြီးလူကောင်းခေါ်သော (Gentle man) သည် အဝတ်ကောင်း၊ အစားကောင်းကို ဝတ်သူများဖြစ်၍ နေကြလေသည်။

ယခုအခါ ပြောင်ပြောင်လက်လက်ဝတ်ဖို့ရန် များစွာလွယ်ကူလေသည်။ အနည်းငယ် အစားအသောက်အသုံးကို ခြိုးခြံ၍ အဝတ်အစားကို ဂရုစိုက်တတ်သူတို့သည် အဝတ်ကို ပြောင်ပြောင်ဝတ်နိုင်ကြလေသည်။ အဝတ်အစားဈေးသည် စစ်မဖြစ်မီကဈေးလောက် မသက်သာသော်လည်း ငွေကြေးရှာ၍ရခြင်းမှာ ထိုအခါနှင့်မတူ။ ထိုအခါ သမယ၌ လခ ၅၀ ရသူသည် စာရေးကြီးဟု အခေါ်ခံရ၏။ ယခုအခါ၌ လခ ၁၀၀ ရသူများပင် စာရေးကလေးမျှဖြစ်၍နေကြလေရာ ငွေအဝင်အရမှာ ရှေးကနှင့်မတူ များစွာတိုးတက်လာလေသည်။

သို့သော်လည်း ရှေးအခါက တစ်လလျှင် ၃၀ ရသူသည် မိမိလခနှင့် အလျဉ်မီအောင် သုံးနိုင်စားနိုင်၏။ ယခုအခါမှာ လခ ၁၀၀ ရသူသည် တစ်လနှင့်တစ်လ အလျဉ်မီရန် များစွာခက်လေသည်။

သို့သော်လည်း အဝတ်အစားမှာမူ အညှိုးအနွမ်းခံလေ့မရှိကြဘဲ အစားကိုခြိုးခြံ၍ အဝတ်ကိုဆင်ကြသူများလည်း ရှိကြလေသည်။

သို့ဖြစ်သောကြောင့် အဝတ်အစားအရာ၌ သူဌေး သူဆင်းရဲ ဂုဏ်အသရေရှိဟု ခြားနားခြင်းမရှိ။ မသိမသာလမ်းခရီးတွင် မြင်ရသမျှသောသူများသည် လူကြီးလူကောင်းချည်းဖြစ်၍ နေကြလေသည်။

ထိုအကြောင်းတို့ကိုထောက်သော် ဂုဏ်အသရေရှိသူ လူကြီးလူကောင်းဖြစ်သူကို အဝတ်ဖြင့် မသိရလျှင် အဘယ်အရာကိုထောက်သဖြင့် သိရပါမည်နည်းဟု မေးလျက်ရှိလေသည်။

လူကြီးလူကောင်းဆိုသည်မှာ ငွေရှိသူကိုလည်း မဆိုနိုင်၊ အဝတ်လှလှဝတ်သူကိုလည်း မဆိုနိုင်၊ အပေါင်းအသင်းများ၍ လည်ပတ်သူကိုလည်း မဆိုနိုင်၊ ဟန်ကြီးပန်ကြီးလုပ်ကာ စတိုင်တင်းသူကိုလည်း မဆိုနိုင်၊ ရန်ကုန်မြို့၏ ချောင်ဟူသမျှကို အကုန်နားလည်သော လူလည်ကိုလည်း မဆိုနိုင်၊ ကြင်နာ

> **လူကြီးလူကောင်းဆိုသည်မှာ ငွေရှိသူကိုလည်းမဆိုနိုင်၊ အဝတ်လှလှဝတ်သူကိုလည်း မဆိုနိုင်၊ အပေါင်းအသင်းများ၍ လည်ပတ်သူကိုလည်းမဆိုနိုင်၊ ဟန်ကြီးပန်ကြီးလုပ်ကာ စတိုင်တင်းသူကိုလည်းမဆိုနိုင်၊ ရန်ကုန်မြို့၏ ချောင်ဟူသမျှကို အကုန်နားလည်သော လူလည်ကိုလည်းမဆိုနိုင်၊ ကြင်နာ သနား တရားသောစိတ်ရှိသူ၊ ကိုယ်ချင်းစာနာတတ်သူ၊ ကူညီရိုင်းပင်းတတ်သူတို့ကိုသာ လူကြီးလူကောင်းဟု ခေါ်ဆို**

သနား တရားသောစိတ်ရှိသူ၊ ကိုယ်ချင်းစာနာတတ်သူ၊ ကူညီရိုင်းပင်းတတ်သူတို့ကိုသာ လူကြီးလူကောင်းဟု ခေါ်ဆိုအပ်လေသည်။

ထိုစိတ်ကောင်း ထိုစိတ်မြတ်မျိုးမရှိက ရှင်ဘုရင်ပင်ဖြစ်စေကာမူ လူကြီးမဟုတ်၊ အဘယ်မျှပင် ကြီးကျယ်၍နေစေကာမူ အဟိတ်တိရစ္ဆာန်များထက် အနည်းငယ်မျှသာ သာလွန်ထူးကဲလေသည်။

သို့သော်လည်း လူတို့၏စိတ်သည် ယခုသာမဟုတ်၊ ရှေးကလည်း အဝတ်အစား၊ စည်းစိမ်ဥစ္စာကို ကြည့်ကာ လူ၏ဂုဏ်ကို ဆုံးဖြတ်တတ်ကြသဖြင့် ပညာရှိသောသူများပင် ဖြစ်စေကာမူ ဥစ္စာရှိသူလောက် ဂုဏ်မရှိ၊ သမာဓိမရှိ၊ လူကြီးလူကောင်း မပီသသကဲ့သို့ မှတ်ထင်ခြင်းခံကြရလေသည်။

ထိုကဲ့သို့ မှတ်ထင်ခြင်းခံရသူမှာလည်း အခါခပ်သိမ်းအားဖြင့် မှတ်ထင်သူတို့၏ အပြစ်မဟုတ်ချေ။ အကြောင်းမူကား ဥစ္စာမရှိသောသူသည် ဉာဏ်ရှိက ဥစ္စာရှိသောသူများနှင့် အဆင့်အတန်းတူအောင် လုပ်နိုင်ဖို့ နည်းလမ်းတစ်ခုရှိသည်ကို သတိထားမိကြဟန်မတူချေ။ ထိုနည်းလမ်းသည်ကား အခြားမဟုတ်။ တိုင်းကျိုးပြည်ကျိုး၊ သာသနာအကျိုး ပညာအကျိုး၊ အစိုးရအကျိုး၊ ပြည်သူအမျိုးသားအကျိုးကို အဟုတ်တကယ် လိုလားသောစိတ်နှင့် အခကို မလိုဘဲ ဝင်ရောက်လုပ်ကိုင်၊ ကိုယ်တိုင်ကြီးကြပ်၊ အခက်အခဲတို့၌ ဆုံးဖြတ်ကာ အကြံဉာဏ်ပေးပြီး ကိုယ်ဖိရင်ဖိ လုပ်ကိုင်တတ်ခြင်းဖြစ်လေသည်။ ထိုကဲ့သို့ လုပ်ကိုင်၍ အကျိုးဆောင်တတ်သူတို့မှာ စည်းစိမ်ဥစ္စာပင် များစွာမရှိသော်လည်း မင်းရော၊ သူဌေးရောမြှောက်စားသဖြင့် ဂုဏ်အသရေရှိ အထက်တန်းစားအဖြစ်သို့ ရောက်နိုင်လေသည် ဖြစ်ကြောင်း။ ။

# ဒေါ်လာတစ်သန်းနဲ့ လဲမလား

ခင်မောင်ညို(ဘောဂဗေဒ)

(၁၈-၁၂-၂၀၂၄ ရက်နေ့မှအဆက်)

သို့သော် ထိုစဉ်ကတော့ သဘောမပေါက်ပါ။ ပျော်စရာအလွန်ကောင်းသည့်အိမ်ပင် ဆုံးရှုံးလုမတတ်ဖြစ်ခဲ့သည်။ တစ်ရက်တွင် သူ၏ အလုပ်သမား မသန်မစွမ်း စစ်ပြန်တစ်ယောက်က 'ဂျွန်နီ မင်း ကိုယ့်ကိုယ်ကိုယ် ရက်ဖို့ကောင်းတယ်။ လောကကြီးမှာ ဒုက္ခများတာ မင်းတစ်ယောက်တည်းရှိနေတယ်ထင်သလား။ ဆိုင်ကို ခဏလောက် ပိတ်ထားလိုက်ရတယ်ဆိုပါတော့။ ဆိုင်ခဏပိတ်ထားရတော့ ဘာဖြစ်သလဲ။ ပုံမှန်အတိုင်းဖြစ်သွားရင် ပြန်ဖွင့်နိုင်တာပဲ။ မင်းမှာ ဝမ်းသာကျေးဇူးတင်စရာတွေ အများကြီးရှိနေတာပဲ။ ဒါနဲ့တောင် အော်လိုက် ငေါက်လိုက် ညည်းလိုက် တွားလိုက်နဲ့။ မင်းနေရာမှာ ငါ ဖြစ်လိုက်ချင်တယ်။ ငါ့ကို ကြည့်စမ်း၊ လက်တစ်ဖက်ပဲရှိတယ်။ မျက်နှာကလည်း တစ်ခြမ်းပဲကျန်တယ်။ ဒါပေမဲ့ မင်းလို ငါ ညည်းတွားမနေပေါင်။ မင်း အခုလိုပဲ ဆက်ပြီးညည်းတွားနေမယ်။ ငေါက်ငမ်းနေမယ်ဆိုရင် မင်း စီးပွားပျက်ရုံမကဘူး။ ကျန်းမာရေးလည်း ထိခိုက်မယ်။ မင်းရဲ့ အိုးအိမ်ကိုလည်းဆုံးရှုံးမယ်။ မင်းရဲ့ မိတ်ဆွေတွေကိုလည်း ဆုံးရှုံးရလိမ့်မယ်။ သတိထားပါ" ဟု သတိပေးသည်။

"သူ့စကားကြားရမှ ကျွန်တော် သတိတရားပြန်ရတယ်။ သူပြောမှပဲ ကျွန်တော် ဘယ်လောက်ချမ်းသာတယ်ဆိုတာ သိတော့တယ်။ အဲဒီကျမှ ကျွန်တော့်ကိုယ်ကျွန်တော် ပြောင်းလဲပစ်ဖို့ဆုံးဖြတ်ပြီး တစ်ခါတည်း ပြောင်းလဲပစ်လိုက်တော့တယ်။ ကံကောင်းပေလို့"

ကျွန်တော့်မိတ်ဆွေ လူစီဘလိပ်တ်တို့သည်လည်း ဒုက္ခရောက်တော့မလိုဖြစ်ဖူးသည်။ နောက်ကျမှ သူ့မှာ မရှိတာတွေအတွက် စိုးရိမ်သောကများမနေဘဲ ဘယ်လိုပျော်အောင်နေနိုင်ကြောင်း သဘောပေါက်သွားသည်။

> **မနက် မနက်တိုင်း အိပ်ရာက နိုးနိုးချင်း ဝမ်းသာစရာ ကျေးဇူးတင်စရာကောင်းတဲ့အတွေးတွေကို တွေးတယ်။ ရေဒီယိုက ဂီတသံလာနေတာ၊ စာဖတ်ချိန်ရတာ၊ အစားကောင်း အသောက်ကောင်းစားရတာ၊ မိတ်ဆွေကောင်းတွေရှိတာ စသည်ဖြင့်ပေါ့။ ကျွန်မကိုယ်တိုင်က စိတ်ချမ်းသာနေတော့ ကျွန်မကိုတွေ့ရရင် စိတ်ချမ်းသာလွန်းလို့ လာတွေ့ချင်တဲ့လူတွေကလည်း များမှများ**

တစ်ခါက လူစီနှင့် ကျွန်တော်တို့သည် ကိုလံဘီယာတက္ကသိုလ် သတင်းစာပညာဌာနတွင် ဝတ္ထုတိုရေးနည်းဘာသာရပ်ကို အတူလေ့လာဆည်းပူးခဲ့ကြဖူးသည်။ ထိုကျောင်းမတက်မီ အရီဇိုးနားပြည်နယ် တပ်ကဆန်တွင် နေထိုင်စဉ်က ကောင်းကောင်းကြီး သောကရောက်ခဲ့ဖူးသည်။ သူ၏ အတွေ့အကြုံမှာ ဤသို့ဖြစ်သည်။

"ကျွန်မဟာ လုံးချာလည်နေအောင် အလုပ်လုပ်ဖူးတယ်။ အရီဇိုးနားတက္ကသိုလ်မှာ ကျောင်းတက်၊ မြို့ထဲမှာ ပရိသတ်ကို ဟောပြောနည်းသင်တန်းပေး၊ ကျွန်မရွာမှာ ဂီတဝေဖန်နည်းသင်တယ်။ ဘယ်ပါတီ၊ ဘယ်အက၊ ဘယ်မြင်းစီးပြိုင်ပွဲမှလည်း အလွတ်မပေးဘူး။ ဝင်နွှဲလိုက်တာပဲ။ တစ်ရက်ကျတော့ ကျွန်မ အိပ်ရာကမထနိုင်တော့ဘူး။ နှလုံးရောဂါတဲ့လေ။ တစ်နှစ်လုံး အိပ်ရာထဲမှာနေပြီး လုံးဝအနားယူရမှာတဲ့။ ဆရာဝန်က ပြန်ကောင်းလာနိုင်တယ်လို့တော့ အားမပေးဘူး။ အိပ်ရာထဲမှာ တစ်နှစ်လုံးလုံးနေရမယ်တဲ့လား။ ပြန်ကောင်းချင်မှလည်း ကောင်းမယ်၊ သေချင်လည်း သေဦးမယ်တဲ့လား။ ဘယ်လောက်ကြောက်စရာ ကောင်းသလဲ။ ကျွန်မကိုမှရွေးပြီး ဘာဖြစ်လို့ ဒီလိုဖြစ်ရသလဲ။ ကျွန်မ ဘာအမှားအယွင်းများလုပ်မိလို့လဲ။ ကျွန်မတော့ ငိုလိုက်၊ ဒေါသူပုန်ထလိုက်နဲ့ပေါ့။ ဆရာဝန်ပြောတဲ့အတိုင်း အိပ်ရာထဲမှာပဲ နေရတော့တာပေါ့လေ။

"ကျွန်မရဲ့ အိမ်နီးနားချင်း မစ္စတာရူးဒွေ့ဖ်ဆိုတာက ပန်းချီဆရာ။ သူက "အိပ်ရာထဲ တစ်နှစ်လောက်နေရတာများ ဝမ်းနည်းစရာလား။ တစ်နှစ်ဆိုတာ ဘယ်လောက်မှ ကြာတာမဟုတ်ဘူး။ ကိုယ့်အကြောင်း ကိုယ် စဉ်းစားဖို့အချိန်တောင်ရသေးတယ်။ နို့မို့ရင် ကိုယ့်အကြောင်း ကိုယ် စဉ်းစားချိန်တောင်ရမှာမဟုတ်ဘူး။ အခုထိ မင်းတစ်သက်လုံး နေလာခဲ့တာနဲ့စာရင် အိပ်ရာပေါ်မှာ လအနည်းငယ်နေရုံမျှနဲ့ မင်းဟာ စိတ်ဓာတ်ရေးအရ အများကြီးဖွံ့ဖြိုးရင့်ကျက်လာလိမ့်မယ်"လို့ အားပေးရှာပါတယ်။

"အဲဒီကျမှ ကျွန်မလည်း ကိုယ့်စိတ်ကို ကိုယ်ထိန်းနိုင်ပြီး အေးအေးဆေးဆေးဖြစ်လာတယ်။ အောင်မြင်ရေးကျမ်းတွေ ဖတ်တယ်။ တစ်ရက်မှာ ရေဒီယိုထဲက သတင်းဝေဖန်သူတစ်ယောက်က 'မင်းဟာ မင်း အသိဉာဏ်ရှိသမျှပဲ ပြောတတ်၊ ရေးတတ်၊ ဖော်ပြတတ်တယ်'လို့ ပြောတာကို ကြားလိုက်ရတယ်။ ဟိုတုန်းကလည်း ဒီအပြောမျိုး၊ ဒီစကားမျိုးတွေကို ခဏခဏကြားဖူးပါရဲ့။ ဒါပေမဲ့ ကျွန်မ အာရုံရောက်အောင်မလုပ်နိုင်ဘူး။ အခုတစ်ခါကျမှ ဒီစကားလုံးတွေဟာ ကျွန်မခန္ဓာကိုယ်ထဲကို နက်နက်ရှိုင်းရှိုင်းဝင်လာပြီး အမြစ်တွယ်နေနိုင်တော့တယ်။ အဓိပ္ပာယ်ရှိမှန်း၊ လေးနက်မှန်း သဘောပေါက်လာတော့တယ်။

"ကျွန်မ သဘောကျတဲ့ ပျော်ရွှင်စရာ၊ စိတ်ချမ်းသာစရာ၊ ကျန်းမာစရာ၊ ကျွန်မအလိုရှိတဲ့အတွေးတွေကိုပဲ ကျွန်မတွေးတော့မယ်လို့ ဆုံးဖြတ်လိုက်တယ်။ မနက် မနက်တိုင်း အိပ်ရာက နိုးနိုးချင်း ဝမ်းသာစရာ ကျေးဇူးတင်စရာကောင်းတဲ့အတွေးတွေကို တွေးတယ်။ ဘာဝေဒနာမှ ခံစားမနေရတာ၊ ချစ်စရာ သမီးချောလေးတစ်ယောက်ရှိတာ၊ မျက်စိမြင် နားကြားနေရတာ၊ ရေဒီယိုက ဂီတသံလာနေတာ၊ စာဖတ်ချိန်ရတာ၊ အစားကောင်း အသောက်ကောင်းစားရတာ၊ မိတ်ဆွေကောင်းတွေရှိတာ စသည်ဖြင့်ပေါ့။ ကျွန်မကိုယ်တိုင်က စိတ်ချမ်းသာနေတော့ ကျွန်မကို တွေ့ရရင် စိတ်ချမ်းသာလွန်းလို့ လာတွေ့ချင်တဲ့ လူတွေကလည်း များမှများ။ နောက်ဆုံးကျ ဆရာဝန်တွေ ကိုယ်တိုင်ကကို ဘယ်အချိန်ကနေ ဘယ်အချိန်ထိပဲ တွေ့ရမယ်။ တစ်ယောက်ပြီးမှ တစ်ယောက် ဝင်ရမယ်လို့ကို ကန့်သတ်ယူရတော့တာပဲ။

"အခုဆိုရင် နှစ်အတော်လေးကြာသွားပြီပေါ့။ အဲဒီလို အိပ်ရာထဲ နေနေရတဲ့ အချိန်ကစပြီး ဘဝကို အဓိပ္ပာယ်ရှိရှိ တက်တက်ကြွကြွနဲ့ ရင်ဆိုင်နေထိုင်နိုင်တော့တယ်။ အိပ်ရာထဲလှဲနေတဲ့ အဲဒီတစ်နှစ်အတွက် သိပ်ဝမ်းသာ၊ သိပ်ကျေးဇူးတင်တာပဲ။ အရီဇိုးနားမှာ နေခဲ့ရသမျှ အဲဒီနှစ်ဟာ အပျော်ဆုံး၊ ဝမ်းအသာဆုံးနှစ်ပဲ။ မင်္ဂလာရှိတဲ့ အရာတွေကို အိပ်ရာကထတိုင်း ထတိုင်း လိုက်စဉ်းစား၊ လိုက်ရေတွက်ကြည့်တတ်တဲ့ အကျင့်ဟာ မပျောက်ပျက်တော့ဘူး။ အဲဒီအရည်အချင်းဟာ ကျွန်မ ပိုင်ဆိုင်သမျှ တန်ဖိုးအရှိဆုံး အရည်အချင်းပဲ။ ကျွန်မ သေရတော့မယ်ဆိုတာ သိရှိကြောက်လန့်ပြီးမှ တကယ့်ဘဝနေနည်းကို ရှာဖွေတွေ့ရှိတဲ့အတွက် ခပ်ရှက်ရှက်ပဲ"

လူစီဘလိပ်တ်ကတော့ သတိထားမိချင်မှ ထားမိမည်။ သို့သော် သူလည်း လွန်ခဲ့သည့် အနှစ်နှစ်ရာခန့်က ဒေါက်တာဆင်မြူရယ်လ်ဂျွန်ဆင်ရခဲ့သည့် သင်ခန်းစာနှင့် အတူတူပင်ဖြစ်သည်။ ဒေါက်တာဂျွန်ဆင်က **"ဘယ်ကိစ္စမဆို အကောင်းဘက်က လှည့်ကြည့်တတ်တဲ့ အကျင့်ဟာ တစ်နှစ်ကို ငွေသောင်းချီ၊ သိန်းချီရတာထက် အများကြီး တန်ဖိုးရှိတယ်"**ဟု ဆိုခဲ့ဖူးသည်။

(ဆက်လက်ဖော်ပြပါမည်)

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်း ပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ဌာနချုပ်ရုံး (နေပြည်တော်)
(၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇- ၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

( ခ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

( ဂ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉

( စ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု(SMS)၀၉-၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကဒ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ၊ လျှော့ပေါ့ခွင့်ရသူများနှင့် ရွှေ့ဆိုင်းခွင့်ရသူများ

## ကင်းလွတ်ခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေ ပုဒ်မ -၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။
( ခ ) အိမ်ထောင်သည်အမျိုးသမီးများ ( အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။
( ဂ ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။
(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်း မသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။
( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က)ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တ ပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။
( ခ ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။
( ဂ ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်) အတတ်ပညာရှင်များ။
(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများ မပါ)။
**မှတ်ချက်။** အကယ်၍ ၎င်း သားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။
( င ) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။
( စ ) နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။
(ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော တပ်မတော်စစ်သည် အစားခန့် အရပ်သားဝန်ထမ်းများ။
( ဇ ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေ လိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

## လျှော့ပေါ့ခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါ လျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။
( ခ ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက်တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူ ဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။
( ဂ ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့ နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

## ရွှေ့ဆိုင်းခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှ တင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့်စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။
( ခ ) နိုင်ငံ့ဝန်ထမ်းများ။
( ဂ ) ပညာသင်ကြားနေသူများ။
(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။
( င ) မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။
( စ ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက် သေဆုံးသွားခြင်း။
( ခ ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆ ဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန် ဒဏ်ရာရရှိသူဖြစ်ခြင်း။
( ဂ ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။
(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။
( င ) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေ လိုအပ်နေသူဖြစ်ခြင်း။




*117# ကို ခေါ်ဆိုပြီး Mytel ဖုန်းဘေလ်နှင့်လဲ ကံစမ်းလို့ရနေပြီနော်...

**မြေကွက်များ ဝယ်လိုသည်**
ဒဂုံမြို့သစ်မြောက်ပိုင်း၊ အရှေ့ပိုင်း၊ တောင်ပိုင်း/ဆိပ်ကမ်းရှိ မြေကွက်များ ဝယ်လိုသည်။ အိမ်အရောက် ငွေချေစနစ် (ပွဲခ) ပေးရန်မလိုပါ။
09254118190
09898580954

**ဝတ်ရည်ဦး**
ဒဂုံမြို့သစ် အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊ ဆိပ်ကမ်းရှိမြေကွက်များ ဝယ်လိုသည်။
09-43088052
09-260660405
09-421067330

## မန္တလေးမြို့၊ မလွန်စျေးဆန်လှူအသင်းကြီး ၁၃၈၇ ခုနှစ်၊ (၁၂၉)နှစ်မြောက် ဆွမ်းဆန်တော်များ လှူဒါန်းနိုင်ရန် နှိုးဆော်လွှာ

စစ်ကိုင်း၊ မင်းဝံ၊ မင်းကွန်းတောင်ရိုးကြီး(၃)ရပ်နှင့် မန္တလေး(၇)မြို့နယ်တို့တွင် သီတင်းသုံးနေထိုင်တော်မူကြကုန်သော ရဟန်း၊ သာမဏေ၊ သူတော်၊ သီလရှင် အလှူခံ ပုဂ္ဂိုလ်ပေါင်း(၆၀၀၀၀) ကျော်တို့အား မန္တလေးမြို့၊ မလွန်စျေးဆန်လှူအသင်းကြီးမှ ၁၃၈၇ ခုနှစ်၊ (၁၂၉)နှစ်မြောက် မဟာသံဃိကတဏ္ဍုလဒါန ဆွမ်းဆန်တော်များလှူဒါန်းနိုင်ရန်အတွက် (၅-၁-၂၀၂၅)ရက်နေ့မှစ၍ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး အတွင်းရှိမလွန်ဆန်လှူသင်းထောက်အဖွဲ့များနှင့် အလှူရှင်များအသီးသီးထံသို့ အလှူခံခရီးစဉ် စတင်ထွက်ပါမည့် အကြောင်းအား ကြိုတင်အသိပေးအပ်ပါသည်။

နယ်သင်းထောက်များ၊ အလှူရှင်များမှ ဆွမ်းဆန်တော်များ ပေးပို့လှူဒါန်းလျက်ရှိပြီး ရောက်ရှိလာသော ဆွမ်းဆန်တော်များကိုလည်း ကြိုတင်လှူဒါန်းလျက်ရှိရာ မိမိတို့ တတ်စွမ်းသရွေ့ပါဝင်လှူဒါန်းနိုင်ပါရန် နှိုးဆော်အပ်ပါသည်။

**ဥက္ကဋ္ဌကြီးနှင့်အမှုဆောင်အဖွဲ့**
**မလွန်စျေးဆန်လှူအသင်းကြီး**
**မန္တလေးမြို့။ ၀၂-၆၀၃၉၂၄၀၊ ၀၉-၇၈၀၆၆၈၄၀၀**

## သန်လျင်မင်းကျောင်းပထမပြန်စာသင်တိုက် အာစရိယပူဇော်ပွဲနှင့် ဩဝါဒခံယူပွဲဖိတ်ကြားလွှာ

သန်လျင်မြို့၊ မင်းကျောင်း ပထမပြန်စာသင်တိုက်ကြီး၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော (၃၅)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် ဩဝါဒခံယူပွဲကို (၁၃၈၆ခုနှစ်၊ ပြာသိုလဆန်း ၈ရက်)၊ ၆-၁-၂၀၂၅ (တနင်္လာနေ့) နံနက်မှစ၍ ကျင်းပမည်ဖြစ်ရာ မင်းကျောင်းနွယ်ဖွား တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမများ၊ အလှူရှင်များ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ (မပျက်မကွက်) ကြွရောက်ကြပါရန် လေးစားစွာပင့်လျှောက် ဖိတ်ကြားအပ်ပါသည်။

မွန်းတည့် ၁၂နာရီတွင် အာစရိယပူဇော်ပါမည်။

**အာစရိယပူဇော်ပွဲနှင့် ဩဝါဒခံယူပွဲဖြစ်မြောက်ရေးကော်မတီ**

## “ကန့်ကွက်နိုင်ပါသည်”

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ ကန်တော်လမ်း၊ တိုက်အမှတ်(၂၃၃)၊ မြေညီထပ်ခြေရင်းခန်း(B)၊ အကျယ်အဝန်း (၁၁ ၁/၂ x၅၀)ပေရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ယခုရောင်းချသူ ဦးညီညီဦး[၁၂/သဃက(နိုင်)၁၇၃၄၀၄]မှ တရားဝင်ပိုင်ဆိုင်ပြီးရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြင့်မြင့်သန်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၇၆၆)**
**အမှတ်(A-3/A)၊ အရှေ့ပြည်သာရိပ်မွန်၊ အမှတ်(၂)လမ်းမကြီး၊ (၁၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်။**
**ဖုန်း-၀၉-၄၅၄၁၅၃၄၇၄**

**“ခိုင်” အိမ်ခြံမြေရောင်းဝယ်ရေး**
မြောက်ဒဂုံ၊ အရှေ့ဒဂုံ နှင့် ဒဂုံဆိပ်ကမ်း
09-2038208, 09-451320448

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ်၊ လက်ယက်စမ်း ကျေးရွာအုပ်စု၊ အလယ်ကျေးရွာ၊ အလယ်လမ်း၊ ကွင်းအမှတ်(၆၅၂-အေ)၊ အလယ်ရွာတောင်ကွင်း၊ ဦးပိုင်အမှတ် (၂/ဃ)၊ ဧရိယာ(၀.၃၄)ဧကရှိ လယ်ယာမြေအခြားနည်းအသုံးပြုရန်ခွင့်ပြုမိန့်ပုံစံ- ၁၅(က)အရ (၃၀-ခ) ရရှိပြီး မြေကွက်နှင့် ရေသန့်စက်ရုံ(ရေသန့်စက်ရုံနှင့်သက်ဆိုင်သည့် လုပ်ငန်းလိုင်စင်)၊ အဆောက်အဦများ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် သန်လျင်မြို့နယ်၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတွင် **ဦးသူရအောင် [၁၂/ တမန(နိုင်)၀၀၃၃၃၅]** အမည်ပေါက်တည်ရှိပြီး အမည်ပေါက်ကိုယ်တိုင်မှ ပိုင်ဆိုင်မှု အရှုပ်အရှင်းကင်းရှင်း၍ ပြန်လည် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံ ကတိပြုပြောကြားလာသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ **ဒေါ်ဝင့်ဝါခိုင်[၁၂/ သခန(နိုင်) ၁၀၈၂၄၆]**မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် (ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို) ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်း မူရင်းအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဝင့်ဝါခိုင်၏လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်မွန်မွန်ချို (LL.B)** | **ဒေါ်စန္ဒာဝင်း(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၂၆၈)** | **အထက်တန်းရှေ့နေ(စဉ်-၂၆၄၀၉)** |

**အမှတ် (၈၂၈/ခ)၊ ကျွန်းရွှေမြိုင်လမ်း၊ (၁၈/စီ) ရပ်ကွက်၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၉-၂၅၀၆၈၅၇၁၇၊ ၀၉-၇၉၇၆၄၀၆၁၆၊ ၀၉-၅၀၇၉၉၇၈**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ လူနေရပ်ကွက်အမှတ် (PHASE-2)၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁၀)၊ သဇင်လမ်း၊ မြေကွက်အမှတ်(၁၀၆)၊ အကျယ်အဝန်း (၃၆၀၀)စတုရန်းပေ၊ ဧရိယာ (၀.၀၈၃)ဧက၊ နှစ်(၆၀)မြေငှားဂရန်နှင့် ၎င်းမြေပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးခင်မောင်လွင်[၉/မရမ(နိုင်)၀၈၇၉၈၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဖြိုးဖြိုးအိ [၆/မအရ(နိုင်)၀၉၉၂၄၂]က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထား မူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ထိုရက်မှ ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သဲစုထွေး (LL.B, D.B.L, D.M.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၁၇၃)**
**အမှတ်(၃၃/၄၉)၊ အခန်းအမှတ်(၁၄)၊ Stand Condominium 1st Floor ၊ မဟာဗန္ဓုလလမ်း(အောက်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ၊ ဖုန်း- 09-251020415၊ 09-672444656**

## “ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်၊ ယုဇနဥယျာဉ်မြို့တော်၊ ၉၄ ရပ်ကွက်၊ အေ(၁၄)လမ်း၊ တိုက် (၁၀)၊ အခန်း (၀၀၂) ဟုခေါ်တွင်သော အလျား(၂၅)ပေxအနံ (၃၅)ပေရှိ တိုက်ခန်း၏အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ **ဒေါ်ချိုချိုမီ [၁၁/အမန(နိုင်)၀၅၂၄၁၂]**မှ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သူ **ဒေါ်တင့်တင့်လှိုင် [၆/မအရ (နိုင်) ၀၈၁၆၁၄]၊ ဒေါ်သန်းသန်းနွယ် [၆/မအရ(နိုင်)၀၈၃၆၄၇]၊ ဦးကျော်တင့်ထွန်း [၆/မအရ(နိုင်)၀၈၃၆၄၈]** နှင့် **ဒေါ်ယဉ်ယဉ်ထွေး [၆/မမန(ဧည့်)၀၀၀၂၀၅]** တို့မှ ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

သို့ပါ၍ အဆိုပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်လွင်သီတာမျိုး (LL.B, DBL)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၈၇၂၈)**
**အမှတ် (၂၇/၄၀၄)၊ ဘီ (၁၄)လမ်း၊ ယုဇနဥယျာဉ်မြို့တော်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်မြို့။**

## အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးစီးကြောင်းကြေညာခြင်း

ဦးပြည့်ဖြိုးအောင်နှင့် ဒေါ်ဖြူစင်မျိုးသန့်တို့သည် (၂၁-၁၂-၂၀၂၄) ရက်နေ့၌ အသိသက်သေများရှေ့မှောက် စိတ်သဘောထားချင်း တိုက်ဆိုင်ခြင်းမရှိကြတော့ဘဲ မိမိတို့၏လွတ်လပ်သော သဘောဆန္ဒနှင့်အညီ အကြင်လင်မယားအဖြစ်မှ နှစ်ဦးသဘောတူကွာရှင်းခဲ့ကြပြီးသည်ဖြစ်၍ ၎င်းတို့နှစ်ဦးသည် နောက်နောင်တစ်ဦး၏ ကိုယ်ရေးကိုယ်တာကိစ္စများ၊ လူမှုရေး၊ စီးပွားရေး/အမွေစားအမွေခံကိစ္စရပ်များအား ဝင်ရောက်စွက်ဖက်ခြင်းမရှိကြတော့ကြောင်း ဝန်ခံကတိပြုကြပြီးအများသိစေရန် အသိပေးကြေညာခြင်းဖြစ်ပါသည်။

**ဒေါ်ဖြူစင်မျိုးသန့်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ထက်ထက်မိုး (LL.B, DBL)**
**အထက်တန်းရှေ့နေ (စဉ်-၅၁၀၈၉)**
**တိုက်အမှတ်(၃၀)၊ ပထမထပ်၊ (၁၄၁)လမ်း၊ အရိုးကုန်းရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၇၉၂၅၈၈၈၂၀**

**သာလွန်ကျော်**
**အိမ်၊ခြံ၊မြေရောင်းဝယ်ရေး**
ဒဂုံမြို့သစ် အရှေ့ပိုင်း၊ မြောက်ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်း လေးမြို့နယ်ရှိ မြေကွက်များ ဝယ်လိုသည်။
Ph:09-420780797
09-261119599

## “ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း”

ရန်ကုန်မြို့ ၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း (တောင်)ရပ်ကွက်၊ မြေနီကုန်းဈေးလမ်း၊ အမှတ် (၁၆)ပေါ်တွင် ဆောက်လုပ်ထားသော (၂) ခန်းတွဲ၊ (၈)ထပ်တိုက်၏ဆဋ္ဌမထပ် (၇ လွှာ)(တိုက်ကို မျက်နှာမူလျှင် လက်ယာဘက်ခန်း)အကျယ်အဝန်း (၁၇ x ၆၇.၅) ပေရှိတိုက်ခန်းတစ်ခန်းနှင့် ကိုယ်ပိုင် မီတာ၊ ကိုယ်ပိုင်မော်တာအပါအဝင် အကျိုးခံစားခွင့်များအားလုံးကို ဝယ်ယူပိုင်ဆိုင်ထားသူ မောင်သက်ပိုင်မှူး [၁၂/စခန(နိုင်) ၀၆၂၅၁၇] မှ အရှုပ်အရှင်းကင်းစွာဖြင့် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန်ကမ်းလှမ်းလာသဖြင့် အပြီးအပိုင် ဝယ်ယူရန် ကျွန်မ ဒေါ်ခင်မမထွန်း [၉/စကတ(နိုင်)၀၁၀၀၀၀] မှ စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့် ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်း(မူရင်း)များနှင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါတိုက်ခန်းကို တရားဝင်နည်းလမ်းတကျ အရောင်းအဝယ်စာချုပ်ဖြင့် ဆက်လက်ချုပ်ဆို၍ ဥပဒေနှင့်အညီဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဝယ်ယူသူ**
**ခင်မမထွန်း [၉/စကတ(နိုင်) ၀၁၀၀၀၀]**
**Ph: 09-5191368, 09-5052336**

## ပြင်ဆင်ဖတ်ရှုပါရန်

(၂၉-၁၂-၂၀၂၄) နေ့ရက်ထုတ် ကြေးမုံသတင်းစာ၏ စာမျက်နှာ (၂၉) တွင် ဦးအောင်မင်းကြည် (တရားလွှတ်တော်ရှေ့နေ) ၏ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်းတွင် လွှဲအပ်ညွှန်ကြားချက်ပေးသူ ဒေါ်သင်းသင်းအေးအစား လွှဲအပ်ညွှန်ကြားချက်ပေးသူ ဒေါ်အေးအေးသင်းဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ မြို့ကွက်တိုးချဲ့တည်ဆောက်နေရာချထားရေးအဖွဲ့၏ အိမ်ရာကွက် ချထားပေးသည့်(၄-၄-၁၉၉၁)နေ့စွဲပါ ရဲမှူးရင်ရှိန်လတ်(AA-၁၀၁၀၄၆)အမည်ဖြင့် မြေခွန်ပြေစာထွက်ရှိထားသော ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ပြည်တော်သာရပ်ကွက်၊ ကန်သာယာ (၁)လမ်း၊ မြေကွက်ကြီး အမှတ်(၆)၊ အိမ်ရာကွက်ငယ်အမှတ်(၃၂၄)၊ မြေအကျယ်အဝန်း(၄၀x၆၀)ပေရှိ မြေကွက်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်မြင့်မြင့်သီ[၁၂/မရက(နိုင်)၀၆၅၄၁၉]မှ အမွေဆက်ခံပိုင်ဆိုင်၍ အခြား အမွေစားအမွေခံပိုင်ဆိုင်မှု အရှုပ်အရှင်းတို့မှ လုံးဝကင်းရှင်းပါကြောင်း ဝန်ခံကတိပြုပြီး ရောင်းချရန် ကမ်းလှမ်းသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်အေးမာလာသင်း [၁၂/စခန(နိုင်)၀၇၉၇၄၇]က အပြီး အပိုင်ဝယ်ယူရန် အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက် အတွင်း တိကျခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း မူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးဖြိုးသက်ဦး** | **ဒေါ်နှင်းယုဝေအေး** | **ဒေါ်ခိုင်ခိုင်ဇော်** |
| **(LL.B)** | **(LL.B, LL.M, D.I.L)** | **(LL.B, D.I.PL)** |
| **(စဉ် - ၁၈၅၀၃)** | **(စဉ် - ၁၈၂၃၇)** | **(စဉ် - ၅၀၈၉၀)** |

**တရားလွှတ်တော်ရှေ့နေများ** **အထက်တန်းရှေ့နေ**
**အမှတ်(၅)၊ ချမ်းသာလမ်း၊ တောင်လုံးပြန်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၄၀၀၀၀၆၁၉၉၊ ၀၉-၇၉၉၀၈၂၁၁၅**

## တရားဝင်အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးကြောင်း ကြေညာချက်

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ ပဒုမ္မာလမ်း၊ အမှတ် (SK-139)နေ ကျွန်ုပ်၏မိတ်ဆွေ **မပိုးအိခင်** (၁/မညန (နိုင်) ၁၂၉၈၃၉)နှင့် (ဘ) ဦးဇော်ကိုကို၏သား ကိုမင်းမြတ်ဇော် (၁၂/သဃက (နိုင်) ၁၇၁၆၈၀)တို့သည် (၁၃-၁၂-၂၀၂၄) နေ့တွင် ပျဉ်းမနားခရိုင်တရားရုံးတော်၌ မှတ်ပုံတင်အမှတ် - ၁၂၂/၂၀၂၄ အရ တရားဝင်အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်းနှင့် ကိုမင်းမြတ်ဇော်နှင့်ပတ်သက်၍ မည်သည့်ကိစ္စမျှ ကျွန်ုပ်၏မိတ်ဆွေ မပိုးအိခင်နှင့်မသက်ဆိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - **ဒေါ်ထက်ထက်ဦးမြင့် (LL.B)**
တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၀၁၆၅)
အမှတ် (၅၀)၊ ပ-ထပ်၊ (A-18)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၅၁၈၆၉၂၃

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၁၀/တောင် (၁၃) ရပ်ကွက်၊ ဇေယျဝတီ (၄) လမ်း၊ အမှတ်-၂၁၉၁ (က+ခ) ရှိ (၃) ခန်းတွဲ (၆) ထပ်တိုက်တွင် တည်ရှိသော အခန်းအမှတ် (C/2)၊ ပထမထပ်ဟု ခေါ်တွင်သည့် (၁၂ x၅၅) ပေရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်လက်ရှိထား ပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ရွှေယင်းမာဦး [၁၂/သကတ(နိုင်)၂၀၀၈၂၃] ကိုင်ဆောင်သူမှ ရောင်းချရန် ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေ ဦးသူရဘို [၁၂/စခန (နိုင်) ၀၅၅၅၅၀] မှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေဘက်မှ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသူရဘို၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဖြူဝေဝေအောင် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၂၅၀)**
**စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၇၇၂၉၁၇၇၅၊ ၀၉-၄၅၂၄၁၆၃၀၉**

